မြဝတီ နေ့စဉ်

မှန်မည် ထူးမည်၊ မြန်မည် ဦးမည် အသွင်သစ်နှင့်မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၄၃)

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်
၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၈ ရက်၊ တနင်္လာနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

အိုသည့်တိုင်အောင် အကျင့်သီလရှိခြင်းသည် ချမ်းသာ၏။ ခိုင်မြဲသော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏။ ပညာကိုရခြင်းသည် ချမ်းသာ၏။ မကောင်းမှုတို့ကို မပြုခြင်းသည် ချမ်းသာ၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နောင်ချိုမြို့နယ်တွင် ပဏာမကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းများနှင့် အသက် ၁၅ နှစ်အောက်ကလေးများအား ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်းလုပ်ငန်းများ ပြန်လည်အားဖြည့်ဆောင်ရွက်ပေးလျက်ရှိ



နောင်ချို စက်တင်ဘာ ၇

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများလွှမ်းခြုံမှုတိုးတက်စေရန် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်တွင် ပဏာမကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အောက်ရှိ ကျေးလက်ကျန်းမာရေးဌာနနှင့်ဌာနခွဲ ၂၄ ခု ပြန်လည်ဖွင့်လှစ်ထားရှိပြီး အားဖြည့်ဆောင်ရွက်လျက်ရှိသည်။

နောင်ချိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများက နောင်ချိုမြို့ပေါ်နှင့်အနီးတစ်ဝိုက်ရှိ ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများကို ကွင်းဆင်းပြီး ကျန်းမာရေး

စာမျက်နှာ ၅ ကော်လံ ၁ ●

**ဆောင်းပါး**

ကြံရည်ရွယ်လျက် မလပ်မခြားပြီ မြန်ပြည်အတွက် မရပ်မနားချီ

စာ - ၁၁ သို့

နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ (International Literacy Day)

စာ - ၇ သို့

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံဧက ၁၂၀၀၀၀ ကျော် လျာထားစိုက်ပျိုးမည်

ပွင့်ဖြူ စက်တင်ဘာ ၇

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီရေလွှဲဆည်ရေဖြင့် သီးနှံစုံဧက ၁၂၀၀၀၀ ကျော် လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်း စားရေရိက္ခာဖူလုံပိုလျှံစေရန်နှင့် တောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန်အတွက် သီးနှံစုံ ဧက ၁၂၀၀၀၀ ကျော် စိုက်ပျိုးရန်လျာထားပြီး သီးနှံအလိုက် လျာထားစိုက်ဧကများပြည့်မီအောင်စိုက်ပျိုးနိုင်ရေးအတွက် ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးမည်ဖြစ်သည်။

ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများအခက်အခဲမရှိ အဆင်ပြေစွာစိုက်ပျိုးနိုင်ရန် သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်၍ ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေနှင့် သီးနှံအောင်ရေအလုံအလောက်ရရှိရေး၊ စိုက်နည်းစနစ်များမှန်ကန်စေရေးနှင့် သီးနှံအလိုက် စိုက်ဧကများတိုးချဲ့စိုက်ပျိုးနိုင်ရေးတို့အတွက် စိုက်ပျိုးရေးနှင့်ပတ်သက်သောလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၁၆ ကော်လံ ၄ ➢



## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၈ ရက်)

# ဒစ်ဂျစ်တယ်ခေတ်ကိုလိုက်မီဖို့ စာတတ်မြောက်ရေးမြှင့်တင်စို့

စာတတ်မြောက်ရေးသည် နိုင်ငံတစ်ခုအတွက်၊ လူတစ်ဦးအတွက် အလွန်ပင်အရေးပါလှသည်။ နိုင်ငံချင်းယှဉ်လျှင် စာတတ်မြောက်မှုနှုန်းမြင့်မားသည့်နိုင်ငံကသာနေသကဲ့သို့ လူချင်းယှဉ်လျှင်လည်း စာတတ်မြောက်သူက စာမတတ်မြောက်သူထက်သာလွန်သည်။ အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်များမြင့်မားနေသူသည် စာတတ်မြောက်သူဖြစ်သည်။ စာပေသည် ဘဝခရီးအတွက်မရှိမဖြစ်အရာဖြစ်သည်။ စာပေနှင့်ပတ်သက်လာလျှင် စာမတတ်သူသည် အကန်းနှင့်တူလှသည်။ မျက်မမြင်နေသူသည် ဘာကိုမှမမြင်နိုင်သကဲ့သို့ စာမတတ်သူသည်လည်း လောကအလှ၊ လောက၏တန်ဖိုးများကိုမည်သို့မျှမြင်နိုင်မည်မဟုတ်ပေ။ စာတတ်မြောက်ရေးသည် ကမ္ဘာကြီးအတွက် အလွန်ပင်အရေးကြီးလှသောကိစ္စရပ်တစ်ခုဖြစ်သည့်အတွက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ပေါ်ပေါက်လာခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ပညာရေးကဏ္ဍနှင့်ပတ်သက်၍ မသင်မနေရပညာရေးစနစ်ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် အတည်ပြုပြဋ္ဌာန်းထားခြင်းကိုကြည့်ခြင်းအားဖြင့် ပညာရေးကိုအလေးအနက်ထားကြောင်း ပေါ်လွင်သည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၃၆၆ တွင် "နိုင်ငံသားတိုင်းသည် နိုင်ငံတော်ကချမှတ်ထားသောပညာရေးဆိုင်ရာ မူဝါဒများနှင့်အညီ-(က) ပညာသင်ကြားပိုင်ခွင့်ရှိသည်။ (ခ)ဥပဒေဖြင့်ပြဋ္ဌာန်းသည့် မသင်မနေရအခြေခံပညာများကို သင်ကြားရမည်။ (ဂ) သိပ္ပံပညာစူးစမ်းရှာဖွေမှု၊ စာပေနှင့်အနုပညာ ခေတ်မီတိုးတက်စေရန် တီထွင်ကြံဆဖော်ထုတ်ရေးသားမှုနှင့် ယဉ်ကျေးမှုကိစ္စများတွင် လွတ်လပ်စွာသုတေသနပြုဖော်ထုတ်ဆောင်ရွက်ခွင့်ရှိသည်။" ဟူ၍ ပြဋ္ဌာန်းထားရှိသည်။ ထို့အတူ နိုင်ငံတော်သည် ပညာရည်ထူးချွန်သောနိုင်ငံသားများအား လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ အမျိုးသား၊ အမျိုးသမီးခွဲခြားထားမှုမရှိဘဲ ယင်းတို့၏အရည်အချင်းအလိုက် ချီးမြှောက်ထောက်ပံ့ရမည်ဟူ၍လည်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၈ တွင် ပြဋ္ဌာန်းထားသည်။ အမှန်တကယ်လည်း ပညာရေးကို အားပေးချီးမြှင့်မြှောက်စားလျက်ရှိသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော ယနေ့အချိန်အခါတွင် ပညာမတတ်ခြင်းသည် လူမှုပတ်ဝန်းကျင်တွင် အလွန်ပင်ရှက်ဖွယ်ကောင်းသည့်ကိစ္စရပ်ဖြစ်လာသည့်အတွက် ကျောင်းနေအရွယ်ကလေးအားလုံးကျောင်းအပ်နှံခြင်း၊ ပညာကိုဆုံးခန်းတိုင်သင်ယူနိုင်ရေးအတွက် အခြေခံပညာအလယ်တန်းသင်ယူပြီးသည်နှင့် အထက်တန်းပညာရေး၊ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးဟူ၍ နည်းလမ်းလေးသွယ်ပြပေးထားပြီး မိမိဝါသနာပါရာပညာရေးလမ်းကိုဆက်လက်လျှောက်လှမ်းနိုင်ကြသည်။ ထို့ပြင် ပညာရေးနှင့်ပတ်သက်၍ ကျောင်းပြင်ပပညာရေးကိုလည်း အကောင်အထည်ဖော်ပေးလျက်ရှိသည်။ ကျောင်းပြင်ပပညာရေးဆိုသည်မှာ နိုင်ငံအတွင်းရှိပြည်သူများသည် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းနေအရွယ်တွင် မူလတန်းပညာကို ပြီးဆုံးအောင်မသင်ကြားခဲ့ရသူများ၊ ကျောင်းမနေခဲ့ဖူးသူများနှင့် စာမတတ်သူများအတွက် အသက်အုပ်စုများခွဲခြားသတ်မှတ်ပြီး စာတတ်မြောက်ရေး စဉ်ဆက်ပညာရေးအစီအစဉ်ဖြင့် သင်ကြားပေးရေးဖြစ်သည်။ ဤအစီအစဉ်၏ အနှစ်ချုပ်မှာ စာမတတ်သူပပျောက်ရေးပင်ဖြစ်သည်ဟုဆိုနိုင်သည်။

၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့မှာ စက်တင်ဘာလ ၈ ရက်ဖြစ်ပြီး ဆောင်ပုဒ်မှာ **"ဒစ်ဂျစ်တယ်ခေတ်ကိုလိုက်မီဖို့ စာတတ်မြောက်ရေးမြှင့်တင်စို့"** ဖြစ်သည်။ လူတိုင်းတွင် လက်ကိုင်ဖုန်းကိုယ်စီရှိနေပြီဖြစ်၍ အကြားအမြင်ဗဟုသုတများကိုသိလိုပါလျှင် အဆိုပါဖုန်းကိုသုံးကာ လူမှုကွန်ရက်တွင်ရှာဖွေနိုင်သည်။ ထို့ကြောင့် ယနေ့ခေတ်ကို ဒစ်ဂျစ်တယ်ခေတ်ဟုတင်စားထားကြရာ အဆိုပါခေတ်နှင့်အညီ အသိအမြင်ကြွယ်ဝရေးမှာ စာတတ်မြောက်ရေးကို မြှင့်တင်ပေးခြင်းပင်ဖြစ်သည်ဟု ဆိုလိုရင်းဖြစ်သည်။ စာတတ်မြောက်သူများပြားရေးအတွက် စာမတတ်သူပပျောက်ရေးကို မြန်မာနိုင်ငံသည်အလေးထားဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် စာတတ်မြောက်ရေးကြိုးပမ်းမှုအနေဖြင့် ၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း အခြေခံပညာကို လူတိုင်းသင်ယူရရှိရန်နှင့် စာတတ်မြောက်ရေးလှုပ်ရှားမှုများကို အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် မိတ္ထီလာခရိုင်လုံးကျွတ်စာတတ်မြောက်သည်အထိ ကြိုးပမ်းခဲ့ရာ ၁၉၇၁ ခုနှစ်တွင် မိတ္ထီလာခရိုင်သည် မြန်မာနိုင်ငံ၌ ပထမဆုံးခရိုင်လုံးကျွတ်စာတတ်မြောက်သည့်ဒေသဖြစ်ခဲ့သည်။ ထို့နောက် ၁၉၆၉ ခုနှစ်မှ ၁၉၈၃ ခုနှစ်အတွင်း ရန်ကုန်၊ မန္တလေး၊ မကွေး၊ ပဲခူး၊ ဧရာဝတီတိုင်းနှင့်မွန်ပြည်နယ်တို့တွင် တိုင်းနှင့်ပြည်နယ်လုံးကျွတ် စာတတ်မြောက်ရေးအောင်ပွဲများကျင်းပနိုင်ခဲ့သည်အထိ စာမတတ်သူပပျောက်ရေးလှုပ်ရှားမှုများအောင်မြင်ခဲ့သည်။

မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးလှုပ်ရှားမှုများ အလွန်ပင်အောင်မြင်သည့်အတွက် ယူနက်စကိုအဖွဲ့က စာတတ်မြောက်ရေးအထိမ်းအမှတ်ဆုများအဖြစ် ၁၉၇၁ ခုနှစ်တွင် မိုဟာမက်ရီဇာပလာဗီဆုနှင့် ၁၉၈၃ ခုနှစ်တွင် နိုမာဆုများကိုချီးမြှင့်ခဲ့သည်။ ၁၉၈၈ ခုနှစ် တစ်ယောက်မကျန်စာတတ်ရန်ဟု ကြွေးကြော်လျက် သက်ကြီးစာမတတ်သူများကို ဝိုင်းဝန်းကူညီသင်ကြားပေးခဲ့ရာ ထိုစဉ်ကစာတတ်မြောက်မှုနှုန်းမှာ ၈၀ ဒသမ ၀၄ ရာခိုင်နှုန်းရှိခဲ့သည်။ ယနေ့ကာလတွင်လည်း စာတတ်မြောက်ရေးကို အမျိုးသားရေးတာဝန်ဖြင့် နိုင်ငံတစ်ဝန်းလှုပ်ရှားဆောင်ရွက်လျက်ရှိသည်။ ယခုအခါ တိုးတက်ပြောင်းလဲလာသော နည်းပညာခေတ်တွင် ဒစ်ဂျစ်တယ်နည်းပညာသည် လူသားတို့နှင့်ယှဉ်တွဲလိုက်ပါနေပြီဖြစ်သည်။ ထို့ကြောင့်**"ဒစ်ဂျစ်တယ်ခေတ်ကိုလိုက်မီဖို့ စာတတ်မြောက်ရေးမြှင့်တင်စို့"** ဟူ၍ တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# မြိတ်မြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်အကြောင်းအသိပညာပေးဟောပြော

မြိတ် စက်တင်ဘာ ၇

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြစ်ငယ်ငယ်ရပ်ကွက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ ပညာ့ဗိမာန်ခန်းမ၌ မြိတ်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှကြီးမှူး၍ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အကြောင်းအသိပညာပေးပွဲအခမ်းအနားကို စက်တင်ဘာလ ၆ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးမြင့်သိန်းဦးက ရွေးကောက်ပွဲဆိုင်ရာအကြောင်းအားရှင်းလင်းပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှဦးစီးအရာရှိ ဒေါ်ချိုချိုရီက မြန်မာအီလက်ထရောနစ်မဲပေးစက် အသိပညာများရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်ရွေးကောက်ပွဲကော်မရှင်အတွင်းရေးမှူး ဦးလှိုင်ဘွားက မဲပေးစက်အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ တက်ရောက်လာသူများက အီလက်ထရောနစ်မဲပေးစက်အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးခြင်းများဆောင်ရွက်သည်။

အဆိုပါအခမ်းအနားသို့ မြိတ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသိန်းမင်းနှင့်ဝန်ထမ်းများ၊ မြိတ်ခရိုင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးမြင့်သိန်းဦး၊ အတွင်းရေးမှူးဦးလှိုင်ဘွား၊ မြို့နယ်ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမောင်အပါအဝင် ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်ခုနစ်ဦးနှင့်တာဝန်ရှိသူများ တက်ရောက်ကြကြောင်းသိရသည်။ (၄၁၂)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၈-၉-၂၀၂၅(တနင်္လာနေ့)

| | |
|---|---|
| ၁။ ၀၉:၀၀ Sport News | ၄။ ၁၆:၄၀ I Music |
| ၂။ ၁၁:၅၀ ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် | ၅။ ၁၈:၂၀ ဂုဏ်ယူအလွမ်း |
| ၃။ ၁၅:၀၀ Jumping For You | ၆။ ၂၂:၂၀ Goodnight Listeners |

## MWD Education, Knowledge & Sports Channel

၈-၉-၂၀၂၅(တနင်္လာနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၃၅ | Grade - 6 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၆:၁၅ | Grade - 6 | အင်္ဂလိပ်စာ၊ သင်္ချာ(၁)၊ သင်္ချာ(၂) |
| ၃။ | ၁၆:၁၅ - ၁၇:၁၅ | Grade - 6 | ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ |
| ၄။ | ၁၇:၁၅ - ၁၈:၀၀ | Grade - 3 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၅။ | ၁၈:၀၀ - ၁၉:၃၀ | Grade - 3 | သင်္ချာ၊ လူမှုရေး၊ သိပ္ပံ |


မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂။
ဖြန့်ချီရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချီရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နှမ်းဧက ၁၅၀၀၀ ကျော် စိုက်ပျိုးမည်



ပွင့်ဖြူ စက်တင်ဘာ ၇

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် နှမ်း ၁၅၇၄၂ ဧက စိုက်ပျိုးမည်ဖြစ်ပြီး သတ်မှတ်စိုက်ဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ရန် ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးမည် ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

"လာမယ့်ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း နှမ်းဧက ၁၅၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ သတ်မှတ်စိုက်ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ တောင်သူတွေကို လိုအပ်တာတွေ ပံ့ပိုးကူညီဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ စိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့နဲ့ အထွက်နှုန်းကောင်းတဲ့နှမ်းမျိုးတွေစိုက်ပျိုးနိုင်ဖို့ကိုလည်း သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်မှာဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ လာမည့်ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် နှမ်းအပါအဝင် ဆီထွက်သီးနှံစုံ ၃၄၉၅၁ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဆီထွက်သီးနှံစိုက်ပျိုးတောင်သူများကို လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်စေရေး၊ ပိုးမွှားရောဂါကင်းရှင်းစေရေး၊ GAP နည်းစနစ်ဖြင့်စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်သည်။

နှမ်းကို ပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုကို ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး တောင်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းအပါအဝင် ဆီထွက်သီးနှံများဖြစ်သည့် နေကြာ၊ မြေပဲတို့ကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ဒေသမရွေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ရန်ကုန်တိုင်းဒေသကြီး၌ ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို ၉၅ ရာခိုင်နှုန်းကျော် လွှမ်းခြုံဆောင်ရွက်နိုင်ခဲ့

ရန်ကုန် စက်တင်ဘာ ၇

ရန်ကုန်တိုင်းဒေသကြီး၌ ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို ၉၅ ရာခိုင်နှုန်းကျော်လွှမ်းခြုံဆောင်ရွက်နိုင်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း နှစ်နှစ်ခြားတစ်ကြိမ် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုမြင့်တက်လေ့ရှိပြီး ယခုနှစ်တွင် မိုးရာသီသို့ စတင်ဝင်ရောက်လာချိန်မှစ၍ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူဦးရေမြင့်တက်လာသည်နှင့်တစ်ပြိုင်နက် အထူးစီမံချက်များချမှတ်ကာ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကိုအရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့သည်။

"ရန်ကုန်တိုင်းဒေသကြီးအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုအများဆုံးလတွေဖြစ်တဲ့ ဇွန်လ၊ ဇူလိုင်လနဲ့ ဩဂုတ်လတွေမှာ အထူးစီမံချက်တွေချမှတ်ပြီး ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ ဇူလိုင်လ ၂၁ ရက်ကနေ ၃၀ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး မြို့နယ်အားလုံးမှာရှိတဲ့ ရပ်ကွက်တွေမှာ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းတွေ၊ အဘိတ်ဆေးခတ်တဲ့လုပ်ငန်းတွေ၊ ခြင်ဆေးဖျန်းတဲ့လုပ်ငန်းတွေကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ပါတယ်။ လွှမ်းခြုံဆောင်ရွက်နိုင်မှုအနေနဲ့ ၉၅ ရာခိုင်နှုန်းကျော်ရှိပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာပွင့်ဖြူဖြူကပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အထူးသဖြင့် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုနှုန်း အများဆုံးမြို့နယ်များဖြစ်သော ဒဂုံ(တောင်ပိုင်း)၊ သန်လျင်၊ ဒဂုံ(ဆိပ်ကမ်း)၊ ထန်းတပင်၊ မင်္ဂလာဒုံ၊ ကျောက်တန်း၊ လှိုင်သာယာ စသည့်မြို့နယ်တို့၌ အထူးအလေးထားဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သက်ဆိုင်ရာမှ ထုတ်ပြန်သောစာရင်းများအရ ယခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဇူလိုင်လကုန်အထိ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၇၅၀ ရှိသည့်အနက် သေဆုံးသူ ၁၃ ဦးရှိခဲ့ကြောင်းနှင့် ဩဂုတ်လကုန်အထိ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၂၀၀၀ ကျော်ရှိကာ သေဆုံးသူ ၁၅ ဦးရှိခဲ့ကြောင်း သိရသည်။

**ဆောင်းဦး**

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဩဂုတ်လအတွင်း ပုစွန်ပိဿာအများအပြား တင်ပို့ရောင်းချနိုင်ခဲ့



ဒေးဒရဲ စက်တင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဩဂုတ်လအတွင်း ပုစွန်ပိဿာအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်တင်တင်ဌေး၏ပြောပြချက်အရ သိရသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဩဂုတ်လ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း ပုစွန်ပိဿာ ၆၆၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ထွက်ရှိသည့်ပုစွန်များကို ရေထွက်ကုန်လုပ်ငန်းလုပ်ကိုင်သူများကဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ဒေးဒရဲမြို့နယ်က ရေထွက်ကုန်အများစုကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ဩဂုတ်လအတွင်း ပုစွန်ပိဿာ ၆၆၀၀၀ အထိတင်ပို့ရောင်းချခဲ့ရပါတယ်။ ပုစွန်အပါအဝင် ရေထွက်ကုန်တွေ ကုန်ချိန်များများ တင်ပို့ရောင်းချနေရတာကြောင့် ရေထွက်ကုန်ပစ္စည်း တင်ပို့ရောင်းချတဲ့လုပ်ငန်းလုပ်ကိုင်သူတွေ အလုပ်အကိုင်အခွင့်အလမ်းကောင်းလာပါတယ်။ ဒီဒေသက ရေထွက်ကုန်တွေကို ကုန်တင်ကားတွေနဲ့ အများဆုံးတင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချရတာလည်း အခက်အခဲမရှိပါဘူး"ဟု ဒေါ်တင်တင်ဌေးကပြောသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပုစွန်များလတ်ဆတ်မှုပေါ်မူတည်ပြီး ဈေးနှုန်းအသီးသီးရှိကြောင်း သိရသည်။

**သုတကျော်**



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

ယမန်နေ့မှအဆက်

## ကျန်းမာရေးဂရုစိုက်ခြင်း

ကျွန်ုပ်၏ တစ်သက်တာရည်မှန်းချက်မှာ အခါခပ်သိမ်း ငြိမ်းချမ်းကြည်လင်သော စိတ်နှလုံးရှိနေရေးပင်ဖြစ်ရာ ထိုအတွက် မိမိ၏စိတ်ကို ဗုဒ္ဓ၏အဆုံးအမတော်အတိုင်း တတ်အားသရွေ့ အလေ့အကျင့်ပြုလုပ်ခဲ့ပါသည်။ သို့ရာတွင် ဤငြိမ်းချမ်းကြည်လင်မှုရှိနေရေးမှာ ကျန်းမာသောကိုယ်ရှိမှ ဖြစ်နိုင်ခြင်းကို နားလည်သည်ဖြစ်၍ ကျန်းမာရေးကိုလည်း ဂရုစိုက်ပါသည်။ များစွာသောလူတို့သည် မိမိတို့၏ ကြီးပွားရေး၊ စီးပွားရေးအတွက် အများဆုံးအလေးပေး၍ ဂရုစိုက်တတ်ကြသည်ဖြစ်ရာ ကျွန်ုပ်မူကား စိတ်ငြိမ်းချမ်းရေးနှင့် ကိုယ်ကျန်းမာရေးကို အများဆုံးအလေးပေးသူတစ်ယောက်ဖြစ်၏။ မည်သူမဆို မိမိတို့အလေးပေးသည့်ဘက်၌ ထွန်းကားတတ်ခြင်းမှာ ယေဘုယျသဘာဝဖြစ်လေရာ ကျွန်ုပ်မှာ စီးပွားရေးနှင့် ကြီးပွားရေးဘက်တွင် တချို့လူများကဲ့သို့ မထွန်းကားသော်လည်း ကိုယ့်ဘာသာကိုယ် ရောင့်ရဲကျေနပ်ရုံသာမက ထိုသူတို့နှင့်လည်း အခြေအနေချင်း မလဲနိုင်ပါ။ ကျန်းမာရေးအတွက် ဂရုစိုက်ရာ၌လည်း ကျွန်ုပ်သည် အသက်ရှည်လိုလှသောကြောင့်မဟုတ်၊ အသက်ရှင်နေခိုက်တွင် ဖျတ်ဖျတ်လတ်လတ် ပေါ့ပေါ့ပါးပါး သွားသွားလာလာနေနိုင်ရေးအတွက်မျှလောက်ကိုသာ ရည်ရွယ်ပါသည်။ ဤသည်မှာ လက်ရှိ၍ ရေးခြင်းမဟုတ်။ ကျွန်ုပ်၏ အသက်တာတွင် (ဝမ်းဝခါးလှသည်ဆိုလျှင်) စီးပွားရေးအတွက်ထက် ကျန်းမာရေးအရာကို ပို၍ဂရုစိုက်သူဖြစ်ပါသည်။ ဥပမာဆိုသော် ကျွန်ုပ်သည် ကျန်းမာရေးအတွက် နံနက်တိုင်း ၄ နာရီထခဲ့သည့် နှစ်ပေါင်းအတော်များခဲ့ပြီဖြစ်ရာ စီးပွားရေးအတွက်ဆိုပါက ဤမျှလောက် နှစ်ရှည်လများ ကြိုးစားလိမ့်မည်မဟုတ်ပါ။ အသက်ရှည်ခြင်းနှင့်ပတ်သက်၍မူ ကျွန်ုပ်သည် အထိုက်အလျောက် ရှည်ချင်သည် မှန်သော်လည်း လူပုံထဲတွင် အသုဘကောင်ကြီးအနေဖြင့် ဝင်ရသည့် လူအိုကြီးတစ်ယောက်အဖြစ်လည်းကောင်း၊ လူထဲသို့ဝင်မကောင်းဘဲ လူရာမဝင်သော ဇရာအိုကြီးအဖြစ်၌လည်းကောင်း ကြာရှည်စွာတည်နေရခြင်းမျိုးကို တောင့်တခြင်းမရှိပါ။ လူအိုတစ်ယောက်သည် သားသမီးများကပင် ရွံ့ချင်လာကြသောအဖြစ်၌ တည်နေရခြင်းအားဖြင့် အကျိုးမများ၊ သေချိန်တန်လျှင် သေရသောလူ၏အဖြစ်သည် မြတ်သည်ဟု ယူဆသူတစ်ယောက်ဖြစ်ပါသည်။ ဂေါတမဗုဒ္ဓသည် မိမိ၏ လုံ့လပယောဂအစွမ်းဖြင့် အသက် ၁၀၀ ပြည့်အောင် (အာယုကပ်တစ်ကပ်မျှ) အသက်ရှင်နေလိုက နေနိုင်သည်ဆိုပါလျက် အသက် ၈၀ အရွယ်တွင် အာယုသင်္ခါရ လွှတ်တော်မူသည်ဆိုခြင်းမှာ လွန်စွာသဘာဝကျသည်ဟု ကျွန်ုပ်ယုံကြည်သည်။ အသက် ၇၂ နှစ် ပြည့်တော့မည်ဖြစ်သော ယနေ့အချိန်တွင် ရွယ်တူချင်းအနက်မှ ကျွန်ုပ်ထက်လျင်မြန်ဖျတ်လတ်သူ ရှားလိမ့်မည်ထင်သော်လည်း ဂေါတမဗုဒ္ဓ၏ အရွယ်တော်သည် ဘဝဇာတ်သိမ်းဖို့ အကောင်းဆုံးသောအရွယ်ပေတကားဟု စဉ်းစဉ်းစားစားနှင့် သဘောကျလျက်ရှိပါသည်။



## လမ်းလျှောက်ခြင်း အလေ့

၁၉၄၁ ခုနှစ်တွင် သူရိယတိုက်အုပ် ဦးဘကလေးနှင့် ကျွန်ုပ်သည် ရန်ကုန်-မန္တလေးသို့ ရထားဖြင့် ခရီးအတူသွားကြစဉ် စကားစပ်မိကြ၍ လမ်းလျှောက်ခြင်းအကြောင်း ပြောကြ၏။ ဦးဘကလေးက သူသည် လွန်ခဲ့သော ၁၅ နှစ်ခန့်လောက်ကတည်းက နံနက်စောစောကြီး လမ်းလျှောက်ခဲ့ကြောင်း၊ မည်မျှလောက် မိုးသည်းထန်သည်ဖြစ်စေ (၎င်း ၁၅ နှစ်အတွင်း) တစ်ရက်မျှ မပျက်ခဲ့ဖူးကြောင်း ပြောပြ၏။ ထိုအခါ ကျွန်ုပ်က ''နေမကောင်းထိုင်မသာဖြစ်လျှင်ကောဗျာ"ဟု မေးကြည့်ရာ "ကျွန်တော်မှတ်မိသလောက် ဒီအချိန်အတွင်းမှာ တစ်ခါမှ မဖျားဖူးဘူးဗျ" ဟု ပြန်ပြောလေသည်။ ဤတွင် ကျွန်ုပ်အလွန်အံ့ဩ၍ သူနှင့်ကျွန်ုပ် သိကျွမ်းလာခဲ့ကြသည့် (၁၉၁၇-၄၁ ခုနှစ်) ၂၄ နှစ်မျှသော အချိန်ကာလကို ပြန်လည်သုံးသပ်ရာ ဦးဘကလေး နေမကောင်း၍ အလုပ်ပျက်သည်ဆိုခြင်းကို ကျွန်ုပ် တစ်ကြိမ်မျှ မမှတ်မိခြင်းကို ဝန်ခံပါသည်။ ရထားပေါ်၌ သူနှင့်စကားပြောစဉ် ကျွန်ုပ်လမ်းလျှောက်ခြင်း လေ့ကျင့်လာသည်မှာ တစ်နှစ်ကျော်ကျော်မျှသာ ရှိသေးပေရာ သူ၏စကားကို ကျွန်ုပ် ကြားရသောအခါ၌ ကျွန်ုပ်သည်လည်း သူကဲ့သို့ပင် ရက်မှန်မှန် လမ်းလျှောက်ဖို့ ကြိုးစားမည်ဟု သန္နိဋ္ဌာန်ချလိုက်မိပါသည်။ တစ်ဖန် ၁၉၄၇ ခုနှစ်တွင် ကျွန်ုပ်သည် ရန်ကုန်သို့ ရောက်သွား၍ သမာဓိသတင်းစာတိုက်ဖြစ်သော ဦးဘကလေး၏နေအိမ်သို့ သွားရောက်တွေ့ဆုံရာ ဦးဘကလေးမှာ ၁၉၄၅ ခုနှစ်လောက်က မော်တော်ကား မှောက်ခြင်းကြောင့် ပေါင်ကျိုးသွားပြီး လမ်းမလျှောက်နိုင်ရှာဘဲရှိနေခြင်းကို ဝမ်းနည်းစွာ တွေ့ခဲ့ရလေ၏။ ထို့နောက် တစ်နှစ်ခန့်မျှအတွင်း၌ပင် ဦးဘကလေးကွယ်လွန်ကြောင်း ကြားသိရပါသည်။ ဤတွင် ကျွန်ုပ် ချက်ချင်းသတိရမိသော အခြင်းအရာတစ်ခုသည်ကား ဦးဘကလေးသည် လမ်းလျှောက်မှန်လှခြင်းကြောင့် တအံ့တဩ ကျန်းမာလာခဲ့သည်။ သူသည် လမ်းမလျှောက်နိုင်သော အခြေအနေတွင် ကြာရှည်စွာ အသက်မရှင်ဘဲ သေဆုံးရသည်။ ကျွန်ုပ်၏ကောက်နုတ်ချက်ကား လမ်းမှန်မှန်ကြီး လျှောက်ဖို့ အလေ့အကျင့်ပြုလုပ်ထားသူများသည် (အကြောင်းတစ်စုံတစ်ရာကြောင့်) လမ်းမလျှောက်ဘဲနေရသောအခါ၌ မြန်မြန်သေတတ်သည်ဟူ၍ပင် ဖြစ်၏။ မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ ကျွန်ုပ်သည် ဤအယူအဆကို အလွန်သဘောကျသည်ဖြစ်၍ ထိုအချိန်မှစပြီး လမ်းလျှောက်သောအလေ့ကို ကြာရှည်စွာ အပျက်မခံတော့ဘဲ ရက်မှန်ရုံမက အချိန်ပါမှန်ဖို့ ကြိုးစားပါတော့သည်။

သို့ဖြစ်၍ ၁၉၄၈ ခုနှစ် မေလ ၃၁ ရက်နေ့၌ မအမာ၏ဖခင် ဦးထင်နှင့် စကားစမိကြ၍ နံနက်တိုင်း အတူလမ်းလျှောက်ကြဖို့ သန္နိဋ္ဌာန်ချလိုက်ကြ၏။ ကျွန်ုပ်တို့သည် မိုးရွာမရှောင်၊ လေတိုက်မရှောင် လျှောက်ကြဖို့ ကတိထားကြသည့်အတိုင်း မှန်မှန်ကြီး လမ်းလျှောက်ကြရာ ၁၉၅၁ ခုနှစ်လောက်တွင် ဆရာလွင်နှင့် တခြားလူသုံးလေးယောက်ပင်လိုက်ပါကြသေး၏။ သို့ရာတွင် ထိုလူများသည် ကျွန်ုပ်တို့ကဲ့သို့ ခွဲကောင်းသူများမဟုတ်သည်နှင့် တဖြည်းဖြည်းတွင် ပြုတ်ကုန်ကြပါလေတော့သည်။ ၁၉၅၅ ခုနှစ်လောက်မှစ၍မူ မန္တလေး မြူနီစီပယ်အခွန်ဝန် (ယခုပင်စင်စား) ဦးလူကလေးသည်လည်း ကျွန်ုပ်တို့နှင့်အတူ လမ်းလျှောက်ဖော်ရလာခဲ့သည်ဖြစ်၍ တခြားသောလမ်းလျှောက်သမားများက (ကျွန်ုပ်တို့သုံးယောက်၏ မှန်မှန်ကြီးတွဲခြင်းကို မြင်ကြသောကြောင့်ထင်) သူရဲကောင်းသုံးယောက် (Three Musketeers) ဟု ခေါ်စပြုလာကြလေသည်။

## ဝမ်းချုခြင်း

လမ်းလျှောက်ခြင်းသည် ကျန်းမာရေးအတွက် ကျွန်ုပ်အဖို့ အလေ့အမှန်တစ်ခုဖြစ်လာသည့်နည်းတူ ဝမ်းချုခြင်းသည်လည်း ဒုတိယအလေ့တစ်ခုဖြစ်လာ၏။ ၁၉၄၅ ခုနှစ်၌ ကျွန်ုပ်သည် အမေရိကန်ပြည်ထုတ် ကျန်းမာရေးစာအုပ်တစ်အုပ်ကို သဘောကျ၍ "အာဟာရဖြင့် ကျန်းမာအောင်လုပ်နည်း" ဟူသော အမည်ဖြင့် ဘာသာပြန်ဆိုခဲ့၏။ ယင်းစာအုပ်တွင် ဝမ်းချုခြင်း၏ အကျိုးကျေးဇူးများ ဖော်ပြပါရှိသည်နှင့် ကျွန်ုပ်ကိုယ်တိုင်စမ်းကြည့်ရာ အကျိုးများကြောင်း တွေ့ရပါသည်။ ထိုနှစ်မှစ၍ ကျွန်ုပ်နှင့် ဦးထင်တို့သည် နေ့စဉ် ရေအေးနှင့် ဝမ်းချုခြင်းအလုပ်ကို ယနေ့တိုင် ယုံယုံကြည်ကြည်နှင့် မှန်မှန်ကြီး လိုက်နာဆောင်ရွက်လျက်ရှိကြ၍ ကြာလေ အကျိုးများကြောင်းတွေ့ရသည်နှင့် ကြာလေယုံကြည်လေ ရှိနေကြပါတော့သည်။ အာဟာရဖြင့် ကျန်းမာအောင်လုပ်နည်းစာအုပ်ကို ဖတ်ရ၍ လိုက်နာပြုလုပ်သဖြင့် အကျိုးများလှပါသည်ဆိုသောစာများသည် ဤနှစ်များအတွင်း မြောက်မြားစွာ လက်ခံရရှိ၏။ ကျွန်ုပ်ကိုယ်တိုင်အဖို့မှာမူ တစ်ခါစွဲကပ်လျှင် ပျောက်ဖို့အလွန်ခဲယဉ်းသည့် နှင်းခူနာကြီး ရှင်းရှင်းပျောက်သွား၍ ဦးထင်အဖို့မှာလည်း ဝမ်းဗိုက်နှင့် ရင်ဘတ်တစ်ပြင်လုံးတွင် ကျရောက်သည့် ဆင်ညှင်းကြီး ပျောက်ကင်းသွားလေသည်။ ကျွန်ုပ်တို့နှစ်ယောက်မှာ သွားလေရာအရပ်သို့ ဝမ်းချုပုံးဆောင်သွားကြသည်ချည်းဖြစ်၏။ ၁၉၅၂ ခုနှစ်က တရုတ်ပြည်သို့ ကျွန်ုပ်သွားခဲ့ရာတွင် ဝမ်းချုပုံးကိုမထားခဲ့ဘဲ သုံးလေးရက်သွားရသည့်ရထားပေါ်၌ပင် ကတ်ကတ်သတ်သတ်ချုခဲ့လေသည်။ အတူသွားကြသော ကိုယ်စားလှယ်တော်များသည်လည်း ကျွန်ုပ်၏ ဝမ်းချုပုံးအကြောင်းကို ဘယ်ကကြားကြသည်မသိ။ ခေါင်းခဲလည်နာဖြစ်တိုင်း ကျွန်ုပ်ထံ ဝမ်းချုပုံးငှားရန် လာကြလေသည်။ ဦးထင်နှင့်ကျွန်ုပ်တို့၏ ယုံကြည်ချက်မှာ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်သည် အအေးမိခြင်း စသော အသေးအဖွဲရောဂါမျိုးကို ခုခံရန်မတတ်နိုင်ဘဲ ရှိချင်ရှိမည်။ သို့သော် ကျွန်ုပ်တို့၏ သွေးသားစင်ကြယ်မှုကြောင့် သွေးသားထဲတွင် နှစ်ရှည်လများ အခြေတည်ပြီးမှ ဖြစ်ပေါ်လာရသည့် ကင်ဆာ၊ တီဘီ အစရှိသော ရောဂါမျိုးမူကား မစွဲကပ်နိုင် (ဝါ) အခြေမတည်နိုင်ဟူ၍ လှိုက်လှဲစွာ ယုံကြည်စိတ်ချလျက်ရှိကြပါသည်။ ကျွန်ုပ်တို့၏ယုံကြည်ချက်သည် သဘာဝကျသည်ထင်သောကြောင့် အတော်အတန်ဆရာဝန်များ တွန်းလှန်ဖြိုဖျက်ခြင်းငှာ မစွမ်းနိုင်ဟု အသည်းစွဲယုံကြည်လျက်ရှိကြပါသည်။

ဆက်လက်ဖော်ပြပါမည်။

---

# ကျေးသီးမြို့နယ်၌ နိုင်ငံတကာစာတတ်မြောက်ရေးနေ့(အကြို) အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသခြင်းဆောင်ရွက်

ကျေးသီး စက်တင်ဘာ ၇

ရှမ်းပြည်နယ်(တောင်ပိုင်း)ကျေးသီးမြို့နယ်၌ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ (အကြို) အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသခြင်းကို စက်တင်ဘာလ ၆ ရက်က အခြေခံပညာမူလတန်းလွန်ကျောင်း(လုံပု)၌ ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းယဉ်က နေ့ထူးနေ့မြတ်များအကြောင်း ဗဟုသုတရရှိစေရန်၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ပတ်သက်သည့် အသိပညာဗဟုသုတများ၊ လူငယ်ရေးရာ အသိပညာဗဟုသုတဆိုင်ရာများ၊ လူငယ်နှင့်မူးယစ်ဆေးဝါး အန္တရာယ်အကြောင်း သိကောင်းစရာများ၊ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ သိကောင်းစရာများ၊ ကျောင်းသားလူငယ်များအား ကျောင်းစာအပြင် ပြင်ပဗဟုသုတများရရှိစေရန်နှင့် စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် အသိပညာပေးဟောပြောသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အသိပညာပေးနံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ချမ်းမြေ့




### ၂၀၂၅ ခုနှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ရည်ရွယ်ချက်(၄)ရပ်

- ❖ လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- ❖ လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- ❖ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထု တစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်။

# တောင်ကြီးမြို့၌ ၂၀၂၅ ခုနှစ်၊ ရှမ်းပြည်နယ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲပြုလုပ်




ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်နိုင်ဇော်ဦးနှင့်တာဝန်ရှိသူတို့က ၂၀၂၅ ခုနှစ်၊ ရှမ်းပြည်နယ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၇**

၂၀၂၅ ခုနှစ်၊ ရှမ်းပြည်နယ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲအား ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်ရှိ တောင်ကြီးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ပြုလုပ်ရာ အခမ်းအနားသို့ ရှမ်းပြည်နယ် ဝန်ကြီးချုပ်ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်နိုင်ဇော်ဦး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ ပြိုင်ပွဲဝင်များ၊ ဝါသနာရှင်များ၊ အကဲဖြတ် ပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး နှင့်တာဝန်ရှိသူတို့က ၂၀၂၅ ခုနှစ်၊ ရှမ်း ပြည်နယ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာ စကားပြောကြားသည်။ ယင်းနောက် တောင်ကြီးတက္ကသိုလ်မှ ကျောင်းသူ တစ်ဦးက မြတစ်ခက်သီချင်းဖြင့်လည်း ကောင်း၊ ဓနုစာပေနှင့်ယဉ်ကျေးမှုအဖွဲ့က ဓနု တိုင်းရင်းသားရိုးရာအကဖြင့်လည်းကောင်း၊ ဆိုင်းဝိုင်းကြီးအဖွဲ့ လိုက်ဖြင့်လည်းကောင်း အသီးသီးဖျော်ဖြေတင်ဆက်ကြရာ ပြည်နယ် ဝန်ကြီးချုပ်မှ ဖျော်ဖြေတင်ဆက်ကြသူများ အား ဂုဏ်ပြုဆုငွေများချီးမြှင့်ပေးအပ်သည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တိုင်းမှူး တို့က ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြော ကြားသည်။

အဆိုပါ ၂၀၂၅ ခုနှစ်၊ ရှမ်းပြည်နယ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအား ယနေ့မှ စက်တင်ဘာလ ၈ ရက်နေ့အထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိ သည်။ (၁၀၀)

**● ရှေ့ဖုံးမှအဆက်**

ပညာပေးခြင်းလုပ်ငန်း၊ ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်း၊ ကျောင်း ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ပေး ခြင်းနှင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေး ခြင်းလုပ်ငန်းအား ပြန်လည်အားဖြည့် ဆောင်ရွက်ရန်အတွက် Big Catch-up၊ Routine Catch-up နည်းလမ်းများဖြင့် အမီလိုက်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေး ခြင်းလုပ်ငန်းများ၊ အသက် ၁၅ နှစ်အောက် ကလေးများအား လိုအပ်သောကာကွယ် ဆေးများအား အထူးအစီအစဉ်ဖြင့်ကာကွယ် ဆေးထိုးနှံတိုက်ကျွေးရေး လုပ်ငန်းများ (Special Immunization Activities)၊ ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများဖြစ်ပွားချိန်တွင် တုံ့ပြန်ကာကွယ် ဆေး ထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများ (Outbreak Response Immunization) စသည့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းများကို ကလေးတိုင်းဆီရောက် ရှိအောင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက် လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၅ ရက်မှ စက်တင်ဘာလ ၆ ရက် အထိ နောင်ချိုမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်း များက နောင်ချိုမြို့ပေါ်နှင့်ကျေးရွာများရှိ ကျောင်းပေါင်း (၇၆) ကျောင်းနှင့် ကျောင်း သားပေါင်း ၁၂၁၇၈ ဦးအား ကျန်းမာရေး စစ်ဆေးပေးခြင်းနှင့်ကျန်းမာရေးအသိပညာ ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး မြို့ပေါ်နှင့် ကျေးလက်ကျန်းမာရေးဌာန များတွင် ဒေသခံတိုင်းရင်းသားပြည်သူ စုစုပေါင်း ၂၄၁၉ ဦးကို လိုအပ်သောကျန်းမာ ရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ သည်။

အလားတူ ကာကွယ်ဆေးထိုးနှံတိုက် ကျွေးခြင်းလုပ်ငန်းအား ပြန်လည်အားဖြည့် ဆောင်ရွက်လျက်ရှိပြီး အသက်ငါးနှစ် အောက်ကလေးငယ်များအား ငါးမျိုးစပ် ကာကွယ်ဆေး၊ ဝက်သက်-ဂျိုက်သိုးရောဂါ ကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး၊ ပိုလီယိုရောဂါကာကွယ်ဆေး (အစက်ချဆေး၊ ထိုးဆေး) တို့ကိုလည်း ကောင်း၊ အသက်ငါးနှစ်မှ ခုနစ်နှစ်အရွယ် ကလေးများအား ဆုံဆို့-မေးခိုင် ရောဂါ ကာကွယ်ဆေး၊ ဝက်သက်-ဂျိုက်သိုးရောဂါ ကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင် ရောဂါကာကွယ်ဆေး၊ ပိုလီယိုရောဂါ ကာကွယ်ဆေး (အစက်ချဆေး)တို့ကို လည်းကောင်း၊ အသက်ခုနစ်နှစ်မှ ၁၅ နှစ်အရွယ်ကလေးများအား မေးခိုင်-ဆုံဆို့ ရောဂါကာကွယ်ဆေး၊ ဝက်သက်-ဂျိုက်သိုး ရောဂါကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင် ရောဂါကာကွယ်ဆေးတို့ကိုလည်းကောင်း ထိုးနှံတိုက်ကျွေးပေးလျက်ရှိရာ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၅ ရက်မှ စက်တင်ဘာလ ၆ ရက် အထိ ကလေးစုစုပေါင်း ၁၂၀၉၇ ဦးကို လိုအပ် သောကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေး ပေးနိုင်ခဲ့သည်။

ထို့အတူ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၀ ရက်မှစ၍ နောင်ချိုမြို့ “မြနန်းတော်ဝင်” မင်္ဂလာခန်းမ၌ ယာယီဆေးရုံဖွင့်လှစ် ပြီး ဒေသခံတိုင်းရင်းသားပြည်သူများ အား ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ သည်။

ထို့နောက် မြို့နယ်ပြည်သူ့ဆေးရုံကို ၂၀၂၅ ခုနှစ် ဩဂုတ်လ ၂ ရက် နံနက်ပိုင်းမှစ၍ ပြန်လည်ဖွင့်လှစ်ပြီး လူနာများအား လက်ခံ ကုသပေးခြင်းနှင့် အရေးပေါ်ခွဲစိတ်ကုသ ပေးခြင်းလုပ်ငန်းများဆောင်ရွက်ပေးလျက် ရှိရာ ထိုဒေသအနီးတစ်ဝိုက်မှ ဒေသခံ တိုင်းရင်းသားပြည်သူများလာရောက်ကုသ မှုခံယူလျက်ရှိကာ ဇူလိုင်လ ၂၀ ရက်မှ စက်တင်ဘာလ ၆ ရက်အထိ နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံတွင် ပြင်ပလူနာ ၃၄၅၀ နှင့် အတွင်းလူနာ ၃၇၈ ဦးကို လိုအပ်သော ကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# မွန်ပြည်နယ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(အဆင့်မြင့်ပညာအဆင့်)ဖွင့်ပွဲအခမ်းအနားကျင်းပ

**မော်လမြိုင် စက်တင်ဘာ ၇**

မွန်ပြည်နယ် (၂၆)ကြိမ်မြောက် မြန်မာ့ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(အဆင့်မြင့်ပညာအဆင့်)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်တက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားကို မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်တွင် ကျောင်းသား၊ ကျောင်းသူ များသည် ပညာရေးတွင်သာ ထူးချွန်ရုံမျှ မကဘဲ အနုပညာဘက်တွင်လည်း ဘက်စုံ တော်သည့် မျိုးဆက်သစ်အနုပညာရှင်များ ပေါ်ထွန်းလာစေရန် ယခုကဲ့သို့ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများ ကျင်းပပေးရခြင်းဖြစ်ကြောင်း၊ ပါဝင်ယှဉ်ပြိုင်ကြမည့် မျိုးဆက်သစ်လူငယ် များအနေနှင့် အနုသုခုမပညာဖြင့် အနှစ် သာရရှိရှိ အားထုတ်ကြိုးပမ်းယှဉ်ပြိုင်သွား ကြရန်နှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲ ကြီးတွင် ပြည်နယ်အတွက် အောင်မြင်မှု ဆုတံဆိပ်များ ပိုမိုရရှိနိုင်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ် (၂၆)ကြိမ်မြောက် မြန်မာ့ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(အဆင့်မြင့်ပညာအဆင့်)တွင် မော်လမြိုင်တက္ကသိုလ်၊ သူနာပြုသင်တန်း ကျောင်း၊ သားဖွားသင်တန်းကျောင်း၊ ပညာရေးဒီဂရီကောလိပ်တို့၌ ပြိုင်ပွဲဝင် များက အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်း အကပြိုင်ပွဲနှင့် အရေးပြိုင်ပွဲများဝင်ရောက် ယှဉ်ပြိုင်မှုကိုကြည့်ရှုအားပေးကာ ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်း နှီးနှီးလိုက်လံအားပေးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

# ကန့်ဘလူမြို့နယ်၌ ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာရောစပ်ကြဲပက်ခြင်းနှင့် ကွင်းသရုပ်ပြပွဲကျင်းပ


ကန့်ဘလူ စက်တင်ဘာ ၇

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ် အမှတ်(၃)ရပ်ကွက်ရှိ တောင်သူဦးသောင်းငွေ၏ အောင်နိုင်တိုး စပါး သုံးဧကစိုက်ခင်း၌ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာ ရောစပ်ကြဲပက်ခြင်း၊ ကြားလိုက်တမန်းနှိုး ကွင်းသရုပ်ပြပွဲကို စက်တင်ဘာလ ၆ ရက်က ကျင်းပရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

အဆိုပါကွင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးဇော်က တောင်သူများအနေဖြင့် ဓာတ်မြေသြဇာလေလွင့်ဆုံးရှုံးမှုမရှိစေရန်၊ သဘာဝမြေသြဇာကို အကျိုးရှိစွာအသုံးပြုလာနိုင်စေရန်၊ ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာကို ရောစပ်အသုံးပြုခြင်း အကျိုးကျေးဇူးများကိုသိရှိနိုင်စေရန်၊ တောင်သူများ တွင်ကျယ်စွာအသုံးပြုလာနိုင်စေရန်၊ ကြားလိုက်တမန်းနှိုးပြုလုပ်ခြင်းဖြင့် ပေါင်းမြက်များကင်းစင်ပြီးပင်ပွားအားကောင်းလာစေရန်၊ လေဝင်လေထွက်ကောင်းမွန်စေရန်၊ အမြစ်ဖွံ့ဖြိုးမှုပိုမိုအားကောင်းလာခြင်း၊ ပေါင်းသတ်ဆေးအသုံးပြုခြင်းနှင့် လက်ပေါင်းလိုက်သက်သာခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ကြောင်း ပြောကြားပြီး တက်ရောက်လာကြသော တောင်သူများ၏ သိရှိလိုသည်များကို ပြန်လည်ဖြေကြားပေးသည်။

ထို့နောက် ဓာတ်မြေသြဇာနှင့်သဘာဝမြေသြဇာရောစပ်ကြဲပက်ခြင်းနှင့် ကြားလိုက် တမန်းနှိုးကွင်းသရုပ်ပြခြင်းကို လက်တွေ့သရုပ်ပြသသည်။ ကန့်ဘလူမြို့နယ်အနေဖြင့် မိုးစပါး ၁၄၂၅၅၈ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ၈၇၇၈၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်းနှင့် လျာထားချက်ပြည့်မီရေးအတွက် တောင်သူများနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**




# ညောင်တုန်းမြို့နယ်၌ နေလှန်းဆားများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိ



ညောင်တုန်း စက်တင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ ဒေသထွက်နေလှန်းဆားများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ညောင်တုန်းမြို့နယ်မှ နေလှန်းဆားထုတ်လုပ်ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဖြူဖြူဝင်း၏ပြောကြားချက်အရ သိရသည်။

ညောင်တုန်းမြို့နယ်၌ ယခုနှစ် ဩဂုတ်လနောက်ဆုံးပတ်မှ လက်ရှိအချိန်ထိ နေလှန်းဆားများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"နေလှန်းဆားတွေ အရောင်းအဝယ်ကောင်းမွန်နေပါတယ်။ ငါးပိ၊ ငါးခြောက်ပြုလုပ်ချိန်ဆိုတော့ ဆားအရောင်းအဝယ်ကောင်းလာပါတယ်။ ဆားတွေက ဒေသထွက်နေလှန်းဆားတွေပါ။ လတ်တလော တစ်ရက်ကို နေလှန်းဆားပိဿာ ၄၀၀၀ ကနေ ၅၅၀၀ အထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ အခုလို ဆားအရောင်းအဝယ်ကောင်းလာတော့ ဆားထုတ်လုပ်တဲ့လုပ်ငန်းနဲ့ဆက်စပ်တဲ့သူတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး အဆင်ပြေလာပါတယ်"ဟု ဒေါ်ဖြူဖြူဝင်းကပြောသည်။

ညောင်တုန်းမြို့နယ်၌ ဒေသထွက်နေလှန်းဆားများကို ဆားလုပ်ငန်းရှင်များက စနစ်တကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့ အဓိကထားတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါဒေသထွက်နေလှန်းဆားများကို ငါးပိ၊ ငါးခြောက်၊ ငံပြာရည်စသည့်လုပ်ငန်းများတွင် အဓိကအသုံးပြုကြကြောင်း သိရသည်။

**သုတကျော်**

# မြို့သစ်မြို့နယ်၌ မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုလျော့နည်းစေရေး အသိပညာပေးဟောပြော

မြို့သစ် စက်တင်ဘာ ၇

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သမဝါယမဦးစီးဌာနတို့ ပူးပေါင်း၍ မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုလျော့နည်းစေရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာလ ၇ ရက်တွင် တပ်ကုန်းကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သူဇာလွင်က ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်ပေါ်စေရေး အမှိုက်များကို အမျိုးအစားခွဲခြား၍ စနစ်တကျစွန့်ပစ်ခြင်း၊ ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု၊ အိမ်တွင်းလေထုညစ်ညမ်းမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကူးစက်ရောဂါအမျိုးမျိုး၊ ကြိုတင်ကာကွယ်ရေးနည်းလမ်းများနှင့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို ပြောကြားသည်။

ဆက်လက်၍ မြို့သစ်မြို့နယ် သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက မီးခိုးမြူငွေ့အန္တရာယ်အကြောင်း သိကောင်းစရာများ၊ မီးခိုးမြူငွေ့အန္တရာယ်ကြောင့် နောက်ဆက်တွဲဖြစ်ပွားလာနိုင်သည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို ကာကွယ်နိုင်ရန် လိုက်နာဆောင်ရွက်ရမည့်အချက်များကို ဟောပြောသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုလျော့နည်းစေရေးဆိုင်ရာ အသိပညာဗဟုသုတများ ရရှိစေရေးအတွက် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးသည်။

အဆိုပါဟောပြောပွဲသို့ တပ်ကုန်းကျေးရွာမှ ရပ်မိရပ်ဖများ၊ တာဝန်ရှိသူများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြကြောင်း သိရသည်။

**အိပိုးပိုး**

# ကြို့ပင်ကောက်မြို့နယ်၌ အနာကြီးရောဂါအကြောင်းအသိပညာပေးဆွေးနွေးပွဲနှင့် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်

ကြို့ပင်ကောက် စက်တင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာန အနာကြီးရောဂါတိုက်ဖျက်ရေးဌာနမှ အနာကြီးရောဂါအကြောင်း အသိပညာပေးဆွေးနွေးပွဲနှင့် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်းကို စက်တင်ဘာလ ၆ ရက်က ပြုလုပ်သည်။



ရှေးဦးစွာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာထွန်းထွန်းစိုးက အနာကြီးရောဂါနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကိုပြောကြားပြီး အနာကြီးရောဂါတိုက်ဖျက်ရေးဌာန အဖွဲ့ခေါင်းဆောင် ဒေါက်တာမေဇော်က အနာကြီးရောဂါစတင်ကူးစက်ဖြစ်ပေါ်လာပုံနှင့် ဖြစ်ပေါ်လာပါက ပျောက်ကင်းစေရန် ကျန်းမာရေးဌာနတွင် အခမဲ့လာရောက်ကုသနိုင်ကြောင်းနှင့် ကုသရမည့်နည်းစနစ်များကို ဟောပြောသည်။

ဆက်လက်၍ အနာကြီးရောဂါတိုက်ဖျက်ရေးဌာနမှ အနာကြီးရောဂါစောင့်ရှောက်ရေးမှူး ဦးစိုးနိုင်က အသိပညာပေးလုပ်ငန်းများဆောင်ရွက်နေမှုကို ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများအား မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆီးချိုနှင့်သွေးတိုးရောဂါများ စစ်ဆေးပေးပြီး အခမဲ့ဆေးကုသပေးကြောင်း သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

# နိုင်ငံတကာစာတတ်မြောက်ရေးနေ့(International Literacy Day)

**ဇော်မျိုးမင်း**

ကမ္ဘာပေါ်ရှိ နိုင်ငံသားတိုင်းစာတတ်မြောက်ရေးကို တွန်းအားပေးသည့်အနေဖြင့် နှစ်စဉ်စက်တင်ဘာလ ၈ ရက်ကို “နိုင်ငံတကာစာတတ်မြောက်ရေးနေ့” အဖြစ် ကျင်းပခဲ့သည်။ အီရန်နိုင်ငံ တီဟီရန်မြို့တွင် ၁၉၆၅ ခုနှစ် စက်တင်ဘာလ ၈ ရက်မှ ၁၉ ရက်အထိ ၁၂ ရက်ကြာ ကျင်းပခဲ့သည့် ကမ္ဘာ့စာတတ်မြောက်ရေးကွန်ဂရက်ကို ကမ္ဘာ့နိုင်ငံပေါင်း ၈၉ နိုင်ငံမှ ပညာရေးဝန်ကြီးများ ဦးဆောင်တက်ရောက်ခဲ့သည်။ အဆိုပါညီလာခံကြီးက စက်တင်ဘာလ ၈ ရက်ကို နိုင်ငံတကာစာတတ်မြောက်ရေးနေ့ (International Literacy Day) အဖြစ် သတ်မှတ်ခဲ့ပြီး ၁၉၆၇ ခုနှစ်မှ စတင်ကာ ယူနက်စကိုအဖွဲ့ကဦးဆောင်လျက်စာတတ်မြောက်ရေးနေ့အခမ်းအနားများကို နိုင်ငံအလိုက် နှစ်စဉ်ကျင်းပခဲ့ကြသည်။ ၂၀၂၅ ခုနှစ်အတွက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့၏ ဆောင်ပုဒ်မှာ **“Promoting literacy in the digital era” “ဒစ်ဂျစ်တယ်ခေတ်ကိုလိုက်မီဖို့ စာတတ်မြောက်ရေး မြှင့်တင်စို့”** ဟူ၍ ဖြစ်သည်။

**နိုင်ငံတကာစာတတ်မြောက်မှုအခြေအနေ**

စာတတ်မြောက်ခြင်းသည် လူတိုင်းအတွက် အခြေခံလူ့အခွင့်အရေးဖြစ်သည်။ စာတတ်ခြင်းသည် ပိုမိုကောင်းမွန်သောလွတ်လပ်မှု၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော နိုင်ငံသားဖြစ်ခွင့် စသည့် အခြားလူ့အခွင့်အရေးများကိုရရှိနိုင်ရန် လမ်းဖွင့်ပေးထားသည်။ စာတတ်မြောက်ခြင်းသည် တန်းတူညီမျှမှုနှင့် ခွဲခြားမှုမရှိသော လေးစားမှု၊ တရားဥပဒေစိုးမိုးမှု၊ စည်းလုံးညီညွတ်မှု၊ တရားမျှတမှု၊ မတူကွဲပြားမှုနှင့် စိတ်ရှည်သည်းခံမှုတို့အပေါ် အခြေခံ၍ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးနှင့် ယဉ်ကျေးမှုတစ်ရပ်ကိုမွေးထုတ်ပေးနိုင်သည့် အခြေခံအုတ်မြစ်ဖြစ်သည်။ ယနေ့ကမ္ဘာကြီးသည် တိုးတက်မှုများ ရှိနေသော်လည်း ကမ္ဘာတစ်ဝန်းရှိ လူငယ်နှင့်အရွယ်ရောက်ပြီးသူ ၇၃၉ သန်းသည် ၂၀၂၄ ခုနှစ်တွင် အခြေခံစာတတ်မြောက်မှုစွမ်းရည်ချို့တဲ့နေဆဲဖြစ်သည်။ တစ်ချိန်တည်းတွင် ကလေး ၁၀ ဦးတွင် လေးဦးသည် အရည်အချင်းမပြည့်မီဘဲ စာဖတ်စွမ်းရည် အနိမ့်ဆုံးဖြစ်နေပြီး ၂၀၂၃ ခုနှစ်တွင် ကလေးနှင့်ဆယ်ကျော်သက်အရွယ် ၂၇၂ သန်းခန့်သည် ကျောင်းနေရန်အခွင့်အရေးများနှင့်ဝေးကွာခဲ့ကြရကြောင်း ယူနက်စကိုမှတ်တမ်းများအရသိရသည်။ အချို့နိုင်ငံများတွင် ကျောင်းပြင်ပရောက် ကလေးသူငယ်များ များပြားနေခြင်း၊ စာမတတ်သူဦးရေများပြားနေခြင်းသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားသည့်စိန်ခေါ်မှုတစ်ရပ်ဖြစ်နေပေသည်။

ဒစ်ဂျစ်တယ်စနစ်များသည် လူတို့၏ သင်ကြားနည်း၊ အသက်မွေးဝမ်းကျောင်း၊ လူမှုဆက်ဆံရေးနည်းလမ်းများကို အပြောင်းအလဲဖြစ်စေနိုင်သည်။ ဒစ်ဂျစ်တယ်စနစ်သည် လုပ်ဆောင်မှုပေါ် မူတည်၍ အကျိုးရှိနိုင်သကဲ့သို့ အန္တရာယ်များလည်းရှိနိုင်သည်။ ၎င်းစနစ်သည် စာတတ်မြောက်မှုမရှိသေးသော လူငယ်နှင့်လူကြီး ၇၃၉ သန်း အပါအဝင်ချို့တဲ့သော နိုင်ငံများအတွက် သင်ကြားမှုအခွင့်အလမ်းများကို ဖန်တီးပေးနိုင်ကြောင်း သိရှိရသည်။ စာတတ်မြောက်ရေးသည် ကမ္ဘာလုံးဆိုင်ရာပြောင်းလဲမှုများနှင့် လိုက်လျောညီထွေရှိပြီး အဓိပ္ပာယ်ပြည့်ဝသော အသွင်ကူးပြောင်းမှုများပြုလုပ်ရန်အတွက် သော့ချက်ပင်ဖြစ်သည်။ စာရွက်ပေါ်တွင် ဖတ်ရှုခြင်းနှင့် စာရေးခြင်းတို့ကိုကျော်လွန်၍ ဒစ်ဂျစ်တယ်ခေတ်တွင် စာတတ်မြောက်မှုသည် လူများကိုဝင်ရောက်ကြည့်ရှုနိုင်ခြင်း၊ နားလည်နိုင်ခြင်း၊ အကဲဖြတ်နိုင်ခြင်း၊ ဖန်တီးတင်ဆက်ပေးနိုင်ခြင်း၊ ဆက်သွယ်ပြောဆိုနိုင်ခြင်း စသည့်အခွင့်အလမ်းများပေးထားသည်။ စာတတ်မြောက်ရေးသည် ဝေဖန်ပိုင်းခြားစဉ်းစားတွေးခေါ်မှုကို စတင်ရန်လည်းကောင်း၊ ပိုင်းခြားသိမြင်နိုင်သော၊ ယုံကြည်စိတ်ချရသောအချက်အလက်များကို ဖန်တီးရန်သော်လည်းကောင်း၊ ရှုပ်ထွေးသောသတင်းအချက်အလက်နယ်ပယ်များကို ရှာဖွေဖော်ထုတ်ရာတွင်လည်းကောင်း အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

ပြင်သစ်နိုင်ငံ ပါရီမြို့ ယူနက်စကိုရုံးချုပ်တွင် စက်တင်ဘာလ ၈ ရက် ယနေ့တွင် ကမ္ဘာလုံးဆိုင်ရာညီလာခံတစ်ရပ်ကိုကျင်းပပြီး ကမ္ဘာလုံးဆိုင်ရာ၊ ဒေသဆိုင်ရာ၊ နိုင်ငံများနှင့် ဒေသန္တရအဆင့်များတွင် စာတတ်မြောက်ရေးတိုးတက်မှုကို ဂုဏ်ပြုမည်ဖြစ်သည်။ ယနေ့ခေတ်စာတတ်မြောက်ခြင်း၏အဓိပ္ပာယ်နှင့် သင်ကြားတတ်မြောက်မှု၊ သင်ယူမှုအစီအစဉ်များနှင့် မူဝါဒများကို ဤဒစ်ဂျစ်တယ်ခေတ်တွင် ဒီဇိုင်းရေးဆွဲခြင်း၊ စီမံခန့်ခွဲခြင်းနှင့်စောင့်ကြည့်ခြင်းတို့ဖြင့် ပိုမိုလုပ်ဆောင်နိုင်မည်ဖြစ်သည်။ ထို့ပြင် ၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့သည် စာတတ်မြောက်မှုကို ဘုံကောင်းကျိုးနှင့် လူ့အခွင့်အရေးတစ်ရပ်အဖြစ်မြှင့်တင်ပေးသည့် ထိရောက်သောမူဝါဒများနှင့် ပါဝင်ဆောင်ရွက်မှုများကို မီးမောင်းထိုးပြမည်ဖြစ်ပြီး တရားမျှတမှုရေရှည်တည်တံ့မှုရှိသော လူ့အဖွဲ့အစည်းများတည်ဆောက်ရန် စွမ်းဆောင်နိုင်မှုနှင့်အသွင်ကူးပြောင်းမှုအတွက် တွန်းအားတစ်ခုအဖြစ် မီးမောင်းထိုးပြမည်ဖြစ်သည်။

**လူတစ်ယောက်အတွက် စာတတ်ခြင်းနှင့် စာဖတ်ခြင်း**

စာတတ်ခြင်းဆိုတာ စာအုပ်ထဲကစာလုံးတွေကို ဖတ်နိုင်တာထက်ပိုသည်။ ဒါဟာဘဝကိုနားလည်သဘောပေါက်ပြီး ထိန်းချုပ်နိုင်စွမ်းရှိလာခြင်းပါ။ စာမတတ်ရင် ကိုယ့်အခွင့်အရေးကို ကိုယ်မသိ၊ သူများပြောတိုင်းယုံ လိမ်ညာခံရနိုင်သည်။ စာတတ်မှ ကိုယ့်အတွက် ဆုံးဖြတ်ချက်တွေကို ကိုယ်တိုင်ချမှတ်နိုင်မည်။ ဘဝအရည်အသွေးတိုးတက်ဖို့အတွက် စာတတ်မှနည်းပညာသစ်တွေကိုလေ့လာနိုင်မည်၊ ပိုကောင်းတဲ့အလုပ်အကိုင်ရနိုင်မည်၊ ဝင်ငွေတိုးလာမည်၊ မိသားစုကို ပိုပြီးပြုစုစောင့်ရှောက်နိုင်မည် စသည့်အကျိုးကျေးဇူးတွေကိုရရှိနိုင်မည်ဖြစ်သည်။ စာတတ်ခြင်းသည် အခြေခံလူ့အခွင့်အရေးတစ်ခုဖြစ်သည်။ အခြေခံစာတတ်မှု (ရေး၊ ဖတ်၊ လက်တွေ့) သုံးနိုင်မှုမရှိဘဲ နိုင်ငံတကာအဆင့်ဆင့်ပညာ၊ အလုပ်အကိုင်၊ နည်းပညာအသုံးချခြင်းများတွင် အဆင်မပြေနိုင်ပါ။ သာမန်စာတတ်ရုံသာမက Critical Thinking (အာရုံစိုက်ဆန်းစစ်နိုင်မှု)၊ Digital literacy (နည်းပညာ အသုံးချစာတတ်မှု)အထိ တိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

လူတစ်ယောက်စာတတ်ဖို့ဆိုတာ အတိုင်းအဆမရှိ အရေးကြီးသည်။ ပုဂ္ဂိုလ်ရေးအနေနဲ့ပဲဖြစ်ဖြစ်၊ မိသားစုဘဝအတွက်ပဲဖြစ်ဖြစ် မရှိမဖြစ်လိုအပ်သည်။ လူမှုအသိုင်းအဝိုင်းအဆင့်တွင်လည်း စာတတ်သူများသည့် ကျေးရွာ/မြို့သည် ပိုမိုလျင်မြန်စွာဖွံ့ဖြိုးတိုးတက်လေ့ရှိသည်။ ထို့ပြင် ၎င်းမြို့ရွာများသည် ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် ပိုမိုတက်ကြွစွာပါဝင်ဆောင်ရွက်နိုင်ကြသည်။ နိုင်ငံအဆင့်တွင် စာတတ်မြောက်မှုနှုန်းမြင့်သည့် နိုင်ငံများသည် ဒီမိုကရေစီပိုခိုင်မာခြင်း၊ စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်ခြင်း၊ နည်းပညာတိုးတက်ထွန်းကားခြင်း၊ ငြိမ်းချမ်းပြီးစည်ပင်ဝပြောခြင်း စသည့်အကျိုးကျေးဇူးများကို ဖြစ်ထွန်းစေသည်။

တစ်နည်းအားဖြင့် စာတတ်ခြင်းသည် လူတစ်ဦးချင်းစီ၏ ဘဝကစပြီး တစ်နိုင်ငံလုံး၏ကံကြမ္မာကိုပင် ပြောင်းလဲနိုင်သည်အထိ စွမ်းအားရှိသည်။ ထို့ပြင် သတင်းအချက်အလက်ကို အချိန်မီသိချင်သလား၊ ကိုယ့်ဘဝကို တိုးတက်အောင် ဆုံးဖြတ်ချင်သလား၊ တိုင်းပြည်တိုးတက်အောင် အတူပါဝင်ချင်သလား၊ ဒီအချက်တွေရဖို့ အခြေခံလိုအပ်ချက်တစ်ခုကတော့ စာတတ်ခြင်းပဲဖြစ်သည်။ စာတတ်ခြင်းဟာ ကိုယ့်ဘဝအတွက် လမ်းပြမီးတိုင်တစ်ခုပါ။ စာတတ်တဲ့သူက အသိပညာကြွယ်ဝခြင်း၊ အခွင့်အလမ်းပေါများခြင်း၊ ကိုယ့်ဘဝအတွက် မှန်ကန်စွာဆုံးဖြတ်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိရုံမျှမက ကိုယ့်နိုင်ငံအတွက် မှန်ကန်စွာရွေးချယ်နိုင်သည်။

ထိုမျှမကသေး လူတစ်ယောက်အနေဖြင့် စာဖတ်တတ်မှသာ နည်းပညာအသစ်တွေသိနိုင်မည်၊ သုတပညာတွေတိုးတက်နိုင်မည်၊ စာရေး၊ စာဖတ်တတ်တဲ့သူဟာ လူမှုအသိုင်းအဝိုင်းနှင့် ပိုမိုချိတ်ဆက်နိုင်ပြီး အလုပ်အကိုင်၊ နည်းပညာ၊ စီးပွားရေးမှာအခွင့်အလမ်းတွေ ပိုရနိုင်မည်ဖြစ်သည်။ စာမဖတ်တတ်ရင် မိမိအခွင့်အရေး၊ ဥပဒေကပေးတဲ့အခွင့်အရေးတွေ၊ အခြေခံရပိုင်ခွင့်တွေကိုမသိနိုင်ဘဲ အကျိုးပျက်စီးမှုများကို ခံစားရနိုင်သည်။ မိမိဘဝတိုးတက်ရေးအတွက် စာတတ်မှသာ သတင်းအချက်အလက်အရင်းအမြစ်တွေကို သုံးနိုင်မည်၊ မိမိတို့အနာဂတ်အတွက် မှန်ကန်စွာတွေးခေါ်နိုင်မည်၊ မှန်ကန်စွာဆုံးဖြတ်နိုင်မည်ဖြစ်သည်။

သို့ရာတွင် စာဖတ်ခြင်းဆိုတာကတော့ စာတတ်မြောက်မှသာလုပ်နိုင်မည့် အခြေအနေတစ်ရပ်ဖြစ်သည်။ စာဖတ်ခြင်းသည် ကိုယ်မရောက်ဖူးသည့် နေရာများ၊ မသိသေးသည့်အကြောင်းအရာများ၊ မတွေးဖူးသေးသည့် အတွေးအခေါ်တွေဆီကို ခေါ်ဆောင်သွားနိုင်သည်။ စာဖတ်ခြင်းသည် ဉာဏ်ပညာကို ချဲ့ထွင်ပေးနိုင်ပြီး လောကကြီးကို ပိုမိုကျယ်ဝန်းစွာမြင်နိုင်မည်ဖြစ်သည်။

**မြန်မာနိုင်ငံနှင့် ဒစ်ဂျစ်တယ်ခေတ် စာတတ်မြောက်ရေး**

ဒစ်ဂျစ်တယ်ခေတ်တွင် စာတတ်မြောက်မှုသည် စာဖတ်စာရေးတတ်ခြင်းမှသာမက ဒစ်ဂျစ်တယ်အကြောင်းအရာများကို ဝင်ရောက်သုံးစွဲခြင်း၊ နားလည်ခြင်း၊ တုံ့ပြန်ပေးခြင်း၊ ဖန်တီးပြောဆိုခြင်းများကိုလည်း ကျွမ်းကျင်စွာဆောင်ရွက်နိုင်စေရန် လိုအပ်သည်။ ထို့ပြင် အရေးပါသော သတင်းအချက်အလက်များကိုခွဲခြား၍ အမှန်တကယ်ဖြစ်မှုနှင့် မဖြစ်မှုများကို သုံးသပ်နိုင်စွမ်းလည်းဖြစ်သည်။ ဒစ်ဂျစ်တယ်နည်းပညာသည် ကိုယ်ရေးကိုယ်တာလုံခြုံမှုဆိုင်ရာပြဿနာများ၊ ဒစ်ဂျစ်တယ်စောင့်ကြည့်ထိန်းချုပ်မှုများ၊ ဘက်လိုက်မှုများပိုမိုအားကောင်းလာခြင်း၊ ကျင့်ဝတ်ဆိုင်ရာဖောက်ဖျက်မှုများ၊ စိုးရိမ်ပူပန်မှုများနှင့် သုံးစွဲသူ၏အန္တရာယ်နှင့်ပတ်ဝန်းကျင်ဆိုင်ရာသက်ရောက်မှုများ စသောအခြားစိုးရိမ်မှုများနှင့်လည်း ရင်ဆိုင်ရစေနိုင်သည်။

မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေကိုပြန်ကြည့်လျှင် နှစ်ပေါင်းများစွာပညာရေးနိမ့်ကျခဲ့မှု၊ စီးပွားရေးပိတ်ဆို့ခံရမှုများကြောင့် နိုင်ငံဟာဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့ရသည်။ ဒီလိုအခြေအနေကနေ လျင်မြန်စွာထွက်ပေါက်ရှာနိုင်ဖို့ အားကိုးရမည့် လက်နက်ကောင်းသည် ပညာသာလျှင်ဖြစ်သည်။ ဒီမိုကရေစီနှင့်ဖက်ဒရယ်ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးတွင် စာတတ်ပြီး ဆင်ခြင်တုံတရားရှိသည့်၊ ကိုယ်ပိုင်ဆုံးဖြတ်ချက်ချနိုင်သည့် ပြည်သူ့အသိုင်းအဝိုင်း (Informed Citizenry) လိုအပ်သည်။ မဟုတ်လျှင် စစ်မှန်သော ဒီမိုကရေစီသည် အားနည်းနေဦးမည်ဖြစ်သည်။ ယနေ့ မျိုးဆက်သစ်ကလေးများ၊ လူငယ်များစာတတ်မြောက်မှုသည် နောင်အနာဂတ် ၂၀ နှစ်၊ ၃၀ နှစ်အတွင်း မြန်မာနိုင်ငံ၏မျက်နှာစာကို ဆုံးဖြတ်ပေးလိမ့်မည်။ သူတို့ကိုပညာကောင်းကောင်း မသင်ပေးနိုင်လျှင် နောက်မျိုးဆက်တွေပါ ဆင်းရဲတွင်းထဲဆင်းသက်သွားနိုင်သည်။ ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ဖို့ဆိုတာ ကမ္ဘာကြီးဟာ အရမ်းမြန်ဆန်စွာ ပြောင်းလဲလျက်ရှိပြီး AI၊ ဒစ်ဂျစ်တယ်နည်းပညာ၊ Global Economy တို့တွင် မြန်မာနိုင်ငံသားတွေ နောက်ကျမကျန်ချင်လျှင် စာတတ်မြောက်ပြီး သင်ယူလိုစိတ်ပြင်းပြဖို့အရေးကြီးသည်။

**ဒစ်ဂျစ်တယ်ခေတ် စာတတ်မြောက်ရေး (Digital Literacy) ဆိုတာ**

ကမ္ဘာကြီးသည် စက်မှုခေတ် (Industrial Age) မှ သတင်းအချက်အလက်ခေတ် (Information Age) သို့ ကူးပြောင်းပြီး ယခုဆိုလျှင် ဒစ်ဂျစ်တယ်ခေတ်

**စာမျက်နှာ ၈ သို့** ❑

**● လူတစ်ယောက်အနေဖြင့် စာဖတ်တတ်မှသာ နည်းပညာအသစ်တွေသိနိုင်မည်၊ သုတပညာတွေတိုးတက်နိုင်မည်၊ စာရေး၊ စာဖတ်တတ်တဲ့သူဟာ လူမှုအသိုင်းအဝိုင်းနှင့် ပိုမိုချိတ်ဆက်နိုင်ပြီး အလုပ်အကိုင်၊ နည်းပညာ၊ စီးပွားရေးမှာအခွင့်အလမ်းတွေ ပိုရနိုင်မည်ဖြစ်သည်။ စာမဖတ်တတ်ရင် မိမိအခွင့်အရေး၊ ဥပဒေကပေးတဲ့အခွင့်အရေးတွေ၊ အခြေခံရပိုင်ခွင့်တွေကိုမသိနိုင်ဘဲ အကျိုးပျက်စီးမှုများကိုခံစားရနိုင်သည်။ မိမိဘဝတိုးတက်ရေးအတွက် စာတတ်မှသာ သတင်းအချက်အလက်အရင်းအမြစ်တွေကို သုံးနိုင်မည်၊ မိမိတို့အနာဂတ်အတွက် မှန်ကန်စွာတွေးခေါ်နိုင်မည်၊ မှန်ကန်စွာဆုံးဖြတ်နိုင်မည်ဖြစ် . . .**

❑ **စာမျက်နှာ ၇ မှအဆက်**

(Digital Era) ၏ နက်ရှိုင်းသော ရေစီးကြောင်းထဲသို့ ရောက်ရှိနေပါပြီ။ ယခင်က စာတတ်မြောက်ရေးဆိုသည်မှာ စာအုပ်များ၊ သတင်းစာများကို ဖတ်နိုင်ခြင်း၊ ကောက်ကြောင်းရေးနိုင်ခြင်းသာဖြစ်သော်လည်း ယနေ့ခေတ်တွင် ယင်းထက်များစွာ ကျယ်ပြန့်လာပါပြီ။ ဒစ်ဂျစ်တယ်ခေတ်စာတတ်မြောက်ရေးဆိုသည်မှာ ကွန်ပျူတာ၊ စမတ်ဖုန်း၊ တက်ဘလက် စသည့်ဒစ်ဂျစ်တယ်ကိရိယာများကို အခြေခံအသုံးပြုနိုင်ခြင်းထက်ပိုသည်။ ဒစ်ဂျစ်တယ်ကမ္ဘာကြီးအား လုံခြုံစွာ၊ ထိရောက်စွာနှင့်တာဝန်ယူမှုရှိရှိ ဝင်ရောက်အသုံးပြုနိုင်စွမ်းရှိခြင်း၊ အွန်လိုင်းပေါ်ရှိ များပြားလှသော အချက်အလက်များထဲမှ မှန်ကန်သော အချက်အလက်ကို ရွေးချယ်ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိခြင်း၊ အွန်လိုင်းပေါ်တွင် ဆက်သွယ်ပြောဆိုရာတွင် ယဉ်ကျေးမှုကို ထိန်းသိမ်းနိုင်ခြင်း၊ ဆိုရှယ်မီဒီယာကို ဉာဏ်ရှိရှိအသုံးချနိုင်ခြင်းတို့ဖြစ်သည်။ အွန်လိုင်းအန္တရာယ်များ (ဥပမာ– Hacking၊ Scam၊ Fake News) တို့မှ မိမိကိုယ်ကိုနှင့် မိသားစုကို ကာကွယ်နိုင်ရန်လည်း လိုအပ်သည်။ တစ်နည်းဆိုရလျှင် ဒစ်ဂျစ်တယ်ကမ္ဘာကြီးအား "စာဖတ်နိုင်ခြင်း" သာမက "နားလည်သိမြင်နိုင်ခြင်း" နှင့် "ထိရောက်စွာပြန်လည်အသုံးချနိုင်ခြင်း" တို့ ဖြစ်သည်။

**ဒစ်ဂျစ်တယ်ခေတ်ကိုဖော်ဆောင်ဖို့ လုပ်ဆောင်ရမည့်အချက်များ**

မြန်မာနိုင်ငံသားတစ်ဦးအနေဖြင့် ဤဒစ်ဂျစ်တယ်ခေတ်ကြီးထဲတွင် ခေတ်နောက်ကျမကျန်ရစ်ခဲ့ဘဲတောက်ပစွာရပ်တည်နိုင်ရန် အလွန်အရေးကြီးသည်။ အင်တာနက်ကိုအကျိုးရှိစွာအသုံးချတတ်ခြင်း၊ ကွန်ပျူတာ/ဖုန်း၏အခြေခံ Setting များကို နားလည်ခြင်း၊ စာစီစာရိုက်ပြုလုပ်နိုင်ခြင်း၊ File ဖွင့်ခြင်း၊ Print ထုတ်နိုင်ခြင်းစသည့်အခြေခံများကို ပိုင်နိုင်အောင်အခြေခံကစ၍ လေ့လာရမည်။ အွန်လိုင်းပေါ်တွင် ဖတ်ရှုရသမျှအားလုံးသည် မှန်ကန်သည်မဟုတ် Fake News (သတင်းမှားများ)၊ Scam (အလိမ်အညာများ)သည် နေရာတိုင်းတွင်ရှိနေတတ်သည်။ မည်သည့်သတင်းကိုမဆို ချက်ချင်းယုံကြည်မှုမပြုဘဲ မည်သည့်နေရာကလာသော သတင်းလဲ၊ တခြားသတင်းရင်းမြစ်များက အတည်ပြုထားသလားဆိုသည်ကို အမြဲစစ်ဆေး၍ သတင်းအချက်အလက်ဝေဖန်ပိုင်းခြားဉာဏ် (Critical Thinking) ကို မွေးမြူရမည်။ မိမိ၏ကိုယ်ရေးကိုယ်တာအချက်အလက်များ (လိပ်စာ၊ ဖုန်းနံပါတ်၊ မွေးနေ့၊ ဘဏ်အကောင့်အချက်အလက်များ)ကို လွယ်လင့်တကူ မပေးပါနှင့်။ ခိုင်မာသောစကားဝှက်များ (Password) သတ်မှတ်ခြင်း၊ Two-Factor Authentication (2FA) ကို ဖွင့်ထားခြင်း၊ သံသယဖြစ်ဖွယ် Link များကို မနှိပ်မိအောင်၊ ဝင်မကြည့်ဖြစ်အောင် သတိထားရှောင်ကြဉ်ခြင်းတို့ဖြင့် အွန်လိုင်းဘေးကင်းလုံခြုံရေး (Online Safety & Security) ကို အလေးထားဆောင်ရွက်သင့်သည်။

ဒစ်ဂျစ်တယ်ခေတ်သည် သင်ယူမှုအတွက် ရွှေအခွင့်အလမ်းများဖြစ်သည်။ YouTube နှင့် Online free Courses များဖြစ်သည့် Coursera၊ edX၊ Khan Academy တို့တွင် ကမ္ဘာကျော် တက္ကသိုလ်ကြီးများ၏ သင်ခန်းစာများကို အခမဲ့လေ့လာနိုင်သည်။ eBook များ၊ အွန်လိုင်းစာကြည့်တိုက်များမှ စာအုပ်စာပေများကို ရှာဖွေဖတ်ရှုခြင်း စသည့်ဒစ်ဂျစ်တယ်ကိရိယာများကို သင်ယူမှုအတွက် အသုံးချနိုင်သည်။ အွန်လိုင်းပေါ်တွင် Video ကြည့်ရုံ၊ Facebook သုံးရုံသာမက မိမိ၏အရည်အချင်းကို ဖန်တီးပြသခြင်း၊ စာရေးခြင်း၊ ဓာတ်ပုံရိုက်ခြင်း၊ ဗီဒီယိုပြုလုပ်ခြင်း၊ ဒီဇိုင်းဆွဲခြင်း စသည်တို့ဖြင့် မိမိကိုယ်ပိုင် Content များ ဖန်တီးခြင်းတို့သည် မိမိကိုယ်ကိုမြှင့်တင်ရာရောက်သလို အနာဂတ်တွင် အသက်မွေးဝမ်းကျောင်းပြုနိုင်သော လမ်းကြောင်းတစ်ခုလည်း ဖြစ်လာနိုင်သည်။ ဒစ်ဂျစ်တယ်သည် ကျွန်ုပ်တို့၏ရိုးရာယဉ်ကျေးမှုနှင့် စာပေများကို ဖျက်ဆီးရန်မဟုတ်ဘဲ ထိန်းသိမ်းမြှင့်တင်ရန် အင်အားကြီးတစ်ခုဖြစ်သည်။ ရှေးဟောင်းစာပေကျမ်းဂန်များကို ဒစ်ဂျစ်တယ်ပုံစံဖြင့် သိမ်းဆည်းခြင်း၊ မြန်မာ့ရိုးရာပုံပြင်များကို Animation/Podcast များပြုလုပ်ခြင်း၊ အရောင်းအဝယ်လုပ်ငန်းများကို Online မှတစ်ဆင့် ကမ္ဘာသို့ချဲ့ထွင်ခြင်းတို့ကိုပြုလုပ်ကာ ဒစ်ဂျစ်တယ်နှင့် ရိုးရာယဉ်ကျေးမှုကို ပေါင်းစပ်နိုင်သည်။

**မြန်မာပြည်သူတွေ ဘာကြောင့်စာတတ်သင့်သလဲ**

စာတတ်မြောက်ခြင်းဟာ နိုင်ငံတိုးတက်ဖို့ အခြေခံတစ်ခုလည်းဖြစ်သည်။ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်ပြီး စီးပွားရေး၊ နည်းပညာ၊ ပညာရေးမှာ အပြိုင်အဆိုင်ကြုံနေရချိန်တွင် ပြည်သူအများစုစာတတ်မှသာ ဖွံ့ဖြိုးမှုအမြန်တိုးတက်နိုင်မည်။ သမိုင်းနောက်ခံအနေဖြင့် မြန်မာနိုင်ငံတွင် နယ်ချဲ့ခေတ်တုန်းက စာမတတ်မှုကြောင့်အကျိုးပျက်စီးမှုတွေ ဖြစ်ခဲ့ရသည်။ နောက်ထပ်မဖြစ်စေရန် နိုင်ငံအဆင့်စာတတ်မြောက်မှုကို အားပေးရမည်။ မြန်မာနိုင်ငံ၏ နိုင်ငံတကာစာတတ်မြောက်ရေးကြိုးပမ်းဆောင်ရွက်မှုအနေဖြင့် ၁၉၇၁ ခုနှစ်တွင် ယူနက်စကိုအဖွဲ့ကြီးက ချီးမြှင့်ခဲ့သည့် မိုဟာမက်ရီဇာပါလာဗီဆုကိုလည်းကောင်း၊ ၁၉၈၃ ခုနှစ်တွင် နိုမာဆုကိုလည်းကောင်းရရှိခဲ့မှုသည်မြန်မာနိုင်ငံ၏ စာမတတ်သူပပျောက်ရေးလှုပ်ရှားမှုများကို ကမ္ဘာကအသိအမှတ်ပြုခဲ့သည့် သမိုင်းမှတ်တမ်းများပင်ဖြစ်သည်။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်အမှတ်စဉ်(၃)တွင် "နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး" ဟု ဖော်ပြထားပြီး နိုင်ငံတော်အနေဖြင့် စာတတ်မြောက်ရေးအတွက် ဦးတည်ချက်ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ဆက်စပ်ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့်ပူးပေါင်းပြီး ပညာရေးမှာ လူတိုင်းတက်ရောက်သင်ကြားနိုင်စေရန်အတွက် ကျောင်းသင်ပညာရေး (Formal Education) ကဏ္ဍအပြင် ကျောင်းပြင်ပပညာရေး (Non-Formal Education)ကဏ္ဍဖြင့်ပါဆောင်ရွက်လျက်ရှိပြီး တိုင်းပြုပြည်ပြုပညာရှင်များထွန်းကားလာစေရေး လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး" ဟူသော ဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ စာမတတ်သူဦးရေလျှော့ချနိုင်ရေးအတွက် စာတတ်မြောက်အောင်သင်ကြားပေးခြင်းဖြင့် သန်းခေါင်စာရင်းအရ စာမတတ်သူဦးရေကို နှစ်အလိုက်လျှော့ချနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံရှိ ၁၅ နှစ်နှင့်အထက် စာမတတ်သူများကို နှစ်အလိုက်လျှော့ချနိုင်ရေးအတွက် အမျိုးသားပညာရေးအထူးစီမံကိန်းများတွင် ထည့်သွင်းရေးဆွဲကာ အစီအစဉ်ချမှတ်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံသားတိုင်းစာတတ်မြောက်မှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အောင်မြင်စွာဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။ အမျိုးသားပညာရေးဥပဒေ(၂၀၁၄)တွင် အခမဲ့အခြေခံပညာရေးကို ဦးတည်ဆောင်ရွက်ပြီး အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်ရေးအတွက်ပြဋ္ဌာန်းထားပြီးဖြစ်၍ နိုင်ငံသားတိုင်းကိုပြောင်းလဲလာသောခေတ်စနစ်၏ လိုအပ်ချက်အရ KG+9 ဖြစ်သော အခြေခံပညာအလယ်တန်းဆင့် ပညာရေးပြီးမြောက်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာနှင့် စက်မှုနည်းပညာဆိုင်ရာ ကျွမ်းကျင်သူများဖြစ်လာစေရေး ဆက်လက်လေ့လာသင်ယူနိုင်ရန် ဦးတည်လုပ်ဆောင်လျက်ရှိကြောင်း တွေ့ရှိရသည်။

"စာတတ်မြောက်ရေး" ဆိုသည်မှာ ယခင်က စာလုံးတွေကိုဖတ်တတ်ရေးတတ်ရုံမျှမက "ဒစ်ဂျစ်တယ်ကမ္ဘာကြီး၏ အက္ခရာတွေကို ဖတ်တတ်ခြင်း၊ နားလည်ခြင်း၊ ဖန်တီးနိုင်ခြင်း၊ ကာကွယ်ခြင်း" စသည်တို့ဖြစ်လာပါပြီ။ ဤခေတ်ကြီးအား ညင်သာစွာဖော်ဆောင်နိုင်ရန် ကျွန်ုပ်တို့အားလုံး ဒစ်ဂျစ်တယ်စာတတ်မြောက်ရေးကို မြှင့်တင်ကြရမည်။ ထိုသို့မြှင့်တင်ရန်အတွက် မိမိကိုယ်တိုင်လေ့လာသင်ယူပါ၊ မိသားစုဝင်များကို သင်ကြားပေးပါ၊ လူငယ်လူရွယ်များကို လမ်းညွှန်ပါ။ ဒစ်ဂျစ်တယ်ခေတ်ကြီးတွင် စာတတ်မြောက်မှုနှုန်းကိုပိုမိုမြှင့်တင်၍ ဒစ်ဂျစ်တယ်စွမ်းအားကို အသုံးချကာ ပိုမိုတောက်ပသော အနာဂတ်ကိုအတူတကွတည်ဆောက်ကြပါလို့ တိုက်တွန်းလိုပါသည်။

နိဂုံးချုပ်အနေဖြင့် ယနေ့ဒစ်ဂျစ်တယ်ခေတ်ကြီးတွင် စာတတ်မြောက်ခြင်းဟာ လူတစ်ယောက်အတွက် ဘဝ၏အခြေခံလိုအပ်ချက်ဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံရေးမတရားမှုမခံရစေရေး၊ နည်းပညာခေတ်နောက်ကျမကျန်စေရေးစသဖြင့် ကျွန်တော်တို့ မြန်မာနိုင်ငံသားများအတွက် အလွန်အရေးကြီးသည်။ စာတတ်မြောက်ခြင်းသည် တစ်ဦးချင်းစီ၏အကျိုးကျေးဇူးများရရှိရုံသာမက မိမိတို့နိုင်ငံအတွက် ဒေသတွင်းလူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများကိုရရှိစေရန် စွမ်းဆောင်ပေးနိုင်သည်။ မြန်မာနိုင်ငံသားတစ်ယောက်အနေဖြင့် စာတတ်ခြင်းဟာ ကိုယ်တိုင်အတွက်သာမက မိသားစု၊ ကျေးရွာ/မြို့၊ နိုင်ငံတော်နှင့်မျိုးဆက်သစ်များအတွက်ပါ တာဝန်တစ်ရပ်ဖြစ်သည်။ ဒါဟာ ကိုယ့်ကိုယ်ကိုယ်မြှင့်တင်ခြင်းသာမက နိုင်ငံတော်ကို ပြန်လည်တည်ဆောက်ခြင်း၏ အခြေခံအုတ်မြစ်လည်းဖြစ်သည်။ ထို့ကြောင့် "မိမိတစ်ယောက်တည်း စာတတ်လို့ရော ဘာလုပ်နိုင်မှာလဲ" ဆိုသည့်အတွေးမျိုးထက် "မိမိစာတတ်မှ မိမိပတ်ဝန်းကျင်ကို ကမ္ဘာကြီးကိုပြောင်းလဲနိုင်မယ်" ဆိုတဲ့ စိတ်ဓာတ်နဲ့ လူတိုင်းစာတတ်မြောက်ရေးကို အားထုတ်သင့်ပါကြောင်း တိုက်တွန်းရင်း ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၈ ရက်တွင် ကျရောက်မည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

**နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ဂုဏ်ပြုကဗျာ**

# အလိမ္မာ စာမှာရှိ

❖ ဘဝနံ့ချာ စာမတတ်က
စာဖတ်လို့ မရပါ။
မျက်မမြင် စုံလုံးကန်းသို့
နွမ်းလျကြမ္မာ။
အမှန်စင်စစ် စာပေဆိုတာ
ဘဝမှာ အလိုအပ်ဆုံး။
လူ့ဂုဏ်ရည် အနေမြင့်အောင်
ထပ်ဆင့်ခြယ်မှုန်း။

❖ စာတတ်ပြီး စာမဖတ်က
စာငတ်သည့် လူပျင်းသဖွယ်။
ဘဝမှာ တက်လမ်းချို့လို့
မျက်ကန်းသို့နှယ်။
အကြောင်းအကျိုး စုံလင်တယ်
သိမှတ်ဖွယ် ဘာမှမသိ။
ထင်ရာမြင်ရာနှင့်
ဆင်ခြင်စရာ ဉာဏ်ရည်မဲ့လို့
တလွဲတချော် အယူတိမ်းတဲ့
လူပြိန်းခေါ်၏။

❖ စာဖတ်ရာ အဝန်းအဝိုင်း
စိုင်းပြင်းလို့ ဖော်ဆောင်ကာ။
စာကြည့်တိုက်တွေ တိုးတက်ရေး
ဖေးမကူမှာ။
စာဖတ်ရှိန် မြှင့်ကြပါ
ပြည်မြန်မာ အနာဂတ်အရေး။
ခေတ်မီစွာဖွံ့ဖြိုးတိုးဖို့
ကြိုးကြစို့လေး။

❖ ဗဟုသုတ အကြားအမြင်ရဖို့
သုတစာပေ ဖတ်ရှုလေ။
သိမ်မွေ့ကာ နှလုံးလှဖို့
ရသစာပေ။
သုတရသ နှစ်ဖြာဝေ
အလိမ္မာတွေ စာမှာရှိ။
စာမွေ့သူ လူ့အနှစ်မို့
လူဖြစ်တော်၏။ ။

**မင်းသစ်ဝင်း**

## မျိုးစေ့ချကိရိယာများဖြင့် မိုးစပါးစိုက်ပျိုးခြင်းကွင်းသရုပ်ပြ

**ဘားအံ စက်တင်ဘာ ၇**

ကရင်ပြည်နယ်စက်မှုလယ်ယာဦးစီးဌာန အမှတ်(၂၀)စက်မှုလယ်ယာစခန်း ဘားအံမြို့မှ ကောက်စိုက်စက်ဖြင့် တွဲဖက်သုံး ၁၀ တန်းသွား မျိုးစေ့ချကိရိယာနှင့် လက်ဆွဲမျိုးစေ့ချကိရိယာတို့ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို စက်တင်ဘာလ ၆ ရက်နံနက်ပိုင်းတွင်ဘားအံမြို့နယ် ဘားကပ်စိုက်ပျိုးရေးနည်းပညာပြန့်ပွားရေးစင်တာအနီးရှိ တောင်သူ ဦးအုန်းသန်း၏ လယ်မြေ၌ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးနှင့်တာဝန်ရှိသူများက ကွင်းသရုပ်ပြပွဲသို့တက်ရောက်လာသော တောင်သူဦးကြီးများအား ရင်းနှီးနွေးထွေးစွာတွေ့ဆုံနှုတ်ဆက်ပြီး လက်ဆွဲမျိုးစေ့ချကိရိယာ (Drum Seeder)များနှင့် ပေါင်းသတ်ဆေးများကို ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာန(ခွဲ)မှ မြေဆီဩဇာတိုးတက်ကောင်းမွန်စေသော ငါးအမိုင်နိုအက်စစ်ပြုလုပ်သုံးစွဲနည်းနှင့် အီးအမ်ဘိုကာရှီမြေဆွေးပြုလုပ်သုံးစွဲနည်းများကို လက်တွေ့ပြသသည်။

ယင်းနောက် အမှတ်(၂၀)စက်မှုလယ်ယာစခန်း ဘားအံမြို့က ကောက်စိုက်စက်ဖြင့် တွဲဖက်သုံး ၁၀ တန်းသွား မျိုးစေ့ချကိရိယာနှင့် လက်ဆွဲမျိုးစေ့ချကိရိယာ(Drum Seeder)တို့ဖြင့် မိုးစပါးစိုက်ပျိုးခြင်းကို ကွင်းသရုပ်ပြသကြောင်း သိရသည်။

(၄၀၆)

## ရပ်ကွက်လုံးဆိုင်ရာ ဆီဆွမ်းလောင်းလှူပူဇော်ပွဲ(တတိယအကြိမ်)ကျင်းပ

**ပဲခူး စက်တင်ဘာ ၇**

ပဲခူးမြို့ ကျောက်ကြီးစု ရပ်ကွက်သူ ရပ်ကွက်သားများရှင်ဥပဂုတ္တကျောင်းဆောင်ဓမ္မာရုံမှ လူငယ်ဝတ်အသင်းသူ အသင်းသားများနှင့် အလှူရှင်များစုပေါင်း၍ ကျောက်ကြီးစု ရပ်ကွက်လုံးဆိုင်ရာတတိယအကြိမ်မြောက် ဆီဆွမ်းလောင်းလှူပူဇော်ပွဲကို စက်တင်ဘာလ ၆ ရက်တွင် ကျောက်ကြီးစု ရပ်ကွက် စီမံကိန်း(၁)လမ်း၌ ကျင်းပသည်။

ရှေးဦးစွာ ဆရာတော်သံဃာတော်အရှင်သူမြတ်များက ရှင်ဥပဂုတ္တကျောင်းဆောင်ဓမ္မာရုံ၌ မေတ္တာသုတ်နှင့် ပရိတ်တရားတော်များ ရွတ်ဖတ်ကြပြီး ရှင်ဥပဂုတ္တကျောင်းဆောင်မှစတင်ကာ စီမံကိန်း(၁)လမ်းမှ အုပ်စက်လမ်း၊ စီမံကိန်း(၃)လမ်း၊ သစ်စက်လမ်းတို့တွင် အလှူရှင်များနှင့် ရပ်ကွက်နေမိသားစုများက လောင်းလှူကြသည့် ဆီဆွမ်းအပါအဝင်လှူဖွယ်ပစ္စည်းအစုစုတို့ကိုအလှူခံယူတော်မူသည်။

ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် ကျောက်ကြီးစုရပ်ကွက်အေးစေတီကျောင်းတိုက်ဆရာတော်ထံမှ ရေစက်ချတရားနာယူကြသည်။

အဆိုပါဆီဆွမ်းလောင်းလှူပွဲသို့ပဲခူးမြို့ပေါ်ရှိကျောင်းတိုက်များနှင့် သီလရှင်စာသင်တိုက်များမှ ဆရာတော် သံဃာတော် ၁၁၅ ပါးနှင့် သီလရှင်ဆရာကြီး၊ ဆရာလေး ၄၄ ပါး စုစုပေါင်း ၁၅၉ ပါးတို့အား အလှူဒါနပြုလောင်းလှူခြင်းဖြစ်ကြောင်းသိရသည်။

အောင်ဖြိုးလင်း၊ (၄၁၀)

## လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူးရာထူး ရေးဖြေစာမေးပွဲကျင်းပ

**ပဲခူး စက်တင်ဘာ ၇**



ပဲခူးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ ခေါ်ယူသည့် လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူးရာထူးရေးဖြေစာမေးပွဲကို စက်တင်ဘာလ ၆ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းဆောင်၌ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း၌လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူးရာထူး ရေးဖြေစာမေးပွဲအား သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူ အမျိုးသား ၃၁ ဦး၊ အမျိုးသမီး ၅၇ ဦး စုစုပေါင်း ၈၈ ဦးဝင်ရောက်ဖြေဆိုကြပြီး ရေးဖြေစာမေးပွဲဖြေဆိုနေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန နေပြည်တော်မှဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်ဇင်ကိုကို၊ ပဲခူးတိုင်းဒေသကြီးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးဆန်းအောင်နှင့် ခရိုင်၊ မြို့နယ်တို့မှတာဝန်ရှိသူများက လာရောက်ကြီးကြပ်ကြကြောင်းသိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

## မြဝတီရုပ်မြင်သံကြားအစီအစဉ် ၈-၉-၂၀၂၅(တနင်္လာနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် | ၉။ | ၁၃:၀၀ | လူတိုင်းကျန်းမာ သိမှတ်စရာ |
| ၂။ | ၀၇:၁၆ | မေတ္တာပို့ | ၁၀။ | ၁၄:၀၀ | Myanmar Traditional Food |
| ၃။ | ၀၇:၂၀ | ကိုယ်လက်လှုပ်ရှား အားကစား | ၁၁။ | ၁၅:၀၀ | ပန်းပေါင်းစုံစွာအနုပညာ |
| ၄။ | ၀၈:၀၀ | မောင်မယ်လေးများ သိစေချင် | ၁၂။ | ၁၈:၀၀ | မြဝတီရုပ်မြင်သံကြား သတင်း |
| ၅။ | ၀၉:၀၀ | Soft Skill | ၁၃။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြား သတင်းမှန်များ |
| ၆။ | ၁၀:၀၀ | မွေးမြူသုတ | ၁၄။ | ၁၈:၄၀ | ကျန်းမာသုတ |
| ၇။ | ၁၁:၀၀ | ကမ္ဘာ့ရေးရာမှတ်သားစရာ | ၁၅။ | ၁၉:၀၀ | **CGTN Nature(အပိုင်း-၃၀)** |
| ၈။ | ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု | | | |

-----------------------------------------------------------

## MWD Variety Channel ၈-၉-၂၀၂၅(တနင်္လာနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၁၀:၄၅ | Countries of the World | ၃။ | ၁၈:၄၅ | ဘယ်သူပြိုင်လို့လုပါတော့နိုင် (ဇာတ်သိမ်းပိုင်း) (ရုပ်မြင်သံကြားဇာတ်လမ်း) |
| ၂။ | ၁၂:၄၅ | ပေး၍မကုန်ပေ မွန်မြတ်လှတဲ့ ပညာအမွေ | ၄။ | ၂၁:၀၅ | မှတ်တမ်း အစီအစဉ် |

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ကြံ့ရည်ရွယ်လျက် မလပ်မခြားပြီ မြန်ပြည်အတွက် မရပ်မနားချီ

ပြည်စိုးညိမ်း

"မည်သို့သော အကြောင်းတရားကြောင့်ဖြစ်စေ ခရီးသွားလာရခြင်းမှာ အင်မတန်နှစ်သက်မြတ်နိုးအပ်သော အရာဖြစ်သည်။ ခရီးသွားလာမှုမှတစ်ဆင့် မတူညီသည့်နိုင်ငံများ၊ လူမျိုးများ၏သမိုင်း၊ ယဉ်ကျေးမှု၊ ဘာသာရေး၊ အတွေးအခေါ်၊ ယုံကြည်မှု၊ ဓလေ့ထုံးစံများကိုသိရှိပြီး လေးစားလိုက်နာခြင်း၊ ခရီးသွားလုပ်ငန်း မြှင့်တင်ခြင်း၊ ကမ္ဘာ့နိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း၊ ခရီးသွားအတွေ့အကြုံများမှတစ်ဆင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ခြင်းစသည့် တန်ဖိုးမဖြတ်နိုင်သော အကျိုးတရားများစွာကို ဖြစ်ထွန်းရရှိစေနိုင်သည်။" ဟူ၍ တရုတ်လူမျိုးစာရေးဆရာ Liu Yu Tang ၏ The Enjoyment of Travel အက်ဆေးတွင် အမှတ်ထင်ထင် ဖတ်ရဖူးသည်။

မှန်ပါသည်။ ခရီးသွားလာခြင်းမှတစ်ဆင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားစေခြင်း၊ အပြည်ပြည်ဆိုင်ရာနားလည်မှုရရှိစေရေး၊ ငြိမ်းချမ်းရေးသာယာဝပြောရေးနှင့်တန်းတူအခွင့်အရေးရရှိစေရေး စသောအချက်များကို ရရှိစေနိုင်မည်ဖြစ်သည်။

သည်သဘောကိုနိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ်သွားရောက်စဉ်အတွင်း ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည့် အကျိုးရလဒ်များနှင့် ချိန်ထိုး၍သိနိုင်သည်။

သာယာလှပသော ဟာပင်းမြို့၏ ဒုတိယမြောက်နေ့ရက်ပင်ဖြစ်သည်။ စက်တင်ဘာလ ၅ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် Beidahaung Smart Agriculture Exhibition Center သို့ သွားရောက်၍ စိုက်ပျိုးရေးကဏ္ဍတွင် ခေတ်မီဒစ်ဂျစ်တယ်နည်းပညာ၊ လူမဲ့နည်းပညာဖြင့် AI စနစ်သုံး ကောက်စိုက်စက်များ၊ ရေသွင်းရေထုတ်ဆောင်ရွက်နေမှုများ၊ Drone နည်းပညာများအသုံးပြု၍ ဆောင်ရွက်နေကြပုံများကို ကြည့်ရှုလေ့လာကြသည်။

မြန်မာနိုင်ငံသည်စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်သည်။ ခေတ်မီနည်းစနစ်များနှင့်အညီ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ရာနှုန်းပြည့်ကူးပြောင်းနိုင်ရေး အရှိန်အဟုန်မြှင့်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေးအတွက်ဆိုလျှင် အပင်အရေအတွက် ပြည့်မီအောင်စနစ်တကျစိုက်ပျိုးခြင်းမှ စတင်ရမည်ဖြစ်သည်။ မျိုးသန့်အသုံးပြုခြင်း၊ မြေဩဇာထည့်ခြင်း၊ မြေပြုပြင်ခြင်းများကိုဆောင်ရွက်ပေးရမည်ဖြစ်သည်။ ထို့ပြင် စိုက်ပျိုးရေ၊ အောင်ရေရရှိရေးအတွက် ဆောင်ရွက်ပေးရမည်ဖြစ်သည်။ ယခုကြည့်ရှုလေ့လာခွင့်ရသည့် နည်းပညာများမှာ ထိုအရာများကို အောင်မြင်စွာဖြည့်ဆည်းပေးနိုင်ကြောင်းလက်တွေ့အကျိုးရလဒ်များက သက်သေခံလျက်ရှိသည်။



နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့မှာ တန်ဖိုးရှိသောအချိန်များကို တန်ဖိုးရှိသောဆောင်ရွက်မှုများဖြင့် အလဲအထပ်ပြုနေဘိသို့။ Heilongjing Huida Technology Co., Ltd. သို့ဆက်လက်ထွက်ခွာ၍ မောင်းသူမဲ့ယာဉ်ယန္တရားများထုတ်လုပ်မှု၊ စိုက်ပျိုးရေးအထောက်အကူပြု Drone များထုတ်လုပ်မှု၊ AI စနစ်သုံး မြေအခြေအနေတိုင်းတာရေးပစ္စည်းများ ထုတ်လုပ်မှုတို့ကို စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

နိုင်ငံတော်အကြီးအကဲ၏တရုတ်ပြည်သူ့သမ္မတနိုင်ငံ အလုပ်သဘောခရီးစဉ်မှာ မပြီးဆုံးသေးပေ။ ဆက်လက်၍ ဟာပင်းမှသည် ချန်ဒူးဆီသို့ ခရီးနှင်ရဦးမည်ဖြစ်သည်။ နေ့လယ်ပိုင်းတွင် ဟာပင်းမြို့ Taiping International Airport မှတစ်ဆင့် ထွက်ခွာခဲ့သည်။ လေယာဉ်စီးချိန် အနည်းငယ်ကြာမြင့်ပြီးနောက် ဒေသစံတော်ချိန် ညနေပိုင်းတွင် ချန်ဒူးမြို့ Chengdu Shuangliu International Airport သို့ ဆိုက်ရောက်ကြသည်။ ချန်ဒူးမြို့သို့ နိုင်ငံတော်အကြီးအကဲရောက်ရှိသည့် ငါးကြိမ်မြောက် ခရီးစဉ်လည်းဖြစ်သည်။

ချန်ဒူးမြို့သည် စီချွမ်းပြည်နယ်၏ မြို့တော်ဖြစ်သည်။ လူဦးရေ ၁ ဒသမ ၆ သန်းကျော် မှီတင်းနေထိုင်လျက်ရှိသည်။ ကုန်စည်ကူးသန်းရောင်းဝယ်ရေးနှင့် ဖြန့်ဖြူးရေးတွင် ဗဟိုချက်ကျသည်နှင့်အညီ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်နေသော ခေတ်မီမြို့ကြီးတစ်မြို့လည်းဖြစ်သည်။

ချန်ဒူးမြို့တွင် ပြီးခဲ့သည့် ဩဂုတ်လ ၇ ရက်မှ ၁၇ ရက်အထိ ကမ္ဘာ့အားကစားပြိုင်ပွဲကျင်းပခဲ့ရာ ၎င်းပြိုင်ပွဲကြီးတွင် မြန်မာနိုင်ငံနဂါးလှေလှော်အသင်းသည် ပြိုင်ပွဲလေးခု၌ ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့သည်မှာ ဂုဏ်ယူဖွယ်ပုံရိပ်များပင်ဖြစ်သည်။

ချန်ဒူးမြို့သို့ရောက်ရှိပြီးမကြာမီ ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် စီချွမ်ပြည်နယ်ပါတီအတွင်းရေးမှူး Mr. Wang Xiaohui နှင့် Jin Jiang Hotel ၌ တွေ့ဆုံဆွေးနွေးသည်။

နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု၊ စီချွမ်ပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာများကို အကျယ်တဝင့်ဆွေးနွေးကြပြီးသည့်နောက် နိုင်ငံတော်အကြီးအကဲက မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ချိန်တွင် လူသားချင်းစာနာထောက်



ထားစွာဖြင့် စီချွမ်ပြည်နယ်မှ အကူအညီပေးရေးအဖွဲ့များ အလျင်အမြန်စေလွှတ်ပေးခဲ့မှုအပေါ် မမေ့မလျော့ကျေးဇူးစကားဆိုသည်။

ဆက်လက်၍ စီချွမ်ပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်စက်မှုနည်းပညာများပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ချန်ဒူးမြို့၏ ဒုတိယနေ့ ခရီးစဉ် စက်တင်ဘာလ ၆ ရက်နေ့တွင်ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် China Southwest Architectural Design and Research Institute Corporation(CSWADI) သို့ သွားရောက်ခဲ့သည်။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံအဆောက်အအုံများ ပြည့်စုံနေရန်လိုအပ်သည်။ တစ်ဖန် ထိုအဆောက်အအုံများ၏အရည်အသွေးမှာလည်း မြင့်မားကောင်းမွန်နေရန်လိုအပ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အရည်အသွေးမြင့်မားသော အခြေခံအဆောက်အအုံများတည်ဆောက်ခြင်းမှာ မလွဲမသွေဆောင်ရွက်နေရမည့်အရာပင်ဖြစ်သည်။

ကော်ပိုရေးရှင်းမှ တာဝန်ရှိသူများက စွမ်းအင်ချွေတာနိုင်သည့် ဆောက်လုပ်ရေးစီမံကိန်းများ၊ အထပ်မြင့်အဆောက်အအုံများ၊ တံတားများ၊ ဟိုတယ်များ၊ အားကစားရုံများ၊ ဆေးရုံများ၊ နိုင်ငံတကာတွင် ဆောက်လုပ်လျက်ရှိသည့်အဆောက်အအုံများနှင့် ငလျင်ဒဏ်ခံအဆောက်အအုံများဆောက်လုပ်နိုင်ရန် သုတေသနပြုလုပ်၍ ဒီဇိုင်းအသစ်များရေးဆွဲဆောက်လုပ်လျက်ရှိမှုအခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြကြသည်။ နိုင်ငံတော်အကြီးအကဲမှလည်း အမိနိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေနိုင်မည့်အရာများကို မေးခွန်းများမေး၍ စေ့ငုသည်။ စူးစမ်းသည်။ စိတ်အားထက်သန်စွာပြန်လည်ဆွေးနွေး၍ အပြုသဘောဆောင်သော ရလဒ်ကောင်းများကိုဆောင်ကြဉ်းသည်။

ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဒုတိယအကြိမ်တွေ့ဆုံပွဲကို ကျင်းပသည်။ နေရာမှာ Shangri la ဟိုတယ်၌ဖြစ်၏။ တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် ယူနန်ပြည်နယ်၊ စီချွမ်ပြည်နယ်၊ ချုံချင့်မြူနီစီပယ်ဒေသနှင့် ဟူနန်ပြည်နယ်တို့မှ တရုတ်စီးပွားရေးလုပ်ငန်းရှင်များနှင့် စီးပွားရေးပညာရှင်များ စုံညီစွာတက်ရောက်ကြသည်။ အသစ်အသစ်သော ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂိုလ်များလည်း တက်ရောက်ကြသည်။

နိုင်ငံတော်အကြီးအကဲက အမှာစကားကို နှစ်ကာလကြာမြင့်စွာ ဖြစ်ထွန်းခိုင်မာလျက်ရှိသည့် နှစ်နိုင်ငံချစ်ကြည်ရေးသမိုင်းကြောင်းမှအစပြု၍ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မြင့်မားတိုးတက်လာမှုများကို ခိုင်မာသည့်အချက်အလက်များ၊ ကိန်းဂဏန်းစာရင်းဇယားများဖြင့် အစပြုသည်။

မြန်မာ-တရုတ်နယ်စပ်တစ်လျှောက်တွင် စုစုပေါင်း နယ်စပ်ဂိတ်ရှစ်ခုရှိသည့်အနက် လုံခြုံရေးအခြေအနေအရ နယ်စပ်ဂိတ်တစ်ခုသာဖွင့်လှစ်နိုင်သည်။ နှစ်နိုင်ငံနယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်နိုင်မည်ဆိုပါက ကုန်စည်စီးဆင်းမှုများ ပိုမိုမြန်ဆန်လာမည်ဖြစ်သည်။ ထိုအခါ မြန်မာနိုင်ငံ အရှေ့မြောက်ဒေသမှတစ်ဆင့် ယူနန်ပြည်နယ်၊ စီချွမ်ပြည်နယ်၊ ချုံချင့်မြူနီစီပယ်ဒေသ၊ ကွမ်ရှီးပြည်နယ်နှင့် နန်နင်းမြို့အထိ ကုန်သွယ်ရေးလမ်းကြောင်းကို ဆက်လက်တိုးချဲ့နိုင်ပေမည်၊ သို့ဆိုလျှင် တရုတ်-မြန်မာ နှစ်နိုင်ငံလုံးအတွက် **စာမျက်နှာ ၁၂ သို့** ■


■ **စာမျက်နှာ ၁၁ မှအဆက်**

အဓိကကုန်သွယ်ရေးလမ်းကြောင်းကြီးဖြစ်လာမည့်အပြင် တရုတ်နိုင်ငံ အရှေ့တောင်ပိုင်းဒေသ၊ အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများမှ မြန်မာနိုင်ငံကို ပေါင်းကူးတံတား(Landbridge)အနေဖြင့် အသုံးပြုပြီး အာဆီယံနိုင်ငံများသို့လည်း စီးပွားရေးဆိုင်ရာ ကုန်သွယ်ချိတ်ဆက်မှုများ ဆက်လက်လုပ်ဆောင်လာနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏ဆွေးနွေးမှုများမှာ မိမိနိုင်ငံ၏အမျိုးသားအကျိုးစီးပွားကို ဦးတည်သည်။ ထို့နည်းတူ အခြားတစ်ဖက်သို့လည်း အခွင့်အလမ်းများကို လမ်းဖွင့်ပေးခြင်းဖြင့်သိမ်မွေ့သော သံတမန်စွမ်းရည်နှင့် ကျယ်ပြန့်သောစီးပွားရေးအမြင်တို့ ပေါင်းစပ်နေသည်ကို တွေ့မြင်နိုင်သည်။

ချန်ဒူးမြို့သည် တရုတ်နိုင်ငံအနောက်ပိုင်းရှိ အဓိကစီးပွားရေးစင်တာကြီးဖြစ်သည်။ Intel၊ Foxconn၊ Dell တို့ကဲ့သို့သော အီလက်ထရောနစ်နှင့် အိုင်တီနည်းပညာကုမ္ပဏီများ၊ စက်မှုလုပ်ငန်းများ၊ မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းများ၊ စားသောက်ကုန်နှင့် ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီများ စသည်ဖြင့် လုပ်ငန်းကြီးပေါင်းများစွာ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ တရုတ်နိုင်ငံအနောက်ပိုင်းဒေသတွင် ပထမဆုံး AI နည်းပညာဆန်းသစ်တီထွင်မှုနှင့် အသုံးချမှုစမ်းသပ်ဇုန်အဖြစ် မှတ်တိုင်ထူခဲ့သော မြို့လည်းဖြစ်သည်။

ဆက်လက်၍ စီချွမ်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများ၊ မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့နှင့် ချန်ဒူးမြို့တို့အကြား ချစ်ကြည်ရေးညီအစ်မမြို့ တည်ထောင်ရေးဆိုင်ရာများ၊ ရန်ကုန်-ချန်ဒူး ခရီးသည်တင်လေကြောင်းလိုင်းများ ပြန်လည်ပြေးဆွဲရေးဆိုင်ရာကိစ္စရပ်များ၊ တရုတ်နိုင်ငံက ဦးစီးဆောင်ရွက်နေသည့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (Belt and Road Initiative-BRI) တွင် မြန်မာနိုင်ငံအနေဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများအပါအဝင် စီးပွားရေး၊ ပညာရေး၊ ပို့ဆောင်ရေး၊ ရေနက်ဆိပ်ကမ်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် လျှပ်စစ်ဓာတ်အားဆိုင်ရာ ... 



တရုတ်စီးပွားရေးလုပ်ငန်းရှင်များ၏ စိတ်အားထက်သန်စွာ တုံ့ပြန်ဆွေးနွေးမှုများကလည်း အားတက်ဖွယ်ဖြစ်သည်။ “ရှည့်လည်းလျှောက်သာ ပျားလည်းစွဲသာ” ဆိုသော မြန်မာစကားပုံတစ်ခုရှိသည်။ သည်တာက်ခေတ်တွင်ထိုအဓိပ္ပာယ်မျိုးကိုပင် win-win အခြေအနေဟု သုံးနှုန်းကြလေ့ရှိသည်။ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေခြင်းဆိုသည်မှာ အရှည်သဖြင့် အလွန်ကောင်းမွန်သော မူခြေတစ်ခုပင်ဖြစ်သည်။ ပါဝင်သူများ၏ စိတ်သဘောထားကြီးမြင့်မှုနှင့် ရင့်ကျက်ခြင်းကို ပြသနိုင်သည့် အမှတ်လက္ခဏာလည်းဖြစ်သည်။

Shangri la ဟိုတယ်၏ အောင်မြင်သော တွေ့ဆုံမှုအပြီးတွင် အချိန်မှာ မွန်းလွဲပိုင်းသို့ပင် ရောက်ရှိခဲ့လေပြီ။ နိုင်ငံတော်အကြီးအကဲ၏ တရုတ်နိုင်ငံသို့ အလုပ်သဘောခရီးစဉ်မှာ အပိုင်းသုံးပိုင်းစလုံး အောင်မြင်စွာ ပြီးမြောက်ခဲ့ပြီဖြစ်သည်။

အချိန်ဟူသည် ရပ်တန့်နေသည်ဟူ၍ မရှိစကောင်း။ ထို့အတူပင် တာဝန်သိသိ၊ တာဝန်ရှိရှိလုပ်ကိုင်ဆောင်ရွက်နေကြသူတို့သည်လည်း ထိုအချိန်တို့နှင့်အတူပင် မရပ်မနား ခရီးနှင်လျက်ရှိကြပါ၏။ ခရီးစဉ်တစ်လျှောက်တွင် နိုင်ငံတော်အကြီးအကဲနှင့် အဆင့်မြင့်ကိုယ်စားလှယ်ကြီးများ ထမ်းဆောင်ရသော တာဝန်ဝတ္တရားများမှာ ကြီးမားလှပေသည်။ သို့သော် သူတို့ခြေလှမ်းများမှာ ဖြောင့်မတ်ကြံ့ခိုင် မယိမ်းမယိုင်ရှိနေကြ၏။ မိမိနိုင်ငံကို ကိုယ်စားပြုသည့် အကြီးအကဲတစ်ဦးက ကမ္ဘာ့မျက်နှာစာတွင် နိုင်ငံနှင့်ချီသည့် အတ္တ-ပရ မျှတသော အကျိုးရလဒ်များကို ရည်ညွှန်းဖော်ဆောင်ပေးနိုင်ခဲ့သည့်အတွက် ဂုဏ်ယူဖွယ်ရာဖြစ်သည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ လုပ်ငန်းစွမ်းဆောင်ရည်တန်ဖိုးနှင့် အလုပ်ပြီးမြောက်မှုနှုန်းမှာ နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အနမတဂ္ဂပင်ဖြစ်သည်ဟု ဆိုရပါမည်။ မိမိနိုင်ငံတော်၊ မိမိနိုင်ငံသားများနှင့် အိမ်နီးချင်းမိတ်ဖက်နိုင်ငံတည်းဟူသော မျက်နှာစာသုံးရပ်အတွက် မျှတညီညွတ်သော အကျိုးကျေးဇူးများကို ဖော်ဆောင်ပေးနိုင်ခဲ့ကြသည်။ ကမ္ဘာ့စင်မြင့်ထက်တွင် မိတ်ကောင်းဆွေကောင်းတို့၏ တန်ဖိုးကြီးမားသော ဂုဏ်အင်္ဂါရပ်များကို သက်သေစိုက်ထူနိုင်ခဲ့ကြသည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ ၆ ရက် မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူးမြို့ရှိ Chengdu Shuangliu အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာရာ မြန်မာစံတော်ချိန် ညနေပိုင်းအချိန်တွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိလာကြသည်။



လေဆိပ်တွင် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသားတရုတ်နွယ်ဖွား ပြည်သူများ၊ တရုတ်ရိုးရာ နဂါးနှင့် ခြင်္သေ့အကအဖွဲ့၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် အကအဖွဲ့များ၊ ဘာသာပေါင်းစုံအသင်းအဖွဲ့များ၊ အနုပညာရှင်များနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

တိုင်းရင်းသားရိုးရာ အကအလှအဖွဲ့များကလည်း ပျော်ရွှင်ဝမ်းမြောက်စွာ တီးမှုတ်ကခုန်၍ ဂုဏ်ပြုကြိုဆိုကြသည်။ နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်ပြန်လည်ရောက်ရှိမှုကို ဝမ်းပန်းတသာကြိုဆိုနှုတ်ဆက်ကြခြင်းပင်ဖြစ်သည်။ အမိအဖသဖွယ်ဖြစ်သော နိုင်ငံ့ခေါင်းဆောင်အပေါ် သူတို့တစ်တွေ၏ ယုံကြည်ကိုးစားမှုနှင့် အားပေးထောက်ခံမှုကို တစ်ခဲနက်ပြသကြခြင်းဖြစ်သည်။ ကြိုဆိုသူတိုင်း၏ လက်ဝယ်တွင်မြန်မာနိုင်ငံအလံနှင့် တရုတ်နိုင်ငံအလံငယ်လေးများမှာ ညနေခင်း၏ အေးမြသော လေပြည်နှင့်အတူ တလူလူ တဖျပ်ဖျပ် လွင့်မြူးလျက်ရှိနေကြသည်။

“မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍအလိုက် အောင်မြင်ပါစေ”၊ “နိုင်ငံ့အရေးအတွက် ဆောင်ရွက်ခဲ့သော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အား လှိုက်လှဲစွာကြိုဆိုပါ၏”၊ “မြန်မာ-တရုတ် အေးအတူပူအမျှဖြင့် ဆွေမျိုးပေါက်ဖော်ချစ်ကြည်မှု အောင်မြင်ပါစေ” စသည့် ဆိုင်းဘုတ်များကိုလည်းကောင်း၊ အကြီးအကဲ၏တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခရီးစဉ်အတွင်း စွမ်းစွမ်းတမံ လှုပ်ရှားဆောင်ရွက်ခဲ့သည့်ရုပ်ပုံများကိုလည်းကောင်း လက်ဝယ်ကိုယ်စီ အမြတ်တနိုးကိုင်ဆောင်ထားကြသည်။

“တရုတ်-မြန်မာ ချစ်ကြည်ရေး အစွန့်ရှည်ပါစေ”၊ “အမျိုး၊ ဘာသာ၊ သာသနာအတွက် ကြိုးပမ်းဆောင်ရွက်နေသည့် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျန်းမာပါစေ”၊ “ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျန်းမာပါစေ”၊ “တရုတ်-မြန်မာ ချစ်ကြည်ရေးခိုင်မြဲပါစေ”၊ “တရုတ်-မြန်မာ ချစ်ကြည်ရေး အစွန့်ရှည်ပါစေ” စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညီ ဟစ်ကြွေး၍ သောင်းသောင်းဖြဖြ ကြိုဆိုနေကြပုံမှာ ကြက်သီးမွေးညင်းထဖွယ်ဖြစ်သည်။ အကြီးအကဲကလည်း ကားမှန်ကိုချ၍လက်ပြကာ အပြုံးဖြင့်တုံ့ပြန်နှုတ်ဆက်လေသည်။ နိုင်ငံတော်အကြီးအကဲ၏ စေတနာအရင်းခံဖြင့် ကြိုးစားအားထုတ်ခဲ့မှုများကို ပြည်သူအပေါင်းက ဝမ်းမြောက်ဝမ်းသာ အသိအမှတ်ပြုဂုဏ်ပြုကြိုဆိုကြသည်။ ယင်းတို့၏ စေတနာစိတ်ဖြင့် ကြိုဆိုမှုများကို အကြီးအကဲက မေတ္တာစိတ်ဖြင့် ကမ်းလင့်တုံ့ပြန်သည်။ မေတ္တာဆိုသည်မှာ အလျားအနံမရှိသော်ငြား ကူးလူးတုံ့တင်အသွားအပြန်ရှိတတ်သည်ဆိုခြင်းမှာ မှန်လှပါ၏။ အပေးအယူမျှမျှ သဟဇာတကျကျဖြင့် မင်္ဂလာရှိသောမြင်ကွင်းတစ်ရပ်ပင်ဖြစ်ပါ၏။

နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ပြည်တော်ပြန်ခရီးကို တာဝန်ရှိပုဂ္ဂိုလ်များသာမက တိုင်းရင်းသားပြည်သူများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ မြန်မာနိုင်ငံသားတရုတ်နွယ်ဖွားပြည်သူများ၊ဘာသာပေါင်းစုံအသင်းအဖွဲ့များ၊ အနုပညာရှင်များ၊ ကျောင်းသား၊ကျောင်းသူများနှင့် ဒေသခံပြည်သူများကပါ သောင်းသောင်းဖြဖြ လှိုက်လှဲနွေးထွေးစွာ ဂုဏ်ပြုကြိုဆိုနေကြသည့်မြင်ကွင်းမှာ ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုနှင့် အေးအတူပူအမျှ တစ်သားတည်းဖြစ်သော ခံစားမှုတို့ကို နွေးထွေးစွာခံစားရစေသည်။

အထူးပြု၍ဆိုရပါလျှင်ကြံ့ရည်ရွယ်လျက် မလပ်မခြားစေရန် မြန်ပြည်အတွက် မရပ်မနားချီခဲ့သည့် နိုင်ငံတော်အကြီးအကဲ၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အလုပ်သဘောခရီးစဉ်မှာ အောင်ပန်းအထွေထွေနှင့် အောင်လမ်းလျှောက်နိုင်ခဲ့သည့် အောင်မြင်သောခရီးစဉ်တစ်ခုဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

# လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူးရာထူးအတွက် ပြည်ထောင်စုနယ်မြေနေပြည်တော်မှ လျှောက်ထားကြသူများ အင်္ဂလိပ်စာရေးဖြေစာမေးပွဲဖြေဆိုနေမှု ပြည်ထောင်စုဝန်ကြီး လှည့်လည်ကြည့်ရှုအားပေး

နေပြည်တော် စက်တင်ဘာ ၇

လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူးရာထူးအတွက် တိုင်းဒေသကြီး/ပြည်နယ်များရှိသတ်မှတ်နေရာအသီးသီး၌ အင်္ဂလိပ်စာရေးဖြေစာမေးပွဲများ တစ်ပြိုင်တည်းကျင်းပပြီး ပြည်ထောင်စုနယ်မြေနေပြည်တော်တွင် စာမေးပွဲကို ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဝန်ကြီး ဦးငွေးလှိုင်နှင့် တာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းက အဆိုပါစာမေးပွဲကျင်းပရာသို့ သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ်အသီးသီး၌ အင်္ဂလိပ်စာ ရေးဖြေစာမေးပွဲကျင်းပနေမှုကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တစ်နေရာတည်းမှ ကြည့်ရှုကြပ်မတ်ဆောင်ရွက်နိုင်ရေးအတွက် ကျောင်းခန်းမနားနေဆောင်အတွင်း စီစဉ်ထားရှိသည့်နေရာမှ ပြည်ထောင်စုဝန်ကြီးက စာမေးပွဲဖြေဆိုသူများ စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရေး အလေးထားဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဝန်ကြီးဌာနတွင် လစ်လပ်လျက်ရှိသည့် လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူးရာထူးအတွက် အမျိုးသား/အမျိုးသမီးဝန်ထမ်း စုစုပေါင်း ၁၅၀ ခန့်ထားနိုင်ရေးအတွက် သတ်မှတ်ချက်နှင့်အညီ လျှောက်ထားသူများကို အင်္ဂလိပ်စာရေးဖြေစာမေးပွဲကို ယနေ့ကျင်းပခြင်းဖြစ်ပြီး ပြည်ထောင်စုနယ်မြေနေပြည်တော်အနေဖြင့် အမျိုးသား ၈၃ ဦး၊ အမျိုးသမီး ၅၀ စုစုပေါင်း ၁၃၃ ဦး ဖြေဆိုခဲ့ကြကြောင်းနှင့် အဆိုပါအင်္ဂလိပ်စာရေးဖြေစာမေးပွဲ ဖြေဆိုအောင်မြင်သူများကို ကွန်ပျူတာစစ်ဆေးခြင်းနှင့် လူတွေ့နှုတ်ဖြေစစ်ဆေးခြင်းတို့ကို မကြာမီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကာ စစ်ဆေးမှုအောင်မြင်သူများကို လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူးရာထူးဖြင့် ဝန်ထမ်း



အဖြစ် ခန့်ထားရေးလုပ်ငန်းစဉ်အတွင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ အားကစားကွင်း၊ အားကစားရုံများနှင့် ပြင်ဦးလွင်မြို့ရှိ ဟိုတယ်လုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကွင်းဆင်းကြည့်ရှုစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၇

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ ပြင်ဦးလွင်ခရိုင်အားကစားကွင်း ကွဲ့ခိုင်မှုအခြေအနေ၊ တင်းနစ်ကွင်း၌တင်းနစ်အားကစားသမားများ လေ့ကျင့်နေမှုနှင့် တိုက်ကွမ်ဒိုအားကစားရုံ၌ မျိုးဆက်သစ်တိုက်ကွမ်ဒိုအားကစားသမားများ လေ့ကျင့်နေမှုကိုလည်းကောင်း၊ ပြင်ဦးလွင်မြို့နယ် အားကစားကွင်း၌ ၂၀၂၅-၂၀၂၆ ခုနှစ် ကိုယ်ပိုင်ကျောင်းများ၏ ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲ မူလတန်းအဆင့် အမျိုးသားဘောလုံးပြိုင်ပွဲကို ကျင်းပယှဉ်ပြိုင်ကစားနေမှုကိုလည်းကောင်း ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ထောက်ပံ့ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် နောင်ချိုအားကစားကွင်း၊ မိုးလုံလေလုံအားကစားရုံနှင့် နှစ်ထပ်ပွဲကြည့်စင်များကွဲ့ခိုင်မှုအခြေအနေ၊ ရေလိုင်း၊ မီးလိုင်းများသွယ်တန်းထားရှိမှု၊ ရေစင်တည်ဆောက်ထားရှိမှုနှင့် မြက်ဖြတ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားကာ မြို့နယ်အားကစားတာဝန်ခံထံ ကျောပိုးမြက်ဖြတ်စက်နှင့် လက်တွန်းမြက်ဖြတ်စက်များ ထောက်ပံ့ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့ရှိ နိုင်ငံပိုင်ငှားရမ်းထားသည့် ဟိုတယ်များကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ဟိုတယ်အဆောက်အအုံများ၊ အခန်းများမွမ်းမံပြင်ဆင်ထားရှိမှု၊ ဧည့်သည်များ လာရောက်တည်းခိုနေထိုင်နေမှု၊ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုများပေးနိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် သန့်ရှင်းသာယာလှပရေး ပြင်ဆင်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြင်ဦးလွင်မြို့ကို ခရီးသွားမြို့တော်၊ အားကစားမြို့တော်၊ ပန်းမြို့တော်၊ ကျန်းမာရေးမြို့တော်၊ ကော်ဖီမြို့တော်ဖြစ်စေရေးအတွက် အကောင်အထည်ဖော်သည့်လုပ်ငန်းစဉ်များတွင် ဟိုတယ်လုပ်ငန်းဆောင်ရွက်သူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်းသိရသည်။

မြဝတီ


# ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် ငလျင်ဘေးပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ကွင်းဆင်းစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၇

ဇမ္ဗူသီရိမြို့နယ်ရှိ မင်္ဂလာကန် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကန်ပေါင်များ၊ လျှောက်လမ်းများနှင့် လမ်းဘေးပလက်ဖောင်းများ ပြုပြင်နေမှုအခြေအနေကို ယမန်နေ့ညနေပိုင်းက နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းများအပိုင်းလိုက် အမြန်ပြီးစီးအောင် ဆောင်ရွက်ရန်၊ မင်္ဂလာကန်အတွင်း အမှိုက်များ၊ ဒိုက်များမရှိစေရေး ရှင်းလင်းဆောင်ရွက်ရန်နှင့် သန့်ရှင်းသာယာလှပရေးဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှတာဝန်ရှိသူများသည် ပျဉ်းမနားမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ နယ်မြေခံတပ်မတော်သားများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများမှ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် လောမြို့တွင်း သန့်ရှင်းသာယာလှပရေးနှင့် အခြေခံပညာအထက်



တန်းကျောင်း၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူများစုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၇

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှု အားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

# လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်တွင် မဲဆန္ဒရှင်ပြည်သူများအား MEVM မဲပေးစက်ဆိုင်ရာအသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်တွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီတို့ပူးပေါင်း၍ အမှတ်(၁၀) ရပ်ကွက် အ.ထ.က(၁၀)နှင့်အ.လ.က(၂၁) အခြေခံပညာကျောင်းတို့တွင် မဲဆန္ဒရှင်ပြည်သူများအား MEVM မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့်လက်တွေ့စမ်းသပ်မဲပေးခြင်းအစီအစဉ်ကို ယမန်နေ့နံနက် ၉ နာရီခွဲက ကွင်းဆင်းပြုလုပ်ခဲ့သည်။

ထို့နောက် အဆိုပါအစီအစဉ်တွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းနိုင်နှင့် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့အတွင်းရေးမှူး ဒေါ်သန်းသန်းဌေးတို့က မြို့နယ်ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး မဲဆန္ဒရှင်ပြည်သူများအနေဖြင့်မဲပေးကာလတွင် အခက်အခဲမရှိမဲပေးနိုင်စေရန်ရည်ရွယ်၍ ယခုလိုကွင်းဆင်းဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်းနှင့် MEVM မဲပေးစက်ဖြင့် လက်တွေ့အသုံးပြုပုံများကိုရှင်းလင်းပြောကြားပြီး ရပ်ကွက်နေပြည်သူများအား လက်တွေ့စမ်းသပ်မဲပေးခြင်းလုပ်ငန်းများကိုပြုလုပ်သည်။

အဆိုပါကွင်းဆင်းဆောင်ရွက်ရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ နည်းပြဆရာ၊ ဆရာမများ ရပ်ကွက်ကော်မရှင်အဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများတက်ရောက်ခဲ့ကြောင်းသတင်းရရှိသည်။ **မြို့နယ်(ပြန်/ဆက်)**



# မင်္ဂလာဒုံမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းဆောင်ရွက်

**မင်္ဂလာဒုံ စက်တင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံခရိုင် မင်္ဂလာဒုံမြို့နယ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့ပူးပေါင်း၍ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ယမန်နေ့ နံနက် ၉ နာရီမှ ညနေ ၃ နာရီထိ သတ်မှတ်စုရပ်နေရာများအသီးသီး၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ သတ်မှတ်စုရပ်နေရာများဖြစ်သော နှစ်ကျိပ်ရှစ်ဆူဆွမ်းလောင်းရုံ၊ လေဆိပ်ဝန်ထမ်းအိမ်ရာဆွမ်းလောင်းရုံ၊ အောင်မင်္ဂလာအဝေးပြေးကားဝင်း၊ သာသနာ့ရက္ခိတဓမ္မာရုံတို့၌ အနန်းပင်ရပ်ကွက်မှ ပြည်သူ ၂၁၄၁ ဦး၊ ချစ်တီးကုန်းရပ်ကွက်မှပြည်သူ ၁၂၇၂ ဦးတို့အား မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ အတွင်းရေးမှူးတို့က ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မဲပေးကာလတွင် အခက်အခဲမရှိမဲပေးနိုင်စေရန်ရည်ရွယ်လျက် ယခုလိုကွင်းဆင်းဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်းနှင့် MEVM မဲပေးစက်ဖြင့်လက်တွေ့အသုံးပြုပုံများကို အသိပညာပေးရှင်းလင်းပြောကြားခဲ့ပြီး ရပ်ကွက်နေပြည်သူများအား လက်တွေ့စမ်းသပ်မဲပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

အခမ်းအနားသို့ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကောင်းညွန့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထူးကျော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ခွဲဝင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများက တက်ရောက်ကြပြီး မဲဆန္ဒရှင်ပြည်သူများနှင့်အတူ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခဲ့ကြကြောင်း သိရသည်။ **မင်းသိန်းထွန်း**



**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နောင်ချိုမြို့နယ်၌ မဲပေးစက်ဆိုင်ရာအသိပညာပေး



**နောင်ချို စက်တင်ဘာ ၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း)နောင်ချိုမြို့နယ်၌ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် ယမန်နေ့က MEVM မဲပေးစက်ဖြင့် ဒေသခံပြည်သူများ လွယ်ကူစွာမဲပေးနိုင်ရန် မဲဆန္ဒရှင်အသိပညာပေးသင်တန်းများကျင်းပရာ နောင်ချိုမြို့ တောင်ရှည်ကျေးရွာအုပ်စု တောင်းခမ်းဘုန်းကြီးကျောင်း၌ ဆရာ/ဆရာမ ၃၇ ဦး၊ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲလေးဦး၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတစ်ဦး၊ ပြည်သူလူထု ၂၅၀ ဦးတို့အား မဲဆန္ဒရှင်အသိပညာပေးသင်တန်းနှင့် ဆရာ/ဆရာမများအားမဲပေးစက်ကိုင်တွယ်အသုံးပြုနည်းသင်တန်းကို ကျောက်မဲခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းအောင်နှင့်နောင်ချိုမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဦးစီးအရာရှိတို့က သင်တန်းဖွင့်လှစ်ပို့ချခဲ့သည်။

သင်တန်းတွင် ရှေးဦးစွာ မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine – MEVM) သည် မြန်မာနိုင်ငံရှိမဲဆန္ဒရှင်ပြည်သူလူထုတို့၏စာတတ်မြောက်မှုနှုန်း၊ နားလည်နိုင်မှုအခြေအနေတို့နှင့် အကိုက်ညီဆုံးဖြစ်သော ဒီဇိုင်းကိုတီထွင်ထားခြင်းဖြစ်ကြောင်း မြန်မာအီလက်ထရောနစ်မဲပေးစက်အား မိတ်ဆက်ပေးခဲ့သည်။

မဲပေးစက်အား ထိန်းချုပ်စက်၊ ဆန္ဒပြုစက်၊ မဲပေးချက်ဖော်ပြသည့်စက်ဟူ၍ အစိတ်အပိုင်းသုံးခုဖြင့် ဖွဲ့စည်းထားကြောင်း၊ မြန်မာအီလက်ထရောနစ်မဲပေးစက်အား ပြည်သူလူထုသိရှိနားလည်စေရန် အသေးစိတ်ရှင်းလင်းသည်။

ထို့နောက်တွင် တက်ရောက်လာသည့် ဆရာ/ဆရာမများနှင့် ပြည်သူလူထုများအား စမ်းသပ်ရွေးကောက်ပွဲ ပြုလုပ်ပေးခဲ့ပြီး လက်တွေ့စမ်းသပ်မဲပေးစေခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျွန်းစုမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်းဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ကျွန်းစု စက်တင်ဘာ ၇**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ မြန်မာအီလက်ထရောနစ် (MEVM) မဲပေးစက်အသုံးပြု၍ ဆန္ဒမဲပေးခြင်းဆိုင်ရာများ အသိပညာပေးခြင်းကို စက်တင်ဘာလ ၆ ရက်က ကမ်းကြီးကျေးရွာအုပ်စု ကမ်းကြီးကျေးရွာနှင့် ကဘင်းချောင်းကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသန့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဒေါ်ခိုင်ကေသွယ်က ရွေးကောက်ပွဲပျက်အောင် ပြုလုပ်ဆောင်ရွက်မှုများနှင့်မဲဆန္ဒရှင်များအပေါ် ထိခိုက်နာကျင်စေမှု၊ ခြိမ်းခြောက်မှုများ၏ပြစ်မှုပြစ်ဒဏ်များအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး၊ ရွေးကောက်ပွဲအရာရှိ ဒေါ်မို့မို့အေးနှင့်တာဝန်ရှိသူများက MEVM စနစ်ဖြင့် မဲပေးခြင်းဆိုင်ရာနည်းစနစ်များ၊ မဲပေးစက်နှင့် မဲပေးပုံအဆင့်ဆင့်တို့အား လက်တွေ့သရုပ်ပြခဲ့ကြကာ အဆိုပါ ကျေးရွာရှိ မဲဆန္ဒရှင်များအား MEVM စနစ်ဖြင့် လက်တွေ့မဲပေးခြင်းလုပ်ငန်းများကို စမ်းသပ်လေ့ကျင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ထက်မြင့် (ကျွန်းစု)**



# ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ် ချမ်းသာကြီးတန်ဆောင်း၌ တတိယအကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနားကျင်းပ



ရန်ကုန် စက်တင်ဘာ ၇

မြန်မာနိုင်ငံအတွင်းရှိ ရဟန်းရှင်လူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် ၂၀၂၅ ခုနှစ် ဝါတွင်းကာလအတွင်း၌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော တတိယအကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲအောင်ပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ် ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အမှူးပြုသော ပင့်သံဃာ ၁၈ ပါး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် သံဃနာယကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ဘဒ္ဒန္တအဘိဇာတထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဒေါက်တာဘဒ္ဒန္တအဂ္ဂသာမိထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေသည်။

အဆိုပါ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို စက်တင်ဘာလ ၂ ရက်မှ ၆ ရက်အထိ ရွတ်ဖတ်ပူဇော်ခဲ့ကြကြောင်း သိရသည်။ ဖွဲ့ထက်ကို(ပြန်/ဆက်)

# နေပြည်တော်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကွင်းဆင်းစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၇

နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင်ဥတ္တရသီရိမြို့နယ်ဘုရားကုန်းကျေးရွာရှိ ဦးရဲနိုင်ဦး၏မွေးမြူရေးခြံ၌ ဒေသဆိတ်မျိုးများမွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် မွေးမြူရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံကာ ဒေသတွင်း အသား၊ ငါးဖူလုံမှုရှိစေရေးအတွက် တစ်နိုင်တစ်ပိုင်မွေးမြူရေးမှ စီးပွားဖြစ်မွေးမြူရေးအဆင့်အထိ တိုးချဲ့ဆောင်ရွက်ကာ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဥတ္တရသီရိမြို့နယ် မင်းကုန်းကျေးရွာနေ တောင်သူဦးကျော်ရွှေ၏ ကွင်းအမှတ်(၁၈၈၈)ကွင်း၌ စိုက်ပျိုးရေးဆိုင်ရာပညာရှင်များက နှမ်းရိုး၊ မြေပဲရိုး၊ ပြောင်းရိုးနှင့်နေကြာရိုးများအသုံးပြု၍ သဘာဝမြေဆွေးပုံပြုလုပ်နည်း လက်တွေ့သရုပ်ပြသနေမှုနှင့် (၂၁)သစ်စက်ကျေးရွာနေ တောင်သူဦးအောင်မြင့်သန်း၏ ကွင်းအမှတ် (၁၈၉၂) ကွင်း၌ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာလက်တွေ့သရုပ်ပြရောစပ်ကြဲပက်နေမှုကိုလည်းကောင်း၊ ဇလောင်း(မြောက်)ကျေးရွာနေ ဦးကျော်မြင့်ထွန်း၏ သရက်ဇုန်အတွင်း ကော်ဖီစိုက်ပျိုးထားရှိမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် စိုက်ပျိုးရေးဆိုင်ရာနည်းပညာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **ထွန်းလင်း(ဇေယျာမြေ)**

# စစ်ကိုင်းမြို့ ရွှေမင်းဝံဈေး မြန်မာ-တရုတ် ချစ်ကြည်ရေးဈေးရုံရတနာပန္နက်တင်နှင့် တွင်းတော်ဝန်းမင်္ဂလာအခမ်းအနားကျင်းပ

မုံရွာ စက်တင်ဘာ ၇

မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးနှင့် မြန်မာတရုတ်ကုမ္ပဏီများအသင်းတို့ပူးပေါင်းလှူဒါန်း၍ မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေးအသင်းမှ ကူညီဆောင်ရွက်သည့် စစ်ကိုင်းမြို့ ရွှေမင်းဝံဈေး မြန်မာ-တရုတ်ချစ်ကြည်ရေးဈေးရုံ ရတနာပန္နက်တင်နှင့် တွင်းတော်ဝန်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဈေးရုံ တည်ဆောက်မည့်မြေနေရာ၌ ကျင်းပသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသံရုံး ယာယီတာဝန်ခံ Ms.Cao Ping၊ မြန်မာတရုတ်ကုမ္ပဏီများအသင်းဥက္ကဋ္ဌ Mr.Liu Ming နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်ရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေမင်းဝံဈေး မြန်မာ-တရုတ်ချစ်ကြည်ရေးဈေးရုံသစ်ဆောက်လုပ်မည့် မြေနေရာရှိသတ်မှတ်နေရာများတွင် ပန္နက်တင်ခြင်းနှင့် တွင်းတော်ဝန်းမင်္ဂလာကို အစီအစဉ်အတိုင်းဆောင်ရွက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တရုတ်သံရုံး ယာယီတာဝန်ခံနှင့် မြန်မာတရုတ်ကုမ္ပဏီများအသင်းဥက္ကဋ္ဌတို့က ဈေးရုံသစ်ဆောက်လုပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တရုတ်သံရုံးယာယီတာဝန်ခံနှင့်မြန်မာတရုတ်ကုမ္ပဏီများအသင်းဥက္ကဋ္ဌထံ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ စစ်ကိုင်းမြို့ ပညာရေးတက္ကသိုလ်ရှိမိုးလုံလေလုံအားကစားခန်းမ၌ကျင်းပသည့် မြန်မာ့အနာဂတ်မျက်နှာစာလူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ အတွေ့အကြုံစကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်ကြသည်။

စကားဝိုင်းဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်တို့က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ်ထံ သုတ/ရသ စာအုပ်စာစောင်များပေးအပ်၍ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက လူငယ်ဖိုရမ်အထိမ်းအမှတ်တံဆိပ်အား တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးက စစ်ကိုင်းတက္ကသိုလ်ပါမောက္ခချုပ်ထံ စစ်ကိုင်းမြို့ပေါ်ရှိ တက္ကသိုလ်/ဒီဂရီကောလိပ်များအတွက် အားကစားပစ္စည်းများကို ပေးအပ်သည်။




ယင်းနောက်မြန်မာ့အနာဂတ်မျက်နှာစာလူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ သို့ တက်ရောက်ခဲ့သည့် အုပ်ချုပ်သူတစ်ဦးက ဖိုရမ်အတွေ့အကြုံများကို ပြန်လည်ရှင်းလင်းပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများက စစ်ကိုင်းတိုင်းဒေသကြီးသီချင်းဖြင့် ဂုဏ်ပြုသီဆိုကြကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က သီဆိုကပြခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ကျင်းပသည့် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ယှဉ်ပြိုင်နေမှု၊ လျှောင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ စူဠာမဏိကောင်းမှုတော်စေတီတော်မြတ်ကြီး ပြန်လည်ပြုပြင်မွမ်းမံနေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။ **အေးသန္တာ**

# ၇-၉-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၉၆၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ချီကျင့်မြို့၌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့ ကြည့်ရှုလေ့လာ

ချီကျင့် စက်တင်ဘာ ၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ရောက်ရှိနေသော ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ချီကျင့်မြို့ မာလုံဒေသ၊ ကျန်းယိဒေသနှင့် ချီလင်ဒေသသို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မာလုံဒေသရှိ ကျန်းကျုံးဟောင်ယွန့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းစုသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက လုပ်ငန်းစုဆိုင်ရာအချက်အလက်များ၊ ဘက်ထရီတပ်ဆင်အသုံးပြုသည့် သယ်ယူပို့ဆောင်ရေးကုန်တင်ယာဉ်ကြီးများနှင့်ပတ်သက်၍ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ အာမခံပေးခြင်း၊ သက်တမ်းပြည့်ကားများ ပြန်လည်သိမ်းဆည်းခြင်း လုပ်ငန်းများအား ဝန်ဆောင်မှုပေးနေမှု၊ ဒစ်ဂျစ်တယ်စနစ်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို နည်းပညာကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်နေမှုနှင့် ထိန်းချုပ်ရေးစင်တာမှ စောင့်ကြပ်ကြည့်ရှုထိန်းချုပ်ပေးနေမှု၊ ကုန်တင်ယာဉ်များ၏ ဘက်ထရီများအား အချိန်တိုအတွင်း အားဖြည့်ခြင်း၊ လဲလှယ်တပ်ဆင်ခြင်းများဆောင်ရွက်ပေးနေမှုလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဘက်ထရီအသုံးပြု စွမ်းအင်သစ်ကုန်တင်ယာဉ်များ၏ ဓာတ်ခဲလဲလှယ်မှုလုပ်ငန်းစဉ်ကိုလက်တွေ့ပြသရာ ဘက်ထရီလဲလှယ်ခြင်းဆောင်ရွက်ရာတွင် အချိန်နှစ်မိနစ်နှင့် ဘက်ထရီအားသွင်းခြင်းအတွက် အချိန် ၁၅ မိနစ်သာ ကြာမြင့်ချိန်ရှိသည်။

ကျန်းကျုံးဟောင်ယွန့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းစုကို ၂၀၂၂ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ကုန်းလမ်းကုန်စည်ပို့ဆောင်ရေး၊ စက်ယန္တရားများငှားရမ်းခြင်း၊ နည်းပညာဆိုင်ရာဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းရည်မြင့်မားသော အလှိုင်းပစ္စည်းရောင်းချခြင်းနှင့် ခေတ်မီသယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိကာ ယူနန်ပြည်နယ်တွင် ထိပ်တန်းအဆင့်ရှိသည့် လုပ်ငန်းစုတစ်ခုဖြစ်ကြောင်း သိရသည်။



ယင်းနောက် ထူကွားချုံးရွာသို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကျေးရွာဆိုင်ရာအချက်အလက်များ၊ ထူကွားချုံးရွာအား “14335” ပုံစံဖြင့် လည်ပတ်နေမှု၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုနှင့် ကျေးရွာနေပြည်သူများ ဝင်ငွေရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါ ထူကွားချုံးရွာကို (၁) အစိုးရ၏ ဦးဆောင်မှုကိုခံယူခြင်း၊ (၄) အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ကုမ္ပဏီများ၊ လုပ်ငန်းများ၊ လုပ်ငန်းစုများက လာရောက်ရင်းနှီးမြှုပ်နှံပြီး ရွာသူရွာသားများ၏ စုပေါင်းအားဖြင့် ကျေးရွာတိုးတက်အောင်ဆောင်ရွက်ခြင်း၊ (၃) လာရောက်တည်းခိုသူများကို ကောင်းမွန်စွာဝန်ဆောင်မှုပေးခြင်း၊ ပြည်သူများ၏ သက်သာချောင်ချိမှုဝန်ဆောင်မှုပေးခြင်း၊ တည်းခိုသည့်အိမ်များအား အိမ်တော်ထိန်းဝန်ဆောင်မှုပေးခြင်း၊ (၃) ရွာတိုးတက်လာချိန်တွင် အဆိုပါကျေးရွာ၊ ကျေးရွာရှိ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ကျေးရွာနေပြည်သူများ၏ ဝင်ငွေများ တိုးတက်ရရှိပြီး အကျိုးအမြတ်ရရှိခြင်း၊ (၅) ကျေးရွာတိုးတက်လာသည်နှင့်အမျှ ဖွံ့စည်းလုပ်ဆောင်မှုအားကောင်းလာခြင်း၊ ရွာသူရွာသားများ၏အမြင်များ တိုးတက်လာခြင်း၊ ပတ်ဝန်းကျင် ပိုမိုလှပလာခြင်း၊ လူများပိုမိုစည်ကားလာခြင်း၊ ရွာသူရွာသားများ ပိုမိုစီးပွားတိုးတက်ခြင်းဟူသည့် “14335” ပုံစံဖြင့် လည်ပတ်နေသည့်ကျေးရွာတစ်ခုဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ကျေးရွာစာကြည့်တိုက်လုပ်ငန်းများဆောင်ရွက်နေမှုနှင့် လည်ပတ်မှုပုံစံကိုကြည့်ရှုလေ့လာကြပြီး ကမ္ဘာ့အရှည်ဆုံးနံရံဆေးရေးပန်းချီဆရာ၏ ပန်းချီအလုပ်ခန်းကိုကြည့်ရှုလေ့လာကာ“ချစ်ကြည်ရေး ပန်းချီ”ကို လက်တွေ့အတူရေးဆွဲကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျန်းယိဒေသ ယူနန်ယွမ်ဖန်းဇီဝလုပ်ငန်းစု တိုင်းရင်းဆေးထုတ်လုပ်ရေးစက်ရုံသို့ရောက်ရှိကြရာ တာဝန်ရှိသူများက စက်ရုံသမိုင်းကြောင်း၊ သုတေသနပြုလုပ်ငန်းများ၊ စက်ရုံမှထွက်ရှိသည့် ဆေးဝါးနှင့် ထုတ်ကုန်ပစ္စည်းများ၊ အရောင်းရဆုံးဆေးဝါးထုတ်ကုန်များ၊ ဖြန့်ချိမှုအခြေအနေနှင့် နိုင်ငံတော်က ချီးမြှင့်သည့် ဆုတံဆိပ်ရရှိမှုများကို လိုက်လံရှင်းလင်းပြသကြသည်။

အဆိုပါလုပ်ငန်းကို ၂၀၀၂ ခုနှစ်တွင် စတင်ခဲ့ပြီး ကူမင်းမြို့၌ စက်ရုံတည်ထောင်ခဲ့ကာ ၂၀၁၄ ခုနှစ်တွင် ကုန်အမှတ်တံဆိပ်ဖြင့် စက်ရုံထွက် ဆေးဝါးပစ္စည်းများကိုရောင်းချခဲ့ကြောင်း၊ အဆိုပါစက်ရုံထွက်ထုတ်ကုန်များသည် သဘာဝဆေးပင်များကို အခြေခံထုတ်လုပ်ခြင်းဖြစ်ကြောင်းနှင့် ၂၀၂၄ ခုနှစ်တွင် ယူနန်ပြည်နယ် ချီကျင့်မြို့သို့ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ကျူးကျန်းယွမ်ထို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ကျန်းယိဆန်မုန့်လုပ်ငန်းသို့ရောက်ရှိကြရာ အလုပ်ရုံပိုင်ရှင်က ဆန်မုန့်ပြုလုပ်ပုံ လုပ်ငန်းစဉ်အဆင့်ဆင့်၊ ရှေးယခင်လက်ထက်က ဆန်မုန့်ပြုလုပ်သည့် လုပ်ငန်းသုံးပစ္စည်းများနှင့် ထုတ်လုပ်သည့် ဆန်မုန့် အမျိုး ၃၀၀ ကျော်ကို ရှင်းလင်းပြသပြီး ဆန်မုန့်များကို လက်တွေ့ပြုလုပ်ပြသသည်။

ယင်းနောက် ချီလင်ဒေသရှိ ချီလင်ရေပေါ် ဥယျာဉ်သို့ရောက်ရှိရာ တာဝန်ရှိသူများက ဥယျာဉ်အတွင်း ပန်းပေါင်းစုံနှင့် အပင်ပေါင်းစုံ ပေါက်ရောက်ရှင်သန်မှု၊ ရာသီအလိုက် အပင်များစိုက်ပျိုးမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းထားရှိမှု၊ အပန်းဖြေလေ့လာစရာနေရာအဖြစ် တည်ဆောက်ထားမှုနှင့် ကုန်းပြင်မြင့်ပေါ်တွင်တည်ရှိသည့် ရေပေါ်ဥယျာဉ်တစ်ခုဖြစ်မှုတို့ကို ရှင်းလင်းတင်ပြပြီး ရေပေါ်ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

အဆိုပါ ရေပေါ်ဥယျာဉ်သည် ဧက ၂၀၀၀ ကျော်ကျယ်ဝန်းပြီး အခြားပန်းမျိုးစုံအပါအဝင် ကြာအမျိုးပေါင်း ၁၃၀ ကျော်နှင့် ပြောင်းဖူးစိုက်ခင်းများ၊ သီးနှံစိုက်ခင်းများ စိုက်ပျိုးထားရှိသည်။ ပန်းဥယျာဉ်အတွင်း လမ်းလျှောက်ခြင်း၊ လှေစီးခြင်း၊ စက်ဘီးနင်းခြင်းနှင့် ဖျော်ဖြေရေးအစီအစဉ်များပါရှိပြီး ဘာဂီများဖြင့် လှည့်လည်လေ့လာနိုင်ကာ နေ့စဉ်ခရီးသွားဧည့်သည် အများအပြား လာရောက်ကြောင်း သိရသည်။

ညပိုင်းတွင် ချီကျင့်မြို့ ပါတီဗဟိုကော်မတီအတွင်းရေးမှူး Yang Bin က ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား ချီကျင့်မြို့ရှိ Guanfang ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အလားတူ ကိုယ်စားလှယ်အဖွဲ့တွင် ပါရှိသည့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ အကအဖွဲ့သည် ကူမင်းမြို့တွင် ကျန်ရှိပြီး တောင်ပိုင်းဒေသညချမ်းနှင့် ချည် Show ပိုးဖဲအနီးအနား တဖွဲဖွဲဈေးရောင်းပွဲတော်တွင် ပါဝင်ဖျော်ဖြေတင်ဆက်ကပြခြင်း၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ မြန်မာလက်မှုပညာထုတ်ကုန်ပစ္စည်းများ၊ မြန်မာနိုင်ငံ၏ တောတောင်ရေမြေသဘာဝနှင့် ခရီးစဉ်ဒေသများ၊ အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းပြခန်းများကို ဆက်လက်ခင်းကျင်းပြသခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြဝတီ**

## ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ် M-9 တွင် Development Project Phase 1E အရ အသစ်တည်ဆောက်မည့် ပလက်ဖောင်း(၄)ခုတပ်ဆင်ခြင်းနှင့် ရေအောက်ပိုက်လိုင်းဆက်သွယ်ရေးလုပ်ငန်းများအား ဆောင်ရွက်သွားမည့်တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော No.1 Point ZWP 16 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၅ မိနစ် ၂၀ ဒသမ ၁၅၉၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၃ မိနစ် ၂၇ ဒသမ ၃၈၄၁ စက္ကန့်၊ Point ZWP 12 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၁ မိနစ် ၅၂ ဒသမ ၇၂၁၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၆ မိနစ် ၄၃ ဒသမ ၅၄၃၅ စက္ကန့်၊ No.2 Point ZWP 17 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၁ မိနစ် ၀၄ ဒသမ ၈၃၁၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၀ မိနစ် ၃၉ ဒသမ ၇၇၄၈ စက္ကန့်၊ ZWP 13 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၉ မိနစ် ၀၇ ဒသမ ၈၃၃၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၉ မိနစ် ၂၂ ဒသမ ၈၂၇၈ စက္ကန့်၊ No.3 ZWP 18 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၇ မိနစ် ၀၀ ဒသမ ၁၆၆၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၆ မိနစ် ၀၅ ဒသမ ၅၂၁၇ စက္ကန့်၊ ZWP 14 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၉ မိနစ် ၅၄ ဒသမ ၃၂၀၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၇ မိနစ် ၄၅ ဒသမ ၄၁၉၀ စက္ကန့်နှင့် Point 4 ZWP 19 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၅ မိနစ် ၂၄ ဒသမ ၁၅၂၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၆ မိနစ် ၅၁ ဒသမ ၀၀၅၆ စက္ကန့်၊ ZPQ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၁ မိနစ် ၂၇ ဒသမ ၈၁၄၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၂ မိနစ် ၄၄ ဒသမ ၂၇၈၆ စက္ကန့် တို့အတွင်းတွင် ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၂၀ ရက်မှ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် M-9 တွင် Development Project Phase 1E အရ အသစ်တည်ဆောက်မည့် ပလက်ဖောင်း(၄)ခုတပ်ဆင်ခြင်းနှင့် ရေအောက်ပိုက်လိုင်းဆက်သွယ်ရေးလုပ်ငန်းများကို Heavy Lift Vessel, “HUA TIAN LONG”၊ Pipe Lay Barge, “HUI ZHONG 301” နှင့် Dive Support Vessel “HUA XIANG LONG” ရေယာဉ်တို့ဖြင့် လုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါတည်နေရာများမှ ၄ ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

➢ **ရှေ့ဖုံးမှအဆက်**

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် လျာထားစိုက်ပျိုးမည့် သီးနှံများအနေဖြင့် ဖူးစားပြောင်း ဧက ၃၀၅၀၊ မတ်ပဲ၊ ပဲကြီး၊ ပဲကျား၊ စားတော်ပဲ၊ ကုလားပဲ၊ ပဲလွမ်း၊ ပဲယဉ်း၊ ပဲနောက်၊ ထောပတ်ပဲနှင့် တခြားပဲ စသည့်ပဲမျိုးစုံ ၇၂၅၆၄ ဧက၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း စသည့် ဆီထွက်သီးနှံစုံ ၃၄၉၅၁ ဧက၊ စားဖိုဆောင်သီးနှံစုံ ၂၄၃၈ ဧက၊ ကွဲနွား တိရစ္ဆာန်အစာ ၁၂၉၀၉ ဧက၊ ဟင်းသီးဟင်းရွက်မျိုးစုံ ၁၇၄၅ ဧက၊ အထွေထွေစားသုံးသီးနှံ ဧက၂၈၀ စုစုပေါင်း သီးနှံစုံ ၁၂၇၉၃၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

တောင်သူများအနေဖြင့် သီးနှံများ စိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားရေရိက္ခာဖူလုံစေရုံမျှမက ပိုလျှံသော သီးနှံများကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် တစ်နှစ်ထက်တစ်နှစ် သီးနှံများ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

| မြို့ | အနိမ့်ဆုံး / အမြင့်ဆုံးအပူချိန် |
|---|---|
| နေပြည်တော် | ၂၅.c / ၃၄.c |
| ရန်ကုန် | ၂၆.c / ၂၈.c |
| မန္တလေး | ၂၇.c / ၃၅.c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်ရှိ အားကစားကွင်း၊ အားကစားရုံများနှင့်ဟိုတယ်လုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကွင်းဆင်းကြည့်ရှုစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၇

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်ရှိ မိတ္ထီလာခရိုင် အားကစားကွင်း၌ဘောလုံးအားကစားကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အချိန်မီပြီးစီးစေရေးနှင့် သတ်မှတ်အရည်အသွေးပြည့်မီစေရေး စနစ်တကျစိစစ်ကြပ်မတ်စစ်ဆေးဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် မိတ္ထီလာကန်ပေါင်ရှိ ကရဝိတ်ကန်ပေါင်တံတားထိပ်၊ ရပ်တော်မူဘုရားရှေ့၊ မိတ္ထီလာကန် View Point နှင့် ဝန်ဇင်းကန်ပေါင် မြောက်ဘက်ထိပ်နေရာများ၌ အများပြည်သူကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ လာရောက်လေ့ကျင့်ကစားနိုင်စေရေးအတွက် Outdoor Fitness များ တပ်ဆင်ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးခရိုင်ရှိ ကလောမြို့နယ်အားကစားကွင်း၌ အသက် ၁၇ နှစ်အောက် ကျောင်းပေါင်းစုံအမျိုးသားဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုကိုလည်းကောင်း၊ တောင်ကြီးမြို့ ရွှေညောင်မြို့နယ်ရှိ မြို့နယ်အားကစားကွင်း၌ နှစ်ထပ်ပွဲကြည့်စင်နှင့်ဘောလုံးကွင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့ပြင် မိတ္ထီလာမြို့ရှိ နိုင်ငံပိုင်ငှားရမ်းထားသောဟိုတယ်များ လုပ်ငန်းများဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး ဟိုတယ်များအနေဖြင့် ဟိုတယ်ဆိုင်ရာ စံသတ်မှတ်ချက်များနှင့်အညီ ကောင်းမွန်သောဝန်ဆောင်မှုများပေးနိုင်ရေးနှင့်ဝန်ဆောင်မှုအဆင့်အတန်းမြင့်မားရေး ကြိုးစားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်းသိရသည်။ **မြဝတီ**

# မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဆိုင်ရာအသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၇

မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ နမ့်စန်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) အသုံးပြု၍ မဲပေးခြင်းရည်ရွယ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသည့် တာဝန်ရှိသူများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)တွင် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးကြပြီး သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဆိုင်ရာ အသိပညာပေးခြင်း၊ လက်တွေ့စမ်းသပ်မဲပေးခြင်းနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားစဉ်။

# (၁၉)ကြိမ်မြောက် ဟိုချီမင်းအပြည်ပြည်ဆိုင်ရာခရီးသွားပြပွဲသို့ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၇

ဗီယက်နမ်နိုင်ငံ ယဉ်ကျေးမှု၊ အားကစားနှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ဟိုချီမင်းမြို့ ပြည်သူ့ရေးရာကော်မတီတို့၏ ဦးဆောင်မှုဖြင့် (၁၉)ကြိမ်မြောက် ဟိုချီမင်းအပြည်ပြည်ဆိုင်ရာခရီးသွားပြပွဲကို ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၄ ရက်မှ ၆ ရက်အထိ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဒုတိယမြို့တော်ဝန် ဦးညီညီ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြသည်။

စက်တင်ဘာလ ၃ ရက်က (၁၉)ကြိမ်မြောက် ဟိုချီမင်းအပြည်ပြည်ဆိုင်ရာ ခရီးသွားပြပွဲအထိမ်းအမှတ် ညစာစားပွဲနှင့် Vietnam Night ကို "The Flow of Quintessence"ခေါင်းစဉ်ဖြင့် Thiskyhall Sala Convention Center ၌ကျင်းပရာ ဗီယက်နမ်နိုင်ငံ ကွန်မြူနစ်ပါတီအဖွဲ့ဝင် H.E. Mr.Nguyen Va Nen၊ ဒုတိယဝန်ကြီးချုပ် H.E. Mr. Mai Van Dhinh နှင့်တာဝန်ရှိသူများ၊ ဗီယက်နမ်နိုင်ငံ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ကမ္ဘောဒီးယားနိုင်ငံခရီးသွားဝန်ကြီး၊ ဗီယန်ကျင်းမြို့တော်ပါတီကော်မတီမှ Deputy Secretary၊ မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ ရုရှားဖက်ဒရေးရှင်း စီပယ်ပြည်သူ့အစိုးရ၏ မြို့တော်ဝန်၊ စိန့်ပီတာစဘတ်ပြည်နယ် ညီလာခံနှင့် ပြပွဲများကျင်းပရေးဗျူရိုမှ တာဝန်ရှိသူများ၊ Tourism Promotion Organisation – TPO အဖွဲ့ဝင်မြို့များမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

စက်တင်ဘာလ ၄ ရက် နံနက်ပိုင်းက (၁၉)ကြိမ်မြောက် ဟိုချီမင်းအပြည်ပြည်ဆိုင်ရာခရီးသွားပြပွဲ ဖွင့်ပွဲအခမ်းအနားကို Saigon Exhibition Convention Center– SECC Exhibition Hall ၌ ကျင်းပခဲ့ပြီး Tourism Promotion Organisation –TPO General Assembly High–Level Tourism Forum ကို ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ခဲ့ကြသည်။

ဖိုရမ်အပြီးတွင် ဒုတိယဝန်ကြီးသည် ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ Tourism Authority of Thailand– TAT ၏ Governor နှင့်တွေ့ဆုံပြီး နှစ်နိုင်ငံ ခရီးသွားမြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် (၁၉)ကြိမ်မြောက် ဟိုချီမင်းအပြည်ပြည်ဆိုင်ရာ ခရီးသွားပြပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုပါဝင်ခင်းကျင်းပြသထားသည့်ခရီးသွားပြခန်းများနှင့်ခရီးစဉ်များချိတ်ဆက်ရောင်းချနေမှုကိုလှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဟိုချီမင်းအပြည်ပြည်ဆိုင်ရာ ခရီးသွားပြပွဲကို ပြည်တွင်းနှင့် နိုင်ငံတကာသတင်းမီဒီယာများ၊ ခရီးသွားဝန်ဆောင်မှုဆိုင်ရာ စီးပွားရေးလုပ်ငန်းများနှင့် ကမ္ဘာလှည့်ခရီးသွားများ ကျယ်ကျယ်ပြန့်ပြန့်ပိုမိုသိရှိစေရန် ရည်ရွယ်ချက်ဖြင့်ကျင်းပခြင်းဖြစ်ပြီး ပြပွဲသို့ နိုင်ငံပေါင်း ၃၀ မှ ခရီးသွားအာဏာပိုင်အဖွဲ့အစည်းများ၊ လေကြောင်းလိုင်းများ၊ ဟိုတယ်များ၊ နည်းပညာကုမ္ပဏီများမှ ပြခန်းပေါင်း ၅၂၀ ကျော် ခင်းကျင်းပြသခဲ့ကြသည်။

စက်တင်ဘာလ ၅ ရက် နံနက်ပိုင်းက ဒုတိယဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ခရီးသွားလုပ်ငန်းဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့ပြီး ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြောင်း သိရသည်။

**မြဝတီ**

## လူမှုရေးပင်စင်အစီအစဉ်တွင် အကျိုးခံစားခွင့်ရှိသူ သက်ကြီးပုဂ္ဂိုလ်များအနေဖြင့် ထောက်ပံ့ငွေ ထုတ်ယူရန် အသိပေးနှိုးဆော်ခြင်း

နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် (၁၅)ခုရှိ လူမှုရေးပင်စင်အစီအစဉ်တွင် အကျိုးခံစားခွင့်ရှိသူများအား သက်ဆိုင်ရာ **မြန်မာ့စီးပွားရေးဘဏ်ခွဲ**များတွင် **၁-၉-၂၀၂၅ ရက်မှ ၂၈-၁၁-၂၀၂၅ ရက်အထိ** ထောက်ပံ့ငွေများကို ထုတ်ပေးသွားမည်ဖြစ်ပါသဖြင့် အကျိုးခံစားခွင့်ရှိသူကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်များမှ **နိုင်ငံသားအသိအမှတ်ပြုကတ်ပြား(မူရင်း)** ယူဆောင်ပြီး ထောက်ပံ့ငွေ ထုတ်ယူနိုင်ပြီဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ထောက်ပံ့ကြေးပေးအပ်သည့်ကိစ္စနှင့်ပတ်သက်၍ သိရှိလိုသည်များကို လူမှုဝန်ထမ်းဦးစီးဌာန Help Line ဖုန်းနံပါတ် 1566 သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

## More than 1,000 acres of rainfed paddy planted in Dabayin Township this year

DABAYIN September 7

According to YeU District Agriculture Department, local farmers have planted more than 1,000 acres of rainfed paddy in Dabayin Township of Sagaing Region.

For the 2025-2026 monsoon cropping season, local authorities earmarked cultivation of 120,391 acres of rainfed paddy in Dabayin Township. According to reports, planting began in June this year, and as of today, 1,698 acres have already been cultivated against the target cultivation.

"This year, for the monsoon season in Dabayin Township, we have planned to cultivate over 120,000 acres of rainfed paddy. So far, over 1,000 acres have been completed. We are working to ensure the target acreage is fully cultivated. Necessary technologies and quality seed varieties will be provided for rainfed paddy cultivation. We are also conducting field-level support to help farmers plant in time," said U Zaw Myint Tun, Head of the Agricultural Department for YeU District.

It is also reported that for this year's monsoon season, efforts are being made by the relevant township agriculture departments in collaboration with local farmers to ensure systematic and trouble-free cultivation of rainfed paddy.

In Dabayin Township, farmers are being provided with agricultural techniques, awareness on pest prevention, guidance to avoid crop losses, and information to ensure harvested paddy is stored under shelter in a timely manner.

This year, staff from Township Agriculture Department make field trips to the paddy fields so as to help local famers select quality strains of paddy seeds, prevent pests, week farmlands, remove different strains of paddy and systematically use fertilizers to boost per-acre yield.

**SK**

## Hilsa trading booms in Maubin Township

MAUBIN September 7

"Trading of hilsa is in high demand in Maubin Township of Ayeyawady Region," said Daw Thida, the owner of marine product trading depot in Maubin Township.

Starting from the second week of July this year until now, the purchase of hilsa fish in Maubin Township has been strong, with active and steady trade reported. Currently, daily transactions of hilsa fish range from 4,000 to 5,000 viss.

"The hilsa fish currently being traded are locally sourced. The trade is balanced in terms of both incoming and outgoing volumes. With rising demand from Yangon in addition to local markets, sales have been going well. Up to 5,000 viss of hilsa fish are being traded daily. The prices of hilsa fish vary depending on their freshness, size, and weight. The fish shipped from here are sold not only in the local markets but also redistributed and sold in other regions," said Daw Thida.

In the domestic market in Maubin Township, small-sized hilsa fetches Ks-18,500 per viss, the medium-sized Ks-27,000 to Ks-35,500 per viss and the large one Ks-55,000 to Ks-65,000 per viss.

**SK**



## Pantanaw Township ships 73,000 viss of eels to Yangon market



PANTANAW September 7

"Local businesspersons from Pantanaw Township of Ayeyawady Region sold 73,000 viss of eels to Yangon market,"said Daw Aye Win, the owner of fishery product trading depot in Pantanaw Township.

Up to 73,000 viss of eels from Pantanaw Township were exported and sold to the Yangon market.

"There was a significantly strong demand for eels. Within just one month, we managed to export and sell up to 73,000 viss to the Yangon market. The eels from Pantanaw Township are mainly shipped to Yangon for sale. With such a surge in exports, eel farmers, laborers, and eel catchers—who have long faced difficulties—are now seeing improvements," said Daw Aye Win.

Fishery product traders in Pantanaw are purchasing locally sourced aquatic products and exporting them to Yangon for sale. From the Yangon market, these eels are re-exported to foreign countries such as China, Thailand, and Singapore. Currently, the market price for eels is as high as Ks-18,500 per viss.

**SMK**

## Katha Township grows more than 1,000 acres of maize and sweet corn as monsoon crops

KATHA September 7

More than 1,000 acres of maize and sweet corns have been planted in Katha Township of Sagaing Region, according to Katha Township Agriculture Department.

For the 2025-2026 monsoon cropping season in Katha Township, it is planned to cultivate a total of 4,667 acres — 2,942 acres of maize and 1,725 acres of sweet corn. Planting began in June this year, and as of today, 698 acres of maize and 341 acres of sweet corn have been cultivated, totalling 1,039 acres.

"This year, we've planned to cultivate over 4,000 acres of maize and sweet corn in Katha Township. So far, over 1,000 acres have been planted. We are working to ensure the full targeted acreage is achieved. To support successful crop development, we are providing awareness on pest and disease prevention," said U Ko Lay, Head of the Katha Township Department of Agriculture.

In Katha Township, farmers growing maize and sweet corn are being supported by the township's agricultural department through training sessions, field demonstrations, early pest prevention measures, integrated pest management (IPM) techniques using neem, ginger, and chilli-based natural pesticides, and other agriculture-related awareness programmes.

For cultivation in Katha Township, maize typically yields over 50 baskets per acre, with a production cost of around Ks-500,000 per acre. For sweet corn, yields reach around 15,000 cobs per acre, with production costs exceeding K500,000 per acre.

**SMK**

# Farmers harvest all sown acreage of summer paddy in Htigyaing Township



HTIGYAING September 7

According to the data of Htigyaing Township Agriculture Department, local farmers have harvested all sown acreage of summer paddy in Htigyaing Township of Sagaing Region.

In Htigyaing Township, during this year's summer cropping season, a total of 10,267 acres of summer paddy were cultivated. Harvesting of these paddy fields began in May, and as of today, 100 percent of the harvest has been completed, with an average yield of 91.29 baskets per acre.

"This year, during the summer cropping season in Htigyaing Township, 10,267 acres of summer paddy were cultivated. At present, all of the cultivated acres have been fully harvested. Farmers were provided with agricultural techniques, pest prevention awareness, crop loss mitigation advice, and post-harvest handling knowledge to ensure paddy was safely stored under cover in a timely manner," said U Ko Ko Aung, Head of the Htigyaing Township Agriculture Department.

To improve yield and achieve target production levels, the agriculture department supported summer paddy farmers by distributing quality and pure seed varieties, providing educational pamphlets, conducting farmer training sessions and awareness discussions, and ensuring timely access to necessary inputs.

Leading farmers have been encouraged to prepare in advance for timely cultivation of summer paddy and other crops following the harvest of monsoon paddy and monsoon crops. This includes following official guidelines on pest and disease prevention, soil fertility enhancement activities, and seed collection of quality varieties in coordination with the Department of Agriculture. **SMK**

# Yinmabin Township exceeds target cultivation of rainfed paddy this year

YINMABIN September 7

This year, local farmers have planted more than 6,000 acres of rainfed paddy in Yinmabin Township of Sagaing Region, according to the Yinmabin District Agriculture Department.

For the 2025-2026 monsoon cropping season in Yinmabin Township, it is planned to cultivate 30,000 acres of rainfed paddy. Planting began in May this year, and as of today, 6,564 acres have already been cultivated.

"This year, we've planned to grow 30,000 acres of rainfed paddy in Yinmabin Township. So far, over 6,000 acres have been planted and cultivation is still ongoing. We are working to ensure the full target acreage is met. Farmers are being provided with the necessary technologies and quality seed varieties to enable timely and effective planting," said Daw Myat Moe Win, Head of the Yinmabin District Agriculture Department.

To ensure systematic and trouble-free rainfed paddy cultivation this year, the relevant township agriculture departments are collaborating closely with local farmers.

In Yinmabin Township, support is being provided to farmers through agricultural training, pest prevention awareness, guidance to avoid crop damage and loss, and advice on proper post-harvest handling so that harvested paddy can be stored under cover in a timely manner.

The township agriculture department and its staff are also providing field-level technical assistance to help ensure the success and high productivity of this year's rainfed paddy cultivation. This includes promoting the use of quality pure seed varieties, pest prevention measures, manual weeding and thinning, varietal selection and removal of undesired plants, and systematic application of fertilizers. **SK**

# Farmers cultivate more than 17,000 acres of pigeon pea in Sagaing Township

SAGAING September 7

Statistics of Sagaing Township Agriculture Department mentioned that local farmers grew 17,955 acres of pigeon pea in Sagaing Township of Sagaing Region this year.

For the 2025–2026 monsoon cropping season in Sagaing Township, it is planned to cultivate 19,789 acres of pigeon pea. Planting began in May this year, and as of today, 17,955 acres have already been cultivated against the target cultivation.

"This year, during the monsoon season in Sagaing Township, we've planned to cultivate over 19,000 acres of pigeon pea. So far, more than 17,000 acres have been planted, and cultivation is still ongoing. We are working to ensure the full target acreage is achieved. Efforts are also being made to achieve high yields. Pigeon pea is being cultivated both as a standalone crop and in intercropping systems," said U Myo Thant Aung, Head of the Sagaing Township Agriculture Department.

This year, the township agriculture department has been providing support to pigeon pea farmers in Sagaing by promoting the use of quality pure seeds, encouraging correct planting methods, ensuring protection from pest threats, and improving yield through on-site education and awareness campaigns. **SMK**

# Wetlet Township completes cultivation of sesame as monsoon crops



WETLET September 7

Local farmers have planted 14,589 acres of rainfed sesame in Wetlet Township of Sagaing Region, according to the township Agriculture Department.

For the 2025-2026 monsoon cropping season in Wetlet Township, it is planned to cultivate 16,075 acres of rainfed sesame. Planting began in May this year, and as of today, 14,589 acres have been cultivated against the target cultivation.

"This year, for the monsoon season in Wetlet Township, we have planned to cultivate over 16,000 acres of sesame. So far, more than 14,000 acres have been completed. We are working to ensure the full planned acreage is planted. Efforts are also underway to expand sesame cultivation, improve yields, and promote planting using GAP (Good Agricultural Practices) techniques," said Daw Kyin San, Head of the Wetlet Township Agriculture Department.

This year, the Wetlet Township Agriculture Department has been providing education to sesame farmers on expanding cultivation areas, correct planting methods, GAP techniques, planting quality and pure seed varieties, and cultivating high-yielding varieties.

Crops grown and produced under the GAP system have better quality and command higher prices compared to crops grown with other cultivation methods. Due to these benefits, including the ability to export not only to domestic but also international markets, farmers who adopt GAP cultivation methods are expected to gain more profits and improve their socioeconomic lives. **SK**

# Taze Township grows over 35,000 acres of rainfed peanut

TAZE September 7

A total of 35,730 acres of peanuts have been planted in Taze Township during this year's rainy season, according to the statistics of the Department of Agriculture for YeU District.

During the 2025-2026 rain crops planting season, 35,740 acres of peanuts have been planned to be planted in Taze Township, and planting has begun since May this year, and 35,730 acres have been planted to date.

"We are also working to ensure that the target acres are met. As for oilseed crops, the peanut cultivation is in a successful position. Peanut cultivation is increasing year by year," said U Zaw Myint Htun, head of the according to the statistics of the Department of Agriculture for YeU District.

In Taze Township, one and a half baskets of peanuts are planted per acre, and the cost of seed, labour, fertilizer, and pesticides is over Ks-200,000, and the yield per acre is over 50 baskets. **SK**

# BRICS countries interested in buying Russian helicopters

VLADIVOSTOK September 7

BRICS countries are interested in purchasing Russian helicopters, cooperation with the members of the association will significantly expand the scope of application of domestic civil aviation, Russian Industry and Trade Minister Anton Alikhanov told Sputnik within the framework of the Eastern Economic Forum.

"As for the sales markets for Russian helicopter equipment, these are the countries of Southeast and South Asia, the countries of the African continent, the CIS. Today, the BRICS member countries are interested in our helicopters. I am convinced that cooperation with BRICS will significantly expand the scope of application of domestic civil aviation," he said.

Alikhanov noted that helicopters of the Mi-8/17 type, firefighting Ka-32A11BC, light multi-purpose Ansat helicopters have already proven themselves in the foreign market.



Also, the Russian Helicopters holding company offers completely new equipment, for example, the offshore Mi-171A3 for delivering people and cargo to offshore drilling platforms, he added.

The 10th edition of the EEF was held in Russia's Vladivostok from September 3–6. Sputnik is the general media partner of the forum. **Sputnik**

# Trump says not to attend G20 summit in South Africa

WASHINGTON September 7

U.S. President Donald Trump said Friday that he would not attend the G20 summit in South Africa later this year, but planned to send Vice President JD Vance in his place.

He also said the United States will host next year's G20 at his golf club, Trump National Doral, near Miami.

"It's right next to the airport. It's the best location. It's beautiful," he told reporters in the Oval Office, adding that his family business "will not make any money on it."

During his first term in 2019, Trump abandoned a plan to use his Doral resort as the host site for the G7 summit in 2020, following bipartisan criticism that it could benefit him financially and violate the Constitution. **Xinhua**

# Protesters in Paris demand Macron's resignation




PARIS September 7

Thousands marched through Paris on Saturday, demanding the resignation of President Emmanuel Macron and calling for France to leave the EU.

Macron's approval rating has dropped to the lowest level since he took office in 2017, amid a spiraling budget deficit and growing discontent with his government's financial policies.

Around 80 percent of French people say they do not trust Macron, according to a poll conducted for Le Figaro and published on Wednesday.

Trust in Prime Minister Francois Bayrou, the fifth to hold the post in less than two years, has also fallen to record lows.

Protesters carried placards reading "Let's stop Macron, let's stop the war" and "Frexit," a French play on Brexit.

The rally was organized by former National Rally politician Florian Philippot and his Euroskeptic party, the Patriots, which opposes arms deliveries to Ukraine and warns against further escalation with Russia. Left-wing activists and trade unions are planning separate strikes and protests on Wednesday, with the slogan 'Let's block everything'.

Bayrou is facing a no-confidence vote on Monday as he seeks support for his proposed budget, with France struggling under a fiscal deficit of 5.8 percent of GDP – nearly double the EU's 3 percent limit. His plan includes cuts to public sector jobs, welfare programs, and pensions, measures the opposition has denounced as prioritizing military spending over social support. **RT**

# Eleven missing after canoe capsizes in Cote d'Ivoire

ABIDJAN September 7

Eleven people were missing after a canoe capsized Friday on the Sassandra River in Buyo town, southwestern Cote d'Ivoire, a senior official has said.

"It is with profound sorrow that we have learned of the disappearance of 11 people, including women, young girls and an infant, following the capsizing of a canoe caused by a hippopotamus," Minister of National Cohesion, Solidarity and the Fight Against Poverty Myss BelmondeDogo said in a press release on Saturday.

Local authorities said the tragedy occurred early Friday morning when a hippopotamus attacked the canoe.

The vessel was carrying 14 people, three of whom were rescued. Search efforts were still underway to locate the missing. **Xinhua**

# 29 million deaths linked to EU and US sanctions – study

MOSCOW September 7

Western sanctions contributed to nearly 29 million excess deaths worldwide over five decades – a toll comparable to that of wars, according to a recent study.

The research, published last month in the Lancet Global Health, has gained attention around the world.

Examining age-specific mortality in 152 countries from 1971 to 2021, using statistics from the Global Sanctions Database, researchers compared mortality rates before and after sanctions, tracking long-term trends to estimate their toll in excess deaths. They focused on three sanctioning authorities: The UN, the US, and the EU (and its predecessor).

"We estimate that unilateral sanctions over this period caused 564,258 deaths per year, similar to the global mortality burden associated with armed conflict," the authors noted, with a total of 28.8 million deaths across the 51-year span.

Most excess deaths occurred among the most vulnerable – the very young and the elderly. "Our findings reveal that unilateral and economic sanctions, particularly those imposed by the USA, lead to substantial increases in mortality, disproportionately affecting children younger than 5 years," the study said, noting that the age group accounted for 51 percent of the total death toll.

The report found that the sanctions undermine economic and food security, often causing hunger and health problems among the poorest. Additionally, the dominance of the dollar and euro in global transactions allowed the US and EU to amplify the impact of their sanctions.

At last year's BRICS summit, member nations called for "unlawful unilateral coercive measures" to be eliminated, warning of their disproportionate impact on the most vulnerable. Members have increasingly avoided the dollar "to shield themselves from US arbitrariness," Moscow has said. **RT**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 32 must mustn't needn't

## Exercises

**32.1 Which goes with which? Find the sentences with a similar meaning.**

1 You must be very quiet.
2 You must remember your password.
3 You must be brave.
4 You must be on time.
5 You must leave the furniture as it is.
6 You must go away.
7 You must forget what happened.

a You mustn't stay here.
b You mustn't be afraid.
c You mustn't think about it.
d You mustn't forget it.
e You mustn't be late.
f You mustn't make any noise.
g You mustn't move anything.

1 .......f........
2 ................
3 ................
4 ................
5 ................
6 ................
7 ................

**32.2 Which is correct?**

1 We have plenty of time. We mustn't / needn't hurry. (needn't is correct)
2 I have to talk to Gary. I must / mustn't remember to call him.
3 I have to talk to Gary. I mustn't / needn't forget to call him.
4 There's plenty of time for you to decide. You mustn't / don't need to decide now.
5 These are important documents. We mustn't / needn't lose them.
6 You mustn't / needn't wait for me. You go on and I'll join you later.
7 This is a dangerous situation and we need to be careful. We mustn't / needn't do anything stupid.
8 I understand the situation perfectly. You mustn't / don't need to explain further.
9 A: What sort of house do you want to buy? Something big?
B: It mustn't / needn't be big – that's not so important. But it must / mustn't have a nice garden.

**32.3 Complete the sentences. Use needn't + verb. Choose from:**
**come keep leave walk worry**

1 We have plenty of time. We needn't leave yet.
2 I can manage the shopping alone. You ..................................................................with me.
3 We ..................................................................................all the way home. We can get a taxi.
4 You can delete these emails. You.................................................................................. them.
5 I'll be all right. You ..................................................................................................about me.

**32.4 Write two sentences for each situation. Use needn't have in the first sentence and could have in the second (as in the example). For could have, see Unit 27.**

1 Why did you rush? Why didn't you take your time?
You needn't have rushed. You could have taken your time.
2 Why did you walk home? Why didn't you take a taxi?
..........................................................................................................................................
3 Why did they stay at a hotel? Why didn't they stay with us?
..........................................................................................................................................
4 Why did she phone me at 3 am? Why didn't she wait until the morning?
..........................................................................................................................................
5 Why did you shout at me? Why weren't you more patient?
..........................................................................................................................................

**32.5 Are these sentences OK? Change them where necessary.**

| | |
|---|---|
| 1 We have plenty of time. We don't need hurry. | We don't need to hurry |
| 2 Keep it a secret. You mustn't tell anybody. | OK.................. |
| 3 You needn't to shout. I can hear you perfectly. | ...................... |
| 4 I needn't have gone out, so I stayed at home. | ...................... |
| 5 This train is direct. You don't need to change. | ...................... |
| 6 You mustn't lock the door. It's OK to leave it unlocked. | ...................... |
| 7 I needn't have said anything, so I kept quiet. | ...................... |
| 8 I needn't have said anything. I should have kept quiet. | ...................... |

**Additional exercise 16-17** (page 311-12)

Raymond Murphy

## အလွန်အကျွံပြုပြင်ထားသောအစားအစာများက ဟော်မုန်းများကို အနှောင့်အယှက်ပေး



တင်းကျပ်စွာထိန်းချုပ်မှုလုပ်ထားတဲ့ သုတေသနပြုမှုတစ်ခုမှာ လူငယ်များက အဆီတွေပိုများလာတာကို တွေ့ရှိလိုက်ရပါတယ်။ အထူးသဖြင့် သူတို့ကပြုပြင်ထားတဲ့ အစားအသောက်တွေကိုစားသုံးခြင်းကနေတစ်ဆင့် ဒီလိုအဆီတွေတက်လာတာကို တွေ့လိုက်ရတာပါ။ အစောပိုင်းတုန်းကတွေးထင်ထားသလိုမျိုးပြုပြင်ထားတဲ့အစားအစာတွေကိုစားလို့ ကယ်လိုရီတက်လာတာမျိုးတော့မရှိပါဘူး။

ဒ့်အပြင် အလွန်အကျွံပြုပြင်ထားတဲ့ အစားအစာတွေကိုစားခြင်းက ခန္ဓာကိုယ်ရဲ့ဟော်မုန်းများကိုလည်း ဟန့်တားနှောင့်ယှက်မှုတွေဖြစ်ပေါ်စေပါတယ်။ ဒီလိုမျိုး ဟန့်တားနှောင့်ယှက်မှုတွေကြောင့် အမျိုးသားတွေမှာဆိုရင် မျိုးဆက်ပြန့်ပွားနိုင်စွမ်း ကျဆင်းလာတာကိုလည်း သုတေသနပညာရှင်များကတွေ့ရှိထားပါတယ်။

ဒီသုတေသနကိုတော့ ကိုပင်ဟေဂင်တက္ကသိုလ်မှ ဦးဆောင်သုတေသနပညာရှင် ဂျက်ဆီကာပရက်စတန်က သီတင်းပတ်သုံးပတ်ကြာ လေ့လာမှုလုပ်ဆောင်ခဲ့တာဖြစ်ပြီး အလွန်အကျွံပြုပြင်ထားတဲ့ အစားအစာကို စားသုံးသူများက သာမန်အစားအစာများကိုသာစားသုံးသူများထက် အဆီ ၁ ကီလိုဂရမ်ပိုများလာတာကိုတွေ့လိုက်ရတာပါ။ ဒီအစားအစာတွေထဲမှာ အဆိပ်အတောက်ဖြစ်စေတဲ့အရာများစွာ ပါဝင်နေတယ်လို့ဆိုပါတယ်။ Ref: STD

ကိုထက်

## ဆေးမတိုးနိုင်တဲ့ သွေးတိုးရောဂါအတွက် အသုံးဝင်လာမယ့် ဆေးတစ်လက်



သွေးတိုးရောဂါဖြစ်ခြင်းက လူ့အသက်ကို ရုတ်တရက်ဆုံးရှုံးသွားစေနိုင်ပါတယ်။ သာမန်သွေးတိုးခြင်းကိုတော့ ဆေးဝါးတွေနဲ့ကုသပေးနိုင်ပေမယ့် ဆေးမတိုးတော့တဲ့ သွေးတိုးရောဂါဖြစ်ပွားမှုတွေလည်း ရှိပါတယ်။ ဒီလိုမျိုးသွေးတိုးရောဂါဖြစ်ပွားမှုကိုကုသပေးနိုင်မယ့် ဆေးဝါးတစ်မျိုးကို ဖော်ထုတ်လိုက်နိုင်ပါတယ်။

သွေးတိုးရောဂါဖြစ်ခြင်းက နှလုံးရောဂါ၊ လေဖြတ်တဲ့ရောဂါ၊ ကျောက်ကပ်ပျက်စီးတဲ့ရောဂါတို့ဖြစ်ပွားနိုင်ခြေကို ပိုမိုမြင့်မားစေပါတယ်။ ဒါကြောင့် လန်ဒန်ကောလိပ်တက္ကသိုလ်မှ ပါမောက္ခဘရိုင်ယန်ဝီလီယံ ဦးဆောင်တဲ့အဖွဲ့က ပြင်းထန်သွေးတိုးရောဂါဖြစ်ပွားမှုကို ကုသပေးနိုင်မယ့် ဆေးဝါးတစ်မျိုးကိုဖန်တီးပြီး လက်တွေ့စမ်းသပ်မှုတွေလုပ်ဆောင်ခဲ့ရာမှာ baxdrostat လို့ခေါ်တဲ့ဆေးရဲ့အစွမ်းကို မြင်တွေ့လိုက်ရတာပါ။

ဒီဆေးရဲ့အစွမ်းက ပျမ်းမျှအားဖြင့် သွေးပေါင်ချိန် ၁၀ လောက်ကို ကျဆင်းသွားစေနိုင်ပါတယ်။ ဒ့်အပြင် ရုတ်တရက်နှလုံးတိုက်ခိုက်မှုဖြစ်တာတို့၊ လေဖြတ်တာတို့၊ ကျောက်ကပ်ပျက်စီးတာတို့ဖြစ်နိုင်ခြေကိုလည်း ကောင်းစွာလျှော့ချပေးနိုင်စွမ်းရှိပါတယ်။ ကမ္ဘာ့တစ်ဝန်းမှာ လူဦးရေ ၁ ဒသမ ၃ ဘီလီယံခန့်က သွေးတိုးရောဂါဖြစ်ပွားနေတာပါ။ အဲဒီထဲကတစ်ဝက်လောက်က ထိန်းချုပ်လို့မရနိုင်တဲ့ ဒါမှမဟုတ် သာမန်ကုသမှုနဲ့မတိုးတဲ့ အခြေအနေများကို ပိုင်ဆိုင်ထားတာဖြစ်ပါတယ်။ Ref: STD

ကိုထက်

## ဂျပန်သိပ္ပံပညာရှင်များက အီလက်ထရွန်ရောင်ခြည်တန်းများသုံးပြီး စိန်များကိုဖန်တီးလိုက်နိုင်



တိုကျိုတက္ကသိုလ်မှ သုတေသနပညာရှင်များက အီလက်ထရွန်ရောင်ခြည်တန်းများကိုအသုံးပြုခြင်းအားဖြင့် စိန်များကို ဖန်တီးနိုင်မယ့်နည်းလမ်းတစ်ခုကို ဖော်ထုတ်လိုက်နိုင်ပါတယ်။ ဒီနည်းလမ်းကို ဖန်တီးလိုက်နိုင်ခြင်းက ပုံရိပ်ဖော်ခြင်းနဲ့ သရုပ်ခွဲမှုနည်းလမ်းများအတွက် ပုံစံအသစ်ကိုရရှိစေလိုက်တာဖြစ်ပါတယ်။

လက်ရှိမှာ စိန်ကို သဘာဝအားဖြင့်ဖြစ်စေ၊ ဓာတုဗေဒနည်းဖြင့်ဖြစ်စေ အဲဒီနည်းလမ်းများနဲ့သာ ထုတ်လုပ်နိုင်သေးတာဖြစ်ပါတယ်။ ဒါပေမဲ့ ပါမောက္ခအီးချီနာကာမူရာ ဦးဆောင်တဲ့သုတေသနအဖွဲ့က အီလက်ထရွန်ရောင်ခြည်တန်းတစ်ခုကိုအသုံးပြုပြီး အသေးစားစိန်များကိုဖန်တီးလိုက်နိုင်တာဖြစ်ပါတယ်။

သိပ္ပံပညာရှင်များ အသုံးပြုသွားတဲ့ ကုန်ကြမ်းပစ္စည်းက လောင်အိမ်ပုံစံဟိုက်ဒရိုကာဗွန်မော်လီကျူးဖြစ်ပါတယ်။ အဲဒီမော်လီကျူးက စိန်မှာပါတဲ့ကာဗွန်ဖွဲ့စည်းပုံနဲ့အတူတူပါပဲ။ ဒါပေမဲ့ ကာဗွန်တစ်လုံးစီကို ဟိုက်ဒရိုဂျင်အက်တမ်နဲ့ပိတ်ထားတာဖြစ်ပါတယ်။ ဒါကြောင့် အဲဒီကုန်ကြမ်းပစ္စည်းကို စိန်အဖြစ်ပြောင်းလဲဖို့ ကာဗွန်-ဟိုက်ဒရိုဂျင်တွဲဆက်ထားမှုကို ဖြိုခွဲလိုက်တာဖြစ်ပါတယ်။ Ref: IE

ကိုထက်

## ရွှေအစစ်နဲ့အမှတ်တံဆိပ်များပါပြီး မိုင် ၇၂၀ သွားနိုင်တဲ့ BYD ရဲ့ လျှပ်စစ်စွမ်းအင်သုံးဇိမ်ခံကား



တရုတ်နိုင်ငံရဲ့ လျှပ်စစ်ကားတွေထုတ်လုပ်တဲ့ BYD ကုမ္ပဏီက Yangwang U8L Dingshi Edition ဆိုတဲ့ ကားတစ်စီးကို တရားဝင်ထုတ်ဖော်ပြသဖို့ စိုင်းပြင်းနေပါတယ်။ BYD ကုမ္ပဏီက အရည်အသွေးမြင့်မားတဲ့ လျှပ်စစ်ကားတွေကိုထုတ်လုပ်ဖို့ရည်မှန်းထားတဲ့အတိုင်း ရှေ့ဆက်လုပ်ဆောင်နေတယ်ဆိုတာကို ထုတ်ဖော်ပြတဲ့အနေနဲ့ ဒီကားကိုထုတ်လုပ်ထားတာဖြစ်ပါတယ်။

BYD ကုမ္ပဏီက U8 အမျိုးအစားလမ်းကြမ်းသုံး လျှပ်စစ်ကားကိုထုတ်လုပ်ထားပြီးဖြစ်ပါတယ်။ အခုထုတ်ဖော်ပြသမယ့်ကားက U8 ကိုပဲပိုမိုကြီးမားတဲ့ပုံစံနဲ့အဆင့်မြှင့်တင်ထုတ်လုပ်ထားတာပါ။ ဒါပေမဲ့အခုထုတ်လုပ်မှုမှာ အထင်ကရအဖြစ်ဆုံးက ရွှေသားစစ်စစ်နဲ့ဖန်တီးထားတဲ့ အမှတ်တံဆိပ်များကိုတပ်ဆင်ပေးထားတာပါ။

နောက်တစ်ခုက ဒီကားရဲ့မောင်းနှင်နိုင်တဲ့အကွာအဝေးဖြစ်ပါတယ်။ လမ်းကြမ်းသုံးကားဖြစ်ပေမယ့် ဇိမ်ခံကားအဖြစ်ပါ ဖန်တီးထားတဲ့ ဒီကားက မိုင်ပေါင်း ၇၂၀ အထိကို စိတ်အေးလက်အေးမောင်းနှင်နိုင်မှာဖြစ်တယ်လို့ BYD ကုမ္ပဏီရဲ့ထုတ်ပြန်ချက်ထဲမှာဖော်ပြထားပါတယ်။ Ref: IE

ကိုထက်

## အမေရိကန်တိုက်ခိုက်ရေးရဟတ်ယာဉ်များက စစ်ပွဲအတွက်အလွန်အသုံးဝင်မယ့် ဆက်သွယ်ရေးစနစ်ကိုရရှိလာ



အမေရိကန်တပ်မတော်ကအသုံးပြုနေတဲ့ တိုက်ခိုက်ရေးရဟတ်ယာဉ်များက စစ်ဖြစ်တဲ့အချိန်မှာ အလွန်အသုံးဝင်လာစေမယ့်ဆက်သွယ်ရေးစနစ်ကို ရရှိပိုင်ဆိုင်လာပြီဖြစ်ပါတယ်။ အဲဒီဆက်သွယ်ရေးစနစ်ကိုထုတ်လုပ်သူက BAE Systems ဖြစ်ပြီး AN/ARC-231A အမျိုးအစား ရေဒီယိုစနစ်ဖြစ်ပါတယ်။

လက်ရှိမှာ အဲဒီရေဒီယိုစနစ်ကို ရဟတ်ယာဉ်တချို့မှာ တပ်ဆင်စမ်းသပ်မှုတွေ လုပ်နေပါတယ်။ ဒီစနစ်က လိုင်းနှုန်းအစုံပါဝင်ပြီး စစ်ဆင်ရေးပုံစံမျိုးစုံမှာအသုံးပြုနိုင်စေမယ့် မျိုးဆက်သစ်ဆက်သွယ်ရေးစနစ်ဖြစ်တယ်လို့ဆိုပါတယ်။

ဒီလိုမျိုးစနစ်ကို တိုက်ခိုက်ရေးရဟတ်ယာဉ်မှာ တပ်ဆင်အသုံးပြုခြင်းကြောင့် ရဟတ်ယာဉ်မှူးများအနေနဲ့ အဆင့်မြင့်ဆက်သွယ်ရေးစွမ်းရည်များကို ပိုင်ဆိုင်လာမှာဖြစ်သလို တွေ့ကြုံရတဲ့အန္တရာယ်များကိုလည်း အချိန်တိုအတွင်းလျင်မြန်စွာ တုံ့ပြန်နိုင်စေမှာဖြစ်တယ်လို့ ဒီဆက်သွယ်ရေးစနစ်ကိုဖန်တီးသူများကပြောပါတယ်။

လက်ရှိအသုံးပြုနေတဲ့ ARC-231 ဆက်သွယ်ရေးစနစ်နေရာမှာ အခုဖန်တီးထားတဲ့ ဆက်သွယ်ရေးစနစ်များကို အစားထိုးအသုံးပြုသွားမှာဖြစ်ပါတယ်။ Ref: IE

ကိုထက်

# ရန်ကုန်တိုင်းဒေသကြီးရှိ မြစ်ရေတင်လုပ်ငန်းများမှ ၂၀၂၅-၂၀၂၆ ခုနှစ်အတွင်း နွေစပါးနှင့်အခြားသီးနှံစုစုပေါင်း ဧက ၂၀၁၀၀ စိုက်ပျိုးရေပေးဝေရန် လျာထားဆောင်ရွက်



နေပြည်တော် စက်တင်ဘာ ၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် မုဆိုးညောင်ပင်ရွာအနီးရှိ ငမိုးရိပ်လျှပ်စစ်ရေတင်လုပ်ငန်းနှင့် လက်ပံရေတင်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆိုလာစနစ်တွဲဖက်တပ်ဆင်အသုံးပြုသည့် မြစ်ရေတင်လုပ်ငန်းငါးခုတွင် ဆိုလာကီလိုဝပ် ၁၀၅၇ ဒသမ ၁ ကီလိုဝပ်နှင့် ဆိုလာစနစ်သီးသန့်ရေတင်လုပ်ငန်းများအဖြစ် ရေတင်လုပ်ငန်းငါးခု၌ ဆိုလာကီလိုဝပ် ၇၂၆ ကီလိုဝပ် စုစုပေါင်း ဆိုလာကီလိုဝပ် ၁၇၈၃ ဒသမ ၁ ကီလိုဝပ်တပ်ဆင်ပြီးဖြစ်ကြောင်း၊ အလားတူ လှည်းကူးမြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့်တည်ဆောက်မည့် ဆိုလာကီလိုဝပ် ၅၀၅၀ တပ်ဆင်ရန် တင်ဒါခေါ်ယူဆောင်ရွက်ပြီးဖြစ်ကာ အဆိုပါလုပ်ငန်းများဆောင်ရွက်ပြီးစီးပါက စုစုပေါင်းဆိုလာကီလိုဝပ် ၆၈၃၃ ဒသမ ၁ ကို မြစ်ရေတင်လုပ်ငန်းများတွင် အသုံးပြုနိုင်မည်ဖြစ်၍ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားချွေတာသုံးစွဲနိုင်မည်ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှစ်ခုတွင် တည်ဆောက်ပြီး မြစ်ရေတင်လုပ်ငန်း ၂၃ ခုမှ အကျိုးပြုဧက ၂၆၀၀၀ ကျော်နှင့်ဆောင်ရွက်ဆဲ မြစ်ရေတင်စီမံကိန်းတစ်ခုမှ အကျိုးပြုဧက ၁၅၀၀ စုစုပေါင်းမြစ်ရေတင် ၂၄ ခုမှအကျိုးပြုဧက ၂၇၈၀၀ ကျော် စိုက်ပျိုးရေရရှိရေးဆောင်ရွက်လျက်ရှိရာ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် နွေစပါးဧက ၁၇၄၀၀ ကျော်နှင့် အခြားသီးနှံဧက ၂၆၀၀ ကျော် စုစုပေါင်း ဧက ၂၀၁၀၀ ကို ရေပေးဝေရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းနောက် လှည်းကူးမြို့နယ် ညောင်တခြမ်းကျေးရွာရှိ ငမိုးရိပ်ဆည်ရေသောက်စနစ် လက်တံမြောင်း ၆ ဧရိယာအတွင်း အောင်နိုင်တိုးမျိုးစပါးထုတ်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ဆွေးနွေးမှာကြားပြီး ငမိုးရိပ်လက်ဝဲတူးမြောင်းနှင့် ရေခွဲထိန်းအဆောက်အအုံကို ကြည့်ရှုစစ်ဆေးကာ ဒုတိယဝန်ကြီးက စိုက်ပျိုးရေပေးဝေရာတွင် တည်ဆောက်ပြီး ဆည်ရေသောက်စနစ်များကို အဆင့်မြှင့်တင်ပြုပြင်၍ စိုက်ပျိုးရေအလေအလွင့်မရှိစေရေးနှင့် လိုအပ်သည့်အချိန်တွင် လိုအပ်သည့် ပမာဏအတိုင်းပေးဝေနိုင်ရေး၊ စိစစ်စိုက်ဧကများအတိုင်း စိုက်ပျိုးရေပေးဝေ၍ အပြည့်အဝစိုက်ပျိုးနိုင်ရေး ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မရမ်းကုန်းမြို့နယ်ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စက်မှုလုပ်ငန်းခွင်သင်တန်းကျောင်း စက်မှုတိုင်း(၁)ကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သည့် လမ်း၊ တံတားများ ပြန်လည်ပြုပြင်တည်ဆောက်နေမှု ဒုတိယဝန်ကြီး ဦးမျိုးမြင့် ကြည့်ရှုစစ်ဆေး





နေပြည်တော် စက်တင်ဘာ ၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ရန်ကုန်-မန္တလေးအမြန်လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ယာဉ်သွားလာမှုစနစ်တကျဖြစ်စေရေးနှင့် အန္တရာယ်ကင်းစေရေးသတိမှတ်ချက်များနှင့်အညီ ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် သော်တာဝင်းကုမ္ပဏီက တာဝန်ယူ၍ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်-တောင်ငူ-မန္တလေးလမ်း မိုင်တိုင်(၃၉၁/၂ မှ ၃၉၂/၄) အထိ ပေ ၉၀ အကျယ် မြေသားတာပေါင်တိုးချဲ့ခြင်းလုပ်ငန်း၊ ၄၈ ပေအကျယ် AC ခင်းခြင်းလုပ်ငန်း၊ လမ်းပခုံးပြုပြင်ခြင်းလုပ်ငန်းနှင့် Thermoplastic Road Paint ဖြင့် ဆေးလိုင်းဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးအမြန်လမ်း(မန္တလေး-ရန်ကုန်) လမ်းပိုင်း မိုင်တိုင်(၃၅၈/၄ မှ ၃၆၅/၃) အတွင်း ငလျင်ဒဏ်ကြောင့်ပျက်စီးသွားသည့် ကွန်ကရစ်လမ်းပိုင်းများ မြေသားလုပ်ငန်းဆောင်ရွက်နေမှုနှင့် ၂၅ ပေအကျယ်၊ ၁ ပေထု ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်(၃၅၈/၁)ရှိ ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သော ဒုဋ္ဌဝတီတံတားပြန်လည်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာတာဝန်ခံများက လုပ်ငန်းများဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့်ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက လုပ်ငန်းများအရည်အသွေးပြည့်မီစေရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးစေရေး အလေးထားဆောင်ရွက်သွားရန်မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကာ လုပ်ငန်းခွင်များအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဒုဋ္ဌဝတီတံတားပြိုကျသွားခြင်းကြောင့် ရန်ကုန်-မန္တလေးအမြန်လမ်းအသုံးပြုနေသောမော်တော်ယာဉ်များသည် မိုင်တိုင်အမှတ်(၃၅၂)ရှိ စကားအင်းအဝိုင်းမှ ပလိပ်သို့သွားသည့် လမ်းမှတစ်ဆင့် ရန်ကုန်-တောင်ငူ-မန္တလေးလမ်း(လမ်းဟောင်း)သို့ ကူးပြောင်းသွားလာလျက်ရှိသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးကို ဆက်သွယ်ထားသည့် ရောဝတီတံတား(ရတနာပုံ) မန္တလေးဘက်ခြမ်း လုပ်ငန်းခွင်ရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ခံအင်ဂျင်နီယာက ငလျင်ဒဏ်ကြောင့် Lateral Bracing သံပေါင်များနှင့် Pier များပျက်စီးခဲ့မှုနှင့် ပြုပြင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ဧရာဝတီတံတား(ရတနာပုံ) ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများ လျာထားချက်နှင့်အညီ ပြီးစီးရန်လိုအပ်ကြောင်း၊ ထပ်မံလှုပ်ခတ်လျက်ရှိသည့် ငလျင်ငယ်လေးများရှိသည့်အတွက် တံတားကြီးထပ်မံပျက်စီးခြင်း ရှိ၊ မရှိ စောင့်ကြည့်စစ်ဆေးသွားရန်နှင့် ပြည်သူများအန္တရာယ်ကင်းရှင်းစွာ သွားလာအသုံးပြုနိုင်စေရေးအတွက် နေ့စဉ်စောင့်ကြည့်စစ်ဆေးပြီး အချိန်နှင့်တစ်ပြေးညီ တင်ပြရန်မှာကြားပြီး ရေယာဉ်ဖြင့် လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေထွက်ကြီးတွင် ရေကန်နှင့်ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးနှင့် ပြည်သူများလာရောက်အပန်းဖြေနိုင်ရေးတို့အတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ဟိုပုံး စက်တင်ဘာ ၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေထွက်ကြီးတွင် ရေကန်တွင်းနှင့် ရေကန်ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေး ယမန်နေ့နံနက် ၈ နာရီက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခွန်သိန်းရွှေနှင့်အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ဆောင်ရွက်ရာတွင်ဟိုပုံးတပ်နယ်တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ စစ်သည်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးဌာန၊ ဒေသ/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများက ရေကန်ပတ်ဝန်းကျင်ရှိ ချုံနွယ်ပေါင်းမြက်များကို ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေကန်ကိုလာရောက်အသုံးပြုသူများ အဆင်ပြေစေရန် ရေချိုးရန်နေရာသီးသန့်သတ်မှတ်ခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းရှိအမှိုက်များရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)



## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် စက်တင်ဘာ ၇

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်မှအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။

(မိုး/ဇလ)

# ရေဆင်းတက္ကသိုလ်နယ်မြေခွဲ (၈၂)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲကျင်းပ



နေပြည်တော် စက်တင်ဘာ ၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် တောင်သူများပူးပေါင်းဆောင်ရွက်သော (၈၂)ကြိမ်မြောက်တောင်သူနည်းပညာပေးဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းတက္ကသိုလ်နယ်မြေရှိစိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း AERDTC ခန်းမ၌ကျင်းပရာ သက်ဆိုင်ရာပညာရှင်များ၊ သုတေသီများက "ရာသီဥတုနှင့် သဟဇာတဖြစ်သော စိုက်ပျိုးရေး" ခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှပညာရှင်သုတေသီများ၊ စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခများနှင့်ဆရာ၊ ဆရာမများ၊ နေပြည်တော်ကောင်စီနယ်မြေမှ တောင်သူများတက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပညာရှင်များ၊ စိုက်ပျိုးရေးသိပ္ပံကျောင်းများမှ ဆရာ၊ ဆရာမများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက သီးနှံအကြွင်းအကျန်များကိုမီးရှို့ခြင်း၊ ဓာတုမြေဩဇာနှင့်ပိုးသတ်ဆေးများ အလွန်အကျွံသုံးစွဲခြင်းတို့ကြောင့် လေထုအတွင်းသို့ ကာဗွန်ဒိုင်အောက်ဆိုက်၊ နိုက်ထရပ်အောက်ဆိုက်နှင့် မီသိန်းဓာတ်ငွေ့များစွန့်ထုတ်မှုမြင့်တက်နိုင်ကြောင်း၊ ထိုသို့သော ဓာတ်ငွေ့များထွက်ရှိမှုကိုလျှော့ချနိုင်ရန် ရာသီဥတုနှင့် သဟဇာတဖြစ်သော စိုက်ပျိုးရေးနည်းလမ်းများကျင့်သုံးရန်အထူးအရေးကြီးကြောင်း၊ တောင်သူများအကြား ရာသီဥတုနှင့်သဟဇာတဖြစ်သော စိုက်ပျိုးရေးနည်းလမ်းများ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလာစေရေး၊ ပိုးသတ်ဆေးဓာတ်ကြွင်း အန္တရာယ်နှင့်စပ်လျဉ်း၍ ပိုမိုသိရှိပြီး လိုက်နာဆောင်ရွက်လာစေရေး ပညာပေးလုပ်ငန်းများဆောင်ရွက်စေလိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးကို တွဲဖက်လုပ်ကိုင်လာမှသာ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေစွာ စားရေရိက္ခာတိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် အဆင့်မြင့် စိုက်ပျိုးရေးသုတေသနမှ ပါမောက္ခဌာနမှူး ဒေါက်တာရာဇာဟိန်းက ကုန်းဘောင်ခေတ် စပါးစိုက်ပျိုးရေး၊ မျိုး ၁၈၇ မျိုးနှင့် စိုက်ပျိုးချိန်ကာလများ၊ မိုးလေဝသရာသီဥတုပြောင်းလဲမှု အခြေခံသဘောတရားနှင့် သက်ရောက်မှုဖြစ်စဉ်၊ ရာသီဥတုနှင့်သဟဇာတဖြစ်သော စိုက်ပျိုးရေးနည်းလမ်းကောင်းများကို ဆွေးနွေးတင်ပြရာ ဆွေးနွေးချက်များအပေါ် ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များအပေါ် ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

မြဝတီ




# ဆင်ဟွာသတင်းဌာနနှင့်သုတေသနပညာရှင်များ၏ ဒုတိယကမ္ဘာစစ် ကမ္ဘာ့အရှေ့ခြမ်း စစ်မြေပြင်ဆိုင်ရာ အစီရင်ခံစာထုတ်ပြန်




ပေကျင်း စက်တင်ဘာ ၇

သမိုင်းအားအောက်မေ့သတိရခြင်းနှင့် တရားမျှတမှုကို ကာကွယ်ထိန်းသိမ်းခြင်း၊ ဒုတိယကမ္ဘာစစ်အတွင်း ကမ္ဘာ့အရှေ့ခြမ်း စစ်မြေပြင်တို့၏ အမှန်တရားဆိုင်ရာ ဖော်ထုတ်သည့် အစီရင်ခံစာအား စက်တင်ဘာလ ၅ ရက်က ထုတ်ပြန်သည်။ အဆိုပါ အခမ်းအနားကို ပေကျင်းမြို့၌ကျင်းပခဲ့ပြီး တရုတ်ပြည်သူများ၏ ဆန့်ကျင်တိုက်ပွဲဝင်ခဲ့သည့် အရေးပါမှုနှင့် အောင်ပွဲထက်သို့ ကူညီပေးမှုများသည် ကမ္ဘာလုံးဆိုင်ရာ ဖက်ဆစ်ဆန့်ကျင်စစ်ပွဲအောင်ပွဲထက်တွင် အလွန်ကြီးမားသည်ဟု အစီရင်ခံစာအတွင်း ဖော်ပြထားသည်။

အဆိုပါအစီရင်ခံစာကို ဆင်ဟွာသတင်းဌာန လက်အောက်ရှိ ဆင်ဟွာအင်စတီကျူက တရုတ်-အင်္ဂလိပ်နှစ်ဘာသာဖြင့် ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ယင်းအခမ်းအနားတွင် "ဆန့်ကျင်တိုက်ပွဲ၏ စိတ်ဓာတ်သည် လွန်ခဲ့သည့်အချိန်ကဲ့သို့ပင် ယနေ့အချိန်တွင်ပါ အရေးကြီးနေဆဲဖြစ်ပြီး တရုတ်ပြည်သူတို့အတွက် အလွန်စွဲမြဲနေဆဲဖြစ်သည်" ဟု တရုတ်ကွန်မြူနစ်ပါတီ သမိုင်းနှင့် စာပေဌာနအကြီးတန်းကျွမ်းကျင်ပညာရှင်အဖွဲ့ဥက္ကဋ္ဌ မစ္စတာ Qu Qingshan ပြောကြားသည်။

အခမ်းအနားအတွင်း တရုတ်နိုင်ငံ၊ မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံ စသည့် ဒုတိယကမ္ဘာစစ်၏ ကမ္ဘာ့အရှေ့ခြမ်း စစ်မြေပြင်ဖြစ်ခဲ့ရာနိုင်ငံများနှင့် ကြုံတွေ့ခဲ့ရသည့် အခက်အခဲများအကြောင်းကိုလည်း ပညာရှင်များက ဆွေးနွေးကြသည်။

ဆင်ဟွာသတင်းဌာနအမှုဆောင်ဥက္ကဋ္ဌ မစ္စတာ Fu Hua က ဒုတိယကမ္ဘာစစ်ပွဲ သမိုင်းဖြစ်ရပ်ကို နားလည်မှသာ ကမ္ဘာလုံးဆိုင်ရာ ထာဝရငြိမ်းချမ်းရေးအတွက် ပိုမိုလုပ်ဆောင်လာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။ အခမ်းအနားကို ဆင်ဟွာသတင်းဌာန စာတည်းမှူးချုပ် မစ္စတာ Lyu Yansong က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီး ကမ္ဘာ့အရှေ့ခြမ်းနိုင်ငံများမှ ပညာရှင်များက ဆွေးနွေးကြခြင်းဖြစ်သည်။

ခင်ရတနာ

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၇

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Zawlay" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်နေ ဇော်မင်းဦး(ခ)အရှည်ကြီးအား ညနေ ၅ နာရီခွဲတွင် ပြည်ကြီးတံခွန်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်းအစီအစဉ်(MCCT)တွင် အကျိုးခံစားခွင့်ရှိသူများအနေဖြင့် ထောက်ပံ့ငွေထုတ်ယူရန် အသိပေးနှိုးဆော်ခြင်း

ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး(နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ)၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ MCCT အစီအစဉ်တွင် အကျိုးခံစားခွင့်ရှိသူများအား သက်ဆိုင်ရာ **မြန်မာ့စီးပွားရေးဘဏ်ခွဲ**များတွင် **၂၂-၉-၂၀၂၅ ရက်မှ ၂၂-၁၂-၂၀၂၅ ရက်အထိ** ထောက်ပံ့ငွေများကို ထုတ်ပေးသွားမည်ဖြစ်ပါသဖြင့် အကျိုးခံစားခွင့်ရှိသူကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်များမှ **နိုင်ငံသားအသိအမှတ်ပြုကတ်ပြား(မူရင်း)** ယူဆောင်ပြီး ထောက်ပံ့ငွေထုတ်ယူနိုင်ပြီဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ထောက်ပံ့ကြေးပေးအပ်သည့်ကိစ္စနှင့်ပတ်သက်၍ သိရှိလိုသည်များကို လူမှုဝန်ထမ်းဦးစီးဌာန Help Line ဖုန်းနံပါတ် 1566 သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

# အသက် ၅၀ ကျော်လျှင် စားသင့်သောဓာတ်စာ ၁၀ မျိုး

ကြည်လွင်မြင့်(မုဒြာ)

စာရေးသူ၏မိတ်ဆွေတစ်ဦးသည် အသက် ၅၀ ကျော်သောအခါ အတန်အသင့်ဝလာသဖြင့် ဆရာဝန်ပြ၊ ဆေးစစ်သောအခါ အဆီဓာတ် (Cholesterol) တက်နေသည်ဟု သိရသဖြင့် အဆီကို လျှော့စားသော်လည်း အဆီကား မကျပေ။

ကျန်းမာရေးဂျာနယ်များ ဖတ်ရှုသောအခါ ရေနွေးကြမ်းသောက်ခြင်းဖြင့် အဆီကျစေနိုင်သည်ဟုဆိုသဖြင့် ရေနွေးကြမ်းသောက်သည်။ လက်ဖက်ခြောက်အဖန်ဓာတ်က ကိုလက်စထရောကိုဖျက်နိုင်သည်ဟု ဆိုသဖြင့် လက်ဖက်ခြောက်များများထည့်ပြီး ဖန်သောရေနွေးကို ကျင့်သောက်သည်ဟုဆိုသည်။ ပထမတော့ ဖန်လွန်း၍မသောက်နိုင်။ နောက်ပိုင်း အကျင့်ရလာပြီး အဖန်ကြိုက်သွားသည်ဟုဆိုပါသည်။

သို့သော် ရေနွေးအဖန်သောက်ပြီး ခြောက်လကြာ သွေးဖောက်၍ ကိုလက်စထရောစစ်ကြည့်သောအခါတွင်လည်း ကျသွားခြင်းမရှိ၊ နဂိုအတိုင်းပင်ဖြစ်နေသည်။ သို့သော် ရေနွေးကြမ်းအဖန်ရည်သောက်ခြင်းကြောင့် ရလာသော နောက်ဆက်တွဲဝေဒနာမှာ ဝမ်းချုပ်ခြင်းပင်ဖြစ်တော့သည်။

သူ၏ကျန်းမာရေးမှာ ယခင်က စားကောင်းသောက်ကောင်း၊ ဝမ်းမှန်ပြီး ပြည့်ပြည့်ဝဝဖြစ်နေရာမှ ရုတ်တရက်ဗိုက်ပူထွက်လာသည်။ ဤမှာပင် စိတ်ချဖို့စဉ်းစားမိလာသည်။ မိမိဘာသာ အရမ်းစိတ်ချ၍မဖြစ်၊ ဆရာဝန်ပြပြီးမှ စိတ်ချမည်ဆိုကာ ပြဖြစ်သည်။ ဆရာဝန်၏ဆေးစစ်ချက်များအရ သိလာရသောအခါကျမှ အသည်းအဆီတက်ခြင်း၊ ကိုလက်စထရောများခြင်းတို့ကို သိလာရခြင်းဖြစ်လေသည်။

သူ့ကို ဆရာဝန်က ကိုလက်စထရောအဆီချသည့် ဆေးမပေး၍ မဟုတ်ပေ။ ပေးသည့်ဆေးပြားသေးသေးလေးကို ညအိပ်ရာဝင်ချိန်မှ တစ်လုံးသာသောက်ရသည်။ သို့သော် ထိုဆေးသောက်ပြီး ၁၀ ရက်ခန့်ကြာသောအခါ အစားအသောက်ပျက်လာသည်။ ကတုန်ကယင်နှင့် ပစ္စည်းများကိုင်လျှင် လွတ်ကျတတ်လာသည်။ ဆရာဝန်ကြီးထံ ပြန်ပြသောအခါ ထိုဆေး၏ဘေးထွက်ဆိုးကျိုးကြောင့်လည်း ဖြစ်နိုင်သည်ဟု ပြောသဖြင့် ဆက်မသောက်ရဲတော့ဘဲ ရပ်လိုက်ရသည်။

ထိုဆေးသည် သွေးအတွင်းမှ အဆီများကို ကျစေသည်မှာ မှန်သော်လည်း လူတချို့တွင် အစားပျက်ခြင်း၊ ကတုန်ကယင်ဖြစ်ခြင်း၊ ညအိပ်မပျော်ခြင်း၊ နှာစေး၊ နှာပိတ်ခြင်း၊ ထိုထက်ဆိုးသည်မှာ စိတ်ကယောင်ချောက်ချားဖြစ်ခြင်း၊ စိတ်ဓာတ်ကျခြင်းများပါ ဖြစ်နိုင်သည်ဟုဆိုသဖြင့် ဆေးထက် ဘေးကပိုများနေ၍ ကြောက်မိခြင်းဖြစ်သည်။

အင်္ဂလိပ်ဆေးသောက်နေသည်ကို ရပ်လိုက်ချိန်မှစပြီး တိုင်းရင်းမြန်မာဆေးဘက် လှည့်လာသည်။ ပထမဦးစွာ တီဗွီမှကြော်ငြာသော အဆီကျပိန်ဆေးတစ်မျိုးကို စိတ်ဝင်စားမိသည်။ မြန်မာဆေးဟူသည်မှာ ဘေးထွက်ဆိုးကျိုးမရှိဟု ထင်မိသည်။ သို့သော် အထင်နှင့်အမြင်လွဲလေသည်။ ထိုဆေးဝယ်စားမိသည့်ညက တစ်ညလုံး ဗိုက်ရစ်နာ၍ မအိပ်ရပေ။ နံနက်မလင်းမီ အိမ်သာပြေးရသည်။ နံနက်စာစားပြီးတော့လည်း တစ်ကြိမ်သွားပြန်သည်။

နေ့လယ်စာတွင် ချဉ်ရည်ဟင်းပါသည်ကိုပင် မသောက်ရဲတော့ဘဲ ကြက်ဥကြော်တစ်လုံးနှင့် ငါးကြော်တစ်တုံးမျှဖြင့် တင်းတိမ်လိုက်ရသည်။ သို့သော် နေ့ခင်းဘက်မှာထပ်ပြီး အိမ်သာပြေးရပြန်သည်။ နောက်ညမှာတော့ ထိုဆေးကို မသောက်ရဲတော့ပေ။ တစ်နေ့ ဝမ်းသုံးကြိမ်၊ လေးကြိမ်သွားသည့်နည်းနှင့် အဆီကျဝိတ်ချရမည်ဆိုလျှင် နည်းလမ်းမမှန်သေးဟု စိတ်ထဲမှာပင် ထင်မိသည်။

နောက်တော့ အဆီကျပိန်စေသောဓာတ်စာများကို လေ့လာပြီး စားကြည့်ရန် ဆုံးဖြတ်လိုက်သည်။ အဆီကျစေသော အစားအသောက်များ၊ ရှောင်ရမည့်အစားအသောက်များကို လေ့လာသည်။ ကျန်းမာရေးဆိုင်ရာ စာအုပ်များကိုလည်း ဝယ်ဖတ်သည်။ အပတ်စဉ်ထုတ် ကျန်းမာရေးဂျာနယ်နှစ်စောင်ကို ပုံမှန်ပို့ပေးရန် သတင်းစာပို့သူနှင့် မှာလိုက်သည်။

ဂျာနယ်တစ်စောင်တွင် ထူးထူးခြားခြားအဆီကျစေသော အစားအစာ ၁၀ မျိုးဟု တွေ့ရသည်။ ကြွေသားစက္ကူတွင် ရောင်စုံပုံများဖြင့် စားစရာ၊ သောက်စရာများကို ဖော်ပြထားသည်။

ထို ၁၀ မျိုးမှာ တူနာငါး၊ ဂေါ်ဖီထုပ်၊ မုန်လာဥနီ၊ ပန်းသီး၊ ဆန်းကစ်သီး၊ ဂျုံကြမ်း၊ တရုတ်နံနံ၊ ပဲတောင့်ရှည်၊ ပန်းမုန်လာအစိမ်းရောင်နှင့် လက်ဖက်စိမ်းရည်တို့ဖြစ်သည်။

အထက်ပါအစားအစာများမှာ အဆီကျစေရန် တစ်နည်းအားဖြင့် ကိုလက်စထရောမတက်စေရန် စားသင့်သည့်အစာ မှန်ကောင်းမှန်မည်ဖြစ်သော်လည်း မြန်မာလူမျိုးတို့ စားလေ့ရှိသောဓလေ့နှင့် သိပ်မအပ်စပ်ကြောင်း တွေ့ရမည်ဖြစ်သည်။ မြန်မာ့အစားအစာဓလေ့နှင့် ကင်းကွာနေသဖြင့် သေသေချာချာလေ့လာကြည့်လျှင် အနောက်တိုင်းအစားအစာနှင့် တရုတ်အစားအစာများ ရောနှောဖော်ပြထားသည်ကို တွေ့ရသည်။

မြန်မာ့အစားအစာနှင့် နီးစပ်သောအစာများမှာ ဥပမာအားဖြင့် ငါးကြင်းဖြူ၊ ငါးခူ၊ ငါးမျက်ဆန်နီ၊ ဆန်ကြမ်း (ငစိန်ဆန်၊ ရွှေဝါထွန်း)၊ ရှောက်သီး၊ ကျွဲကောသီး၊ ဖီးကြမ်းငှက်ပျောသီး၊ ပဲရာဇာ (ပဲနီလေး)၊ ဂေါ်ဖီထုပ်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ကန်စွန်းရွက်၊ မှိုနားတို၊ လယ်ပတူ၊ ကညွတ်၊ ပုစွန်စာ၊ မြင်းခွာရွက်၊ ထမင်းရည်နှင့် ရေနွေးကြမ်း စသည့် ဓာတ်စာပေးလျှင် မြန်မာလူမျိုးများနှင့် ပို၍အဆင်ပြေသင့်တင့်လျောက်ပတ်မည်ဟု ထင်မြင်ယူဆမိသည်။ မြန်မာအိမ်ရှင်မများ ဈေးဝယ်ထွက်ရာတွင်လည်း အလွယ်တကူဝယ်ယူနိုင်သည့်အရာမျိုးဖြစ်ရန်လိုသည်။

အထက်ပါဓာတ်စာများတွင်ပါဝင်သော ငါးကြင်းဖြူ၊ ငါးမျက်ဆန်နီ၊ ငါးခူ စသည်တို့မှာ အဆီမတက်စေသည့်အပြင် ကောင်းသောအဆီကို တိုးစေမည့်ငါးများဖြစ်သည်။ ငါးမြင်း၊ ငါးဘတ်၊ ငါးသလောက်၊ ငါးဖယ်တို့မှာ ရှောင်ကြဉ်သင့်သောငါးမျိုးဖြစ်သည်။

ဆန်ကြမ်းမှာ တောသူတောင်သားများအကြိုက်ဖြစ်သည်။ အားဖြစ်စေပြီး အစာကြေလွယ်သည်။ အဆီချလိုသူများမှာ ဧည့်မထ၊ ပေါ်ဆန်းမွှေးနှင့် တောင်ပြန် စသည့်ဆန်များကိုလည်း ရှောင်သင့်သည်။ ကြေခဲသည့် ရှမ်းဆန်နှင့် ကောက်ညှင်းဆန်ကိုလည်း ရှောင်သင့်သည်။ အီသောဆန်သည် အဆီတိုးသည်ဟု မှတ်ယူရမည်ဖြစ်သည်။

**"ရေနွေးကြမ်းအဖန်ရည်ဖြင့် အဆီကျစေနိုင်သည်။ သို့သော်လည်း အဖန်မှာ ချုပ်သောသတ္တိရှိသဖြင့် ဝမ်းချုပ်၊ လေချုပ်၊ အစားပျက်ဖြစ်တတ်သည်။ လိပ်ခေါင်းရှိသူများဆိုလျှင် အဖန်ရည်နှင့်မတည့်ပေ။ ထို့ကြောင့်ပင် ရှေးမြန်မာလူကြီးများ လက်ဖက်ရည်ကြမ်းဝိုင်းတွင် ဆားကိုကျက်အောင်လှော်ထားသော ဆားလှော်ဘူးလေးပါလေ့ရှိသည်။ ရေနွေးကြမ်း အသောက်များလာသောအခါ ဆားလှော်အနည်းငယ်ထည့်သောက်သည့် ဓလေ့ရှိသည်။ လေမချုပ်၊ ဝမ်းမချုပ်စေရန် ဆားလှော်က အဖန်ကိုဖျက်ပေးသည်။ ယခုခေတ်တွင် ဆရာဝန်များက ဆားကို သွေးတိုးသည်ဟု ရှောင်ခိုင်းကြသဖြင့် ရေနွေးကြမ်းဝိုင်းတွင် ဆားလှော်ဘူးထားသောဓလေ့မှာ ပျောက်ကွယ်သွားပြီဖြစ်သည် . . ."**

ရှောက်သီးနှင့် ကျွဲကောသီးတို့မှာ အဆီပိုကျစေသော အစာများဖြစ်သည့်အပြင် ဆန်းကစ်သီးလောက် ဈေးကြီးပေးဝယ်ရန်မလိုပေ။

ဖီးကြမ်းငှက်ပျောသီးမှာလည်း မြန်မာများကြိုက်သော ဓာတ်စာဖြစ်သည်။ အလွယ်တကူဝယ်ယူရရှိနိုင်သည်။ ပန်းသီးကဲ့သို့ ငွေကုန်ကြေးကျမများနိုင်တော့ပေ။

ပဲရာဇာ(ပဲနီလေး)မှာ အဆီကျပြီး ပေ့ါပါးသောပဲမျိုးဖြစ်သည်။ နေ့စဉ်စားနိုင်လေ ကောင်းလေဖြစ်သည်။ ပဲရာဇာသည် (လဟုဂုဏ်) ပေ့ါပါးသောဂုဏ်ရှိသည်။ ကုလားပဲသည် (ဂရုဂုဏ်) လေးလံသောဂုဏ်ရှိသည်။ အဆီကျလိုသူ၊ ပိန်လိုသူများ မစားသင့်ဟု ဓာတ်ဆရာကြီးများ အဆိုရှိသည်။ ပဲရာဇာသည် ဟင်းချိုချက်လျှင်လည်း အလွန်နူးလွယ်၊ ကျက်လွယ်သည်။ အလျင်အမြန်ချက်စားနိုင်သော ဟင်းမျိုးဖြစ်သည်။

ဂေါ်ဖီထုပ်မှာ အဆီချလိုသူများအတွက် အသုံးဝင်သည့် ဓာတ်စာဖြစ်သည့်အပြင် အသားအရေလှစေသော အစာမျိုးလည်းဖြစ်သည်။ အနောက်တိုင်းဆေးပညာအလိုအရလည်း ဂေါ်ဖီထုပ်သည် အင်တီအောက်စီးဒင့် ခေါ် ဓာတ်တိုးဆန့်ကျင်သော အစာအာဟာရဖြစ်ပြီး လေဖြတ်ခြင်းကိုပင် ကာကွယ်နိုင်သည်ဟုဆိုသည်။

ကြက်သွန်အနီရော အဖြူပါ မြန်မာလူမျိုးတို့၏ နေ့စဉ်မပါမဖြစ်သော မီးဖိုချောင်အသုံးအဆောင်ဖြစ်သည်။ သို့သော် ကြော်လှော်စားကြသည်ကများသဖြင့် ပိန်စေသောအာနိသင်မရခြင်းဖြစ်သည်။ အဆီပို ကိုလက်စထရောကျစေလိုသော ရည်ရွယ်ချက်ဖြင့် စားသုံးမည်ဆိုလျှင် ခပ်ပါးပါးလှီးပြီး လေသလပ်ခံထားကာ အချဉ်အနည်းငယ်ညှစ်ပြီး စားသုံးပေးပါက အဆီကျနိုင်သည်ဟု သုတေသနပြုသူများက ဆိုထားသည်။

ဟင်းသီးဟင်းရွက်မျိုးစုံကို နေ့စဉ်မှန်မှန်စားသုံးပေးပါ။ အသားစားချင်လျှင် အသီးအရွက်တို့နှင့်ရော၍ ကြော်ချက်စားပါ။ နေ့စဉ် အသီးအရွက်စားခြင်းဖြင့် သဘာဝဗီတာမင်ဓာတ်များရရှိကာ အဆီကျပြီး အသားကျစ်စေသည်ဟု ဆိုပါသည်။

ထမင်းရည်သည် ရှေးက မြန်မာတို့၏ အာဟာရဖြစ်သည်။ အထူးသဖြင့် တောင်သူလယ်သမားတို့သည် ထမင်းကို အရည်ငှဲ့ချက်မှ စားကောင်းသည်ဟု ထင်ကြသည်။ ထို့ပြင် ဦးစွာ ပွက်လာသောထမင်းရည်ကိုငှဲ့ယူပြီး ဆေးဖက်ဝင်အဖြစ် သောက်သုံးလေ့ရှိကြသည်။ ရှေးကမြန်မာကလေးတိုင်း ထမင်းရည်နှင့်မကင်းဘဲ ကြီးပြင်းလာခြင်းဖြစ်သည်။

ယခုခေတ်တွင် ထမင်းပေါင်းအိုးများဖြင့် အလွယ်တကူချက်ပြုတ်ကြသဖြင့် ထမင်းရည် မရနိုင်တော့ပေ။ အကယ်၍ ထမင်းပေါင်းအိုးမှဦးရည်ကို ရယူလိုလျှင် ရေအနည်းငယ်ပိုထည့်ချက်ပါ။ ပေါင်းအိုးတွင် ပွက်ပွက်ဆူသောအခါ လက်ဖက်ရည်ပန်းကန်နှစ်လုံးစာမျှ ထမင်းပေါင်းရည်ကို ဇွန်းဖြင့်ခပ်ယူပါ။ ဤနည်းဖြင့် ထမင်းပေါင်းဦးရည်ကို ဆားအနည်းငယ်ခတ်ပြီး နေ့စဉ်သောက်သုံးပေးလျှင် အဆီကျစေနိုင်သည်။

ပိန်လိုသူများသည် နံနက်စောစောထ၍ ရေနွေးပူပူရည်ရောသောက်လျှင်လည်း ပိန်နိုင်သည်ဟု ညွှန်ပြရေးသားထားသည်။ ဤနည်းသည် မြန်မာလူမျိုးတိုင်း ဆင်းရဲချမ်းသာမရွေး အိမ်တိုင်းတွင် အလွယ်တကူပြုလုပ်နိုင်သော ပိန်ဆေးနည်းဖြစ်သည်။ နေ့စဉ်မှန်မှန် တစ်လခန့်ပြုလုပ်ကြည့်လျှင် သိနိုင်သည်။ သတိပြုရန်မှာ အဆီကျစေရန် နံနက်ထသောက်သောပျားရည်သည် ပျားရည်အသစ် (တစ်နှစ်မကျော်သေးသောပျားရည်) ဖြစ်လျှင် ပို၍ကောင်းသည်။

ရေနွေးကြမ်း တစ်နည်းအားဖြင့် လက်ဖက်ခြောက်ခတ်ထားသောအဖန်ရည်ကို အနောက်တိုင်းသုတေသီများက Green Tea ဟု ရေးသားကြသည်။ လက်ဖက်ခြောက် ရွက်သစ်နုကလေးများကို မီးပြင်းပြင်းအပူပေးပြီး ရိုးရာနည်းဖြင့် အခြောက်ခံထားသော လက်ဖက်ကို ရေနွေးဆူဆူတွင် ခတ်လိုက်သောအခါ အရွက်စိမ်းများမှ စိမ်းဖန့်ဖန့်အရည်များထွက်လာသည်။ မြန်မာလက်ဖက်ခြောက်အတော်များများမှာ နီရဲရဲအရောင်များထွက်သဖြင့် Green Tea နှင့်မတူပေ။ တချို့မှာ ဆိုးဆေးကြောင့် အလွန်နီရဲနေတတ်သဖြင့် မသောက်သင့်ပေ။ တရုတ်၊ ဂျပန်၊ တရုတ်(တိုင်ပေ)နှင့် အရှေ့တောင်အာရှနိုင်ငံများတွင် ဥရောပလောက် အစာအိမ်ကင်ဆာနှင့် အူမကြီးကင်ဆာ အဖြစ်မများရခြင်းမှာ ရေနွေးကြမ်း (Green Tea) ကြောင့်ဖြစ်သည်ဟု သုတေသနဆေးပညာရှင်များက ခန့်မှန်းကြသည်။

ရေနွေးကြမ်းအဖန်ရည်ဖြင့် အဆီကျစေနိုင်သည်။ သို့သော်လည်း အဖန်မှာ ချုပ်သောသတ္တိရှိသဖြင့် ဝမ်းချုပ်၊ လေချုပ်၊ အစားပျက်ဖြစ်တတ်သည်။ လိပ်ခေါင်းရှိသူများဆိုလျှင် အဖန်ရည်နှင့်မတည့်ပေ။ ထို့ကြောင့်ပင် ရှေးမြန်မာလူကြီးများ လက်ဖက်ရည်ကြမ်းဝိုင်းတွင် ဆားကိုကျက်အောင်လှော်ထားသော ဆားလှော်ဘူးလေး ပါလေ့ရှိသည်။ ရေနွေးကြမ်း အသောက်များလာသောအခါ ဆားလှော်အနည်းငယ်ထည့်သောက်သည့် ဓလေ့ရှိသည်။ လေမချုပ်၊ ဝမ်းမချုပ်စေရန် ဆားလှော်က အဖန်ကိုဖျက်ပေးသည်။ ယခုခေတ်တွင် ဆရာဝန်များက ဆားကို သွေးတိုးသည်ဟု ရှောင်ခိုင်းကြသဖြင့် ရေနွေးကြမ်းဝိုင်းတွင် ဆားလှော်ဘူးထားသောဓလေ့မှာ ပျောက်ကွယ်သွားပြီဖြစ်သည်။

အမှန်တကယ် ရေကို ကျွက်ကျွက်ဆူအောင်အပူပေးပြီး အအေးခံသော ရေကျက်အေးကို သောက်လျှင်ပင် လူကိုပိန်စေသောသတ္တိရှိသည်။ ကုန်းဘောင်ခေတ်နှောင်းပိုင်းက ယောအတွင်းဝန် ဦးဘိုးလှိုင်ပြုစုသော ဥတုဘောဇနသင်္ဂဟကျမ်းတွင်ပင် ရေအမျိုးမျိုးအကြောင်း ဖော်ပြထားရာ သဘာဝရေသည် လူကိုဝဖြိုးစေသောသတ္တိရှိသည်ဟု ဆိုထားသည်။ ဆူပွက်အောင်ကျိုထားပြီး အအေးခံထားသောရေသည် လူကိုပိန်စေသောသတ္တိရှိသည်။

လက်ဖက်ခြောက်ခတ်သော ရေနွေးအဖန်ရည်သည် လူကိုကောင်းကျိုးပြုသည်။ အဝလွန်ခြင်းကိုလည်း တားဆီးပေးနိုင်သည်။ သို့သော် တစ်ရက်လျှင် ကော်ဖီခွက်နှစ်ခွက်၊ သုံးခွက်ထက် ပိုသောက်လျှင် ဝမ်းချုပ်ခြင်း၊ လေချုပ်ခြင်း၊ စမြင်းခံခြင်း စသောဆိုးကျိုးအနည်းငယ်မျှ ရှိနိုင်သည်ကို သတိချပ်သင့်ပေသည်။ ဆေးဖက်ဝင်သောအရာတိုင်းတွင် တန်ဆေး၊ လွန်ဘေး သတိရှိသင့်သည်။

ရေအေးသောက်လျှင် ဝသည်။ ရေနွေးကြမ်း သို့မဟုတ် လက်ဖက်စိမ်းရည် (Green Tea) သောက်လျှင် ပိန်စေသည်၊ အဆီကျစေသည်ဟူသောအယူအဆများနှင့်ပတ်သက်၍ ရှင်းလင်းစွာသိရှိစေရန် တင်ပြလိုက်ရပါသည်။ ။

⊃ ကျောဖုံးမှအဆက်
တင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်း (၇၈)မျိုး၊ လူသုံးကုန်ပစ္စည်း (၂၂)မျိုး၊ စားသောက်ကုန်ပစ္စည်း (၂၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၂၅၆၇၅၅၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck (၁)စီး၊ Mitsubishi Fuso Truck (၁)စီး၊ Dong Feng Tractor Head (၂)စီး၊ Cheng Long Tractor Head (၁)စီး၊ Faw Tractor Head (၁)စီး၊ Howo Sino Tractor Head (၁)စီး၊ Nissan Diesel Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၆)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ဘားအံမြို့ ခရဲကမ်းနားကျေးရွာအနီး၌ မော်တော်ယာဉ်(၇)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၄၈)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၂၄)မျိုး၊ စားသောက်ကုန်ပစ္စည်း(၁၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၅၈၉၉၅၂၆)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး၊ Hino Profia Truck (၁)စီး၊ Hino Ranger Truck (၁)စီး၊ Mitsubishi Fuso Tractor Head (၂)စီး၊ Hino Profia Tractor Head (၁)စီး၊ Nissan Diesel Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၄)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ဘားအံမြို့နယ်၊ ဝါးဘိုးတော-ဒုံသမိကားလမ်းအနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁၅)မျိုး၊ စားသောက်ကုန်ပစ္စည်း(၉)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁၈၀၉၃၁၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၄၀၂၈၆၃၈၆)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် **စက်တင်ဘာလ ၅ ရက်**တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဟိုပုံးမြို့နယ်အတွင်း၌ မော်တော်ယာဉ် (၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၉)မျိုး၊ စားသောက်ကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၀၃၁၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Yutong Bus (၁)စီး၊ Canter Truck (၁)စီး၊ Isuzu Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၀၀၀၀၀၀)ကိုလည်းကောင်း၊ လွိုင်လင်မြို့နယ်၊ ချိုခမ်းကျေးရွာရှိ နေအိမ် (၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၄)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၂၁၀၀၀၀)လည်းကောင်း၊ အေးသာယာမြို့၊ ရပ်ကွက်(၃)ရှိ ဂိုဒေါင် (၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁၁)မျိုး၊ လူသုံးကုန်ပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၂၄၀၀၀၀)ကိုလည်းကောင်း၊ တောင်ကြီးမြို့၊ ပလီလင်းကျေးရွာ၊ တောင်ကြီးဇလဲသွားကားလမ်းအနီးရှိ ဂိုဒေါင်(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၃၅၈၅၀၀၀၀)ကိုလည်းကောင်း၊ တောင်ကြီးမြို့၊ မိုင်းပွန်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် (၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၂)မျိုး၊ စားသောက်ကုန်ပစ္စည်း (၂)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၂၇၅၂၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Succed (၁)စီး၊ Toyota Dyna (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၀၀၀၀၀၀)ကိုလည်းကောင်း၊ တောင်ကြီးမြို့၊ မြို့အဝင်ဂိတ်၌ မော်တော်ယာဉ် (၁)စီးပေါ်မှ လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၁၃၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Faw Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၉၀၇၄၃၆၂၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် **စက်တင်ဘာလ ၅ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ တကောင်းရပ်ကွက်၊ ရတနာပုံပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ် (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ စားသောက်ကုန်ပစ္စည်း (၃၀)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၁၂၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၁၂၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **စက်တင်ဘာလ ၅ ရက်**တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးမြို့၊ အနောက်မြို့ရှောင်လမ်းအနီး၌ မော်တော်ယာဉ် (၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁၀)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၅၇၅၀)နှင့်အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Canter Truck (၁)စီး၊ SKAT Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၂ ဒသမ ၅၀၀)တန်၊ သစ်မာ(သုည ဒသမ ၉၃၅)တန်၊ အခြားသစ် (၄ ဒသမ ၂၇၃)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၁၇၈၆၄)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၆၃၆၁၄)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် **စက်တင်ဘာလ ၃ ရက်**နေ့တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လှည်းကူးမြို့၊ ရန်ကုန်-မန္တလေး အမြန်လမ်းအနီး၌ မော်တော်ယာဉ် (၂)စီးပေါ်မှ တရားမဝင်ကျွန်းသစ်(၁ ဒသမ ၆၂၀)တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၆၃၀၄)နှင့် အဆိုပါသစ်များတင်ဆောင်လာသည့် Mitsubishi Delica (၁)စီး၊ Toyota Lightace (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၄၂၆၃၀၄)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် **စက်တင်ဘာလ ၃ ရက်**နေ့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ (၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၇)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၃၀၄၀၀၀၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ (၃)လုံးအတွင်းမှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး၊ လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၆၇၉၈၉၄၉)ကိုလည်းကောင်း၊ ကော့သောင်းမြို့၊ တော်ဝင်ဆိပ်ကမ်းတံတား၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၅၂၄၈၈၀၂)ကိုလည်းကောင်း၊ တာချီလိတ်မြို့နယ်၊ ဝမ်လုံရွာရှိ ခြံဝင်းတစ်ခုအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၁၇၄၀၀၀၀)ကိုလည်းကောင်း၊ ရှောင်ခရိုင်၊ မြို့ကြီးအနီး၌မော်တော်ယာဉ်(၇)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၆၅)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၄၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၃၉၄၈၁၉၈)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၃)စီး၊ Hino Profia Truck (၁)စီး၊ Nissan Diesel Truck (၁)စီး၊ Cheng Long Tractor Head (၁)စီး၊ Nissan Diesel Tractor Head (၁)စီးနှင့် နောက်တွဲယာဉ်(၂)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၄၀၀၀၀၀၀)ကိုလည်းကောင်း၊ မုတ္တမဆိပ်ကမ်း(ရွှေပြည်သာ)၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့်ရေယာဉ် (၁)စင်းပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၅၃)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၅၀)မျိုး၊ စားသောက်ကုန်ပစ္စည်း(၇)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉၈၂၆၈၈၈၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် M.V Shwe Kain Nayi ရေယာဉ် (၁)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၆၃၀၄၄၈၂၉)**ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်၊ ၄ ရက်နှင့် ၅ ရက်နေ့တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၃၃)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၆၅၂၅၄၇၅၃)**ကို ဖမ်းဆီးရမိခဲ့ပါသည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့်၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ **မြဝတီ**





## သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

**ပျောက်ဆုံးကြောင်း**
ကျောက်တံတားမြို့၊ အမှတ်(၃)ရပ်ကွက်၊ ၃၅ လမ်း၊ မ-၁၇၈ နေ လင်ချင်းရှုန်(ခ)သိန်းမြင့်(ဘ)ဦးလင်ကျင်ပေါ်(ခ)ကျင်မောင်၁၂/ကတတ(နိုင်)၀၂၅၂၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၉၈၈၇၂၉၈

**ပျောက်ဆုံးကြောင်း**
ကျောက်တံတားမြို့၊ အမှတ်(၅)ရပ်ကွက်၊ ၃၇ လမ်း၊ မ-၁၆၆ နေ MARK MUI CHWEE (ဘ)MARK KOK CHUNG ၁၂/ကတတ(ပြု)၀၀၀၈၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၉၈၈၇၂၉၈

**ပျောက်ဆုံးကြောင်း**
ဖြူးမြို့နယ်နေ ဇင်နွဲ့ဦး(ဘ)ဦးဝင်းထွန်း ၇/ဖမန(နိုင်)၂၄၁၀၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 653412)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဝင်းကိုကို(ဘ)ဦးဝင်းရွှေ ၇/ရကန(နိုင်)၁၀၄၃၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
သီတာအေး(ဘ)ဦးတင့်လွင် ၇/ဒဥန(နိုင်)၁၁၅၉၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ရဲလင်းအောင်(ဘ)ဦးသန်းညွန့် ၁၂/မဂဒ(နိုင်)၁၄၆၈၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မောင်သန်းဦး(ဘ)ဦးအဗ္ဗဒူလတမ်ခန့် ၁၂/ပဘတ(နိုင်)၀၃၀၂၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ချမ်းမြေ့ခိုင်(ဘ)ဦးစိုးလွင် ၇/ကဝန(နိုင်)၁၄၅၅၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
တင်တင်လှ(ဘ)ဦးအုန်းမြင့် ၇/ပမန(နိုင်)၁၅၃၅၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မေသူစိုး(ဘ)ဦးခင်မောင်စိုး ၁၂/ဒဂမ(နိုင်)၀၁၂၀၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁


**ပျောက်ဆုံးကြောင်း**
ရီရီသန့်(ဘ)ဦးခင်မောင်သန်း ၁၂/ဒလန(နိုင်)၀၄၁၇၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဗိုလ်ဗိုလ်ပိုင်(ဘ)ဦးမိုးဝေ ၈/ဆပဝ(နိုင်)၀၇၁၄၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁


အရည်အသွေးမြင့်စားသောက်ကုန်များအပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိလက်လီလက်ကားဝယ်ယူရရှိနိုင်ပါသည်။
STARMART nine mile Showroom
၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Mandalay Wholesale
၂၆ လမ်း နှင့် ၆၆ လမ်းထောင့် မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
KHA YAE PIN MART
Lemon Tea
PYIN OO LWIN
NAN MYAING
2+1 coffee
SUGARMEC


"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း"
NAY PYI TAW
STARMART Nay Pyi Taw
ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
NAYPYITAW


Quality For You
VEGA
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
VEGA
Quality For You
အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ
သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့
ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၃၁


AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
Lpm
LANN PYI MARINE
COMPANY LIMITED
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com

❖ **တပ်မတော်သည် ပြည်သူလူထုမှပေါက်ဖွားလာသော ပြည်သူ့တပ်မတော်ဖြစ်ပြီး နိုင်ငံတော်ကိုကာကွယ်ရန် အစွမ်းကုန်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တပ်မတော်နှင့် ပြည်သူတစ်သားတည်းရပ်တည်မှုသည် နိုင်ငံတော်ကာကွယ်ရေးအတွက် အခြေခံပံ့ပိုးမှု တစ်ရပ်ဖြစ်ပါသည်။...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင်ကျရောက်သော (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ တရားမဝင် ကုန်ပစ္စည်းတင်ရေယာဉ်နှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ






ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။







အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

**နေပြည်တော် စက်တင်ဘာ ၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **စက်တင်ဘာလ ၄ ရက်နေ့**တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့၊ သာယာကုန်းကျေးရွာအနီး၌ မော်တော်ယာဉ်(၈)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား **စာမျက်နှာ ၂၇ ကော်လံ ၁ ⊃**

## နေရာကွက်၍မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၇**

မကွေးတိုင်းဒေသကြီးနှင့်ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ဧရာဝတီတိုင်းဒေသကြီးနှင့်ကရင်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

## ရေကြီးမှုအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၇**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၂ လက်မခန့်ကျော်လွန်နေပြီး နောက် ၃၆ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

## မှတ်သားဖွယ်ရာမိုးရေချိန်များ

၇-၉-၂၀၂၅

| | | | | |
|---|---|---|---|---|
| မချမ်းဘော့ | ၅ | ဒသမ | ၀၀ | လက်မ |
| သာစည် | ၄ | ဒသမ | ၅၃ | လက်မ |
| မုဒုံ | ၂ | ဒသမ | ၉၁ | လက်မ |
| မလှိုင် | ၂ | ဒသမ | ၈၃ | လက်မ |
| ရွှေကျင် | ၁ | ဒသမ | ၉၇ | လက်မ |
| မဒေါက် | ၁ | ဒသမ | ၈၈ | လက်မ |
| ကော့သောင်း | ၁ | ဒသမ | ၈၈ | လက်မ |
| ဖောင်းပြင် | ၁ | ဒသမ | ၇၇ | လက်မ |
| ကျိုက္ခမီ | ၁ | ဒသမ | ၇၃ | လက်မ |
| နေပြည်တော် | ၁ | ဒသမ | ၆၂ | လက်မ |

(ဥတ္တရသီရိမြို့နယ်)

## အနီရောင်လွှမ်းသည့် လအပြည့်ကြတ်မှုဖြစ်စဉ်ကို ကမ္ဘာ့လူဦးရေ ၈၅ ရာခိုင်နှုန်းက မြင်တွေ့ရ

စာ - ၂၃ သို့

## ထိုင်းဘုရင်က အာနူတင်ချန်ဝီရာကူကို ဝန်ကြီးချုပ်အဖြစ် ထောက်ခံအတည်ပြုခန့်အပ်

စာ - ၂၃ သို့

OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la







Phone; 09973037364(Office), 09971922346(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar